# ယဉ်ကျေးလိမ္မာ
# မျိုးဆက်သစ်ရတနာ

( အခြေခံအဆင့် )

# ယဉ်ကျေးလိမ္မာ

# မျိုးဆက်သစ်ရတနာ

## ( အခြေခံအဆင့် )

၁၃၇၆ ၂၀၁၄

# ပုံနှိပ်မှတ်တမ်း

၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ
ပထမအကြိမ်

ရန်ကုန်မြို့၊ ကမ္ဘာအေး၊ သာသနာရေးဝန်ကြီးဌာန
သာသနာရေးဦးစီးဌာန၊ ကမ္ဘာအေးစာပုံနှိပ်တိုက်၌
ညွှန်ကြားရေးမှူး ဦးဝင်းထင်အောင်
မှတ်ပုံတင်အမှတ် (၀၃၈၄၃/၀၂၄၀၅)က
ပုံနှိပ်ထုတ်ဝေသည်။

# ယဉ်ကျေးလိမ္မာ မျိုးဆက်သစ်ရတနာ

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | အမှာစာ | က |

**အခန်း (၁)**

| | | |
|---|---|---|
| ၂။ | **သားကောင်းသမီးကောင်းရတနာ ကျင့်စဉ်အဖြာဖြာ** | |
| | - သားကောင်းသမီးကောင်းရတနာ | ၁ |
| | - အကျင့်ပညာအသိကောင်းဖို့ | ၁ |
| | - ယဉ်ကျေးလိမ္မာမျိုးဆက်သစ်ရတနာ | ၂ |
| | - သတ္တိဗျတ္တိဖြည့်ကျင့်ပါ | ၃ |
| | - ဘဝအောင်မြင်နည်း | ၃ |
| | - လူတော်လူကောင်းဖြစ်ဖို့ | ၄ |
| | - ယဉ်ကျေးလိမ္မာ ကျင့်ရာအဖြာဖြာ | ၅ |

**အခန်း (၂)**

| | | |
|---|---|---|
| ၃။ | **လူမှုရေးရာ ကျင့်ဝတ်အဖြာဖြာ** | |
| | - သားသမီးကျင့်ဝတ် (၅) ပါး | ၉ |
| | - မိဘကျင့်ဝတ် (၅) ပါး | ၉ |
| | - တပည့်ကျင့်ဝတ် (၅) ပါး | ၉ |
| | - ဆရာကျင့်ဝတ် (၅) ပါး | ၉ |
| | - လင်ကျင့်ဝတ် (၅) ပါး | ၁၀ |

## မာတိကာ


| စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| | - မယားကျင့်ဝတ် | (၅) ပါး | ၁၀ |
| | - မိတ်ဆွေကျင့်ဝတ် | (၅) ပါး | ၁၀ |
| | - နာယကဂုဏ် | (၆) ပါး | ၁၀ |
| | - နာယကမထိုက်သူ | (၆) ဦး | ၁၀ |
| | - ကျေးရူးမမေ့အပ် ကျေးရူးဆပ် | | ၁၁ |

**အခန်း (၃)**

| | | | |
|---|---|---|---|
| ၄။ | **ကောင်းကျိုးပွားရာ မြတ်မင်္ဂလာ** | | |
| | - သုံးဆယ့်ရှစ်ဖြာ မင်္ဂလာ | | ၁၃ |
| | - ပေါင်းသင်းဆက်ဆံရေးမင်္ဂလာ | (၃) ပါး | ၁၄ |
| | - နေထိုင်ရေးမင်္ဂလာ | (၃) ပါး | ၁၅ |
| | - သင်ကြားရေးမင်္ဂလာ | (၄) ပါး | ၁၆ |
| | - ပြုစုလုပ်ကျွေးရေးမင်္ဂလာ | (၃) ပါး | ၁၆ |
| | - ကူညီဆောင်ရွက်ရေးမင်္ဂလာ | (၄) ပါး | ၁၇ |
| | - ရှောင်ကြဉ်လိုက်နာရေးမင်္ဂလာ | (၄) ပါး | ၁၇ |
| | - စိတ်ထားဖြူစင်မြင့်မားရေးမင်္ဂလာ | (၅) ပါး | ၁၈ |
| | - သည်းခံခြင်းမင်္ဂလာ | (၄) ပါး | ၁၉ |
| | - ငြိုးငြံခြင်းမင်္ဂလာ | (၄) ပါး | ၁၉ |
| | - စိတ်ထားခိုင်မာရေးမင်္ဂလာ | (၄) ပါး | ၂၀ |
| | - မင်္ဂလာအကျိုး | | ၂၁ |

## မာတိကာ

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |

### အခန်း(၄)


၅။ **ဆင်းရဲဖြစ်စေသောအကြောင်းများ**

- ဥစ္စာပျက်ကြောင်း (၆) ပါး ၂၃
- အရက်သောက်ခြင်းအပြစ် (၆) ပါး ၂၃
- အချိန်အခါမဲ့သွားခြင်းအပြစ် (၆) ပါး ၂၃
- ပွဲလမ်းသဘင်သွားခြင်းအပြစ်(၆) ပါး ၂၃
- လောင်းကစားခြင်းအပြစ် (၆)ပါး ၂၄
- မိတ်ဆွေပျက်ကြောင်း (၆)ပါး ၂၄
- ပျင်းရိခြင်းအပြစ် (၆)ပါး ၂၄
- မိတ်ဆွေတု(၄)မျိုး ၂၄
  - ကိုယ်ကျိုးသာငဲ့သော မိတ်ဆွေတု (၄)မျိုး ၂၅
  - နှုတ်ဖြင့်သာဟန်ဆောင်သော မိတ်ဆွေတု (၄)မျိုး ၂၅
  - ချစ်ဖွယ်ကိုဆိုတတ်သော မိတ်ဆွေတု (၄)မျိုး ၂၅
  - ယုတ်မာမှုတွင်အဖော်ညှိသောမိတ်ဆွေတု(၄)မျိုး ၂၆
- **ပျက်စီးခြင်းအကြောင်းများ**
  - ဆုတ်ယုတ်ပျက်စီးကြောင်း (၁၂)ပါး ၂၆
  - သူယုတ်မာဖြစ်ကြောင်းများ ၂၈

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | **အခန်း (၅)** | |
| ၆။ | **ချမ်းသာဖြစ်စေသောအကြောင်းများ** | |
| | - **မိတ်ဆွေစစ်(၄)မျိုး** | |
| | -ကျေးဇူးရှက်ဆောင်သူမိတ်ဆွေစစ်(၄)မျိုး | ၃၁ |
| | -ဆင်းရဲမကွာ၊ချမ်းသာမပစ်သူမိတ်ဆွေစစ်(၄)မျိုး | ၃၂ |
| | -အကျိုးစီးပွားကို ပြောကြားတတ်သူ မိတ်ဆွေစစ်(၄)မျိုး | ၃၂ |
| | -အစဉ်ငဲ့ညှာတတ်သူ မိတ်ဆွေစစ် (၄)မျိုး | ၃၂ |
| | - အောင်မြင်ကြီးပွားကြောင်းကျင့်စဉ်(၄)မျိုး | ၃၃ |
| | - ဥစ္စာပစ္စည်းသုံးဆောင်နည်းကျင့်စဉ်(၄)မျိုး | ၃၃ |
| | - စည်းရုံးအောင်မြင်နည်းကျင့်စဉ် (၄)မျိုး | ၃၄ |
| | **အခန်း (၆)** | |
| ၇။ | **လောကလူ့ရွာ ကျင့်စရာအဖြာဖြာ** | |
| | - ပျင်းရိသူ ဘာမျှမရနိုင် | ၃၅ |
| | - အတတ်ပညာနှင့်တူသောဥစ္စာမရှိ | ၃၅ |
| | - အကြားအမြင်ဗဟုသုတကို နည်းသည်ဟု မမှတ်ရာ | ၃၅ |
| | - တစ်ခုပညာ ကုန်စင်အောင်တတ်ဖို့ကြိုးစားပါ | ၃၆ |

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | - ပညာရှိ နေထိုင်ရာအရပ်သို့သွားပါ | ၃၆ |
| | - မိမိလက်၌ရှိသော ဥစ္စာနှင့်အတတ်ပညာသာ တန်ဖိုးရှိ | ၃၆ |
| | - အမျိုးယုတ်မြတ်ကို သိနိုင်မှု | ၃၆ |
| | - ပညာမရှိ သူ၏အစေအပါး | ၃၇ |
| | - မိဘတစ်လည်ရန်သူမည်၏ | ၃၇ |
| | - ဖတ်မှတ်လေ့လာခြင်းအကျိုး | ၃၈ |
| | - မရှိနိုင်သောအရာများ | ၃၈ |
| | - ယောက်ျားရှုန်းနှင့်တူသူ | ၃၈ |
| | - လျှာနှင့်တူသူ | ၃၈ |
| | - ပညာရှိတို့ ထင်ရှားမပြရာ | ၃၉ |
| | - သူရူးနှင့်တူသူ | ၃၉ |


### အခန်း (၄)


| | | |
|---|---|---|
| ၈။ | **ကံ ကံ၏ အကျိုး** | |
| | - ကံအမျိုးအစားများ | ၄၁ |
| | - ကံ၏အကျိုးယုံကြည်မှု | ၄၁ |
| | - ကံ၏ အစွမ်းသတ္တိ | ၄၂ |
| | - ကောင်းမှုကံသဘော | ၄၂ |

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | - မကောင်းမှုကံသဘော | ၄၃ |
| | - ကံ၏နိယာမ | ၄၃ |
| | - ကံအကျိုးပြလက်ာ | ၄၄ |
| | - **မကောင်းမှု ဒုစရိုက်တရားများ** | |
| | -ကိုယ်ဖြင့်ပြုသော မကောင်းမှုအလုပ် (၃)မျိုး | ၄၅ |
| | -နှုတ်ဖြင့်ပြောသော မကောင်းမှုအလုပ် (၄)မျိုး | ၄၅ |
| | -စိတ်ဖြင့်ကြံစည်သောမကောင်းမှုအလုပ်(၃)မျိုး | ၄၅ |
| | -ဒုစရိုက်အပြစ်ပြ လက်ာ | ၄၆ |
| | - **ကောင်းမှုသုစရိုက်တရားများ** | |
| | -ကိုယ်ဖြင့်ပြုသောကောင်းမှုကံ (၃)မျိုး | ၄၆ |
| | -နှုတ်ဖြင့်ပြောသောကောင်းမှုကံ (၄)မျိုး | ၄၇ |
| | -စိတ်ဖြင့်ကြံစည်သောကောင်းမှုကံ(၃)မျိုး | ၄၇ |
| | -လောကဉ္စ ပြုထိုက်သော ကောင်းမှု အမျိုးအစားများ | ၄၇ |

**အခန်း (၈)**

| | | |
|---|---|---|
| ၉။ | **ကံ ဉာဏ် ဝီရိယ ညီညွတ်မျှတမှု** | |
| | - ထိပ်တန်းရောက်လိုလျှင် | ၅၀ |
| | - ကံဉာဏ်ဝီရိယဆိုင်ရာမှတ်သားဖွယ်စကားပုံများ | ၅၁ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|

## အခန်း (၉)

၁၀။ **စကားဆိုင်ရာ မှတ်သားဖွယ်**
- စကားအရာ အင်္ဂါ (၅)တန် ၅၃
- စကားပြောရာ လိုက်နာသင့်သောအချက်များ ၅၃
- စကား (၆) ခွန်း ၅၄
- ဆက်ဆံစကား မှတ်ဖွယ်(၆)ပါး ၅၄
- စကားဆိုင်ရာ မှတ်သားဖွယ်စကားပုံများ ၅၅
- ကာလာမသုတ်အနှစ်ချုပ် ၅၅
- **ဝစီဘေဒ ထိတိုင်းရှု**
  - ဝစီဘေဒ(၄)မျိုး ၅၉
- **ဝစီဘေဒ ထိတိုင်းရှု အပြစ်ပြသာဓကများ**
  - ဂေါတမဘုရားရှင် ဒုက္ကရစရိယာခြောက်နှစ် ကျင့်ခဲ့ရသည့် ဝစီကံဝဋ်ကြွေး ၆၀
  - စိဉ္စမာဏဝိကာ အစွပ်စွဲခံရမှုဝစီကံဝဋ်ကြွေး ၆၀
  - မုဃောဆွမ်းကြမ်း ဘုဉ်းပေးရသောဝစီကံ ဝဋ်ကြွေး ၆၁
  - ပိတ်ချင်းသီးသည်၏ ဝစီကံဝဋ်ကြွေး ၆၂
  - သုပ္ပဗုဒ္ဓ လူနူဖြစ်ရသော ဝစီကံဝဋ်ကြွေး ၆၂
  - နူနာစွဲကပ်ခံရသော သမိတိဂုတ္တမထေရ်၏ ဝစီကံဝဋ်ကြွေး ၆၃

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| | - မျောက်ညိုဖြစ်သွားရသော ဝေဿကာရ ပုဏ္ဏားၡ ဝစီကံဝဋ်ကြွေး | ၆၃ |
| | - အမ္ဗပါလီ ပြည့်တန်ဆာမ ဖြစ်ရမှု ဝစီကံ ဝဋ်ကြွေး | ၆၄ |
| | - ခုဇ္ဇုတ္တရာ၏ ဝစီကံဝဋ်ကြွေး | ၆၅ |
| | **အခန်း (၁၀)** | |
| ၁၁။ | **ဒါနအကျိုး** | |
| | - ဒါန | ၆၇ |
| | - ဒါန (၂)မျိုး | ၆၇ |
| | - စေတနာ(၃)တန် | ၆၇ |
| | - အလှူ၏သဘော | ၆၈ |
| | - အလှူ၏အကျိုးပေးမှု | ၆၈ |
| | - အလှူခံပုဂ္ဂိုလ် (၁၄)ဦး | ၆၉ |
| | - အလှူခံပုဂ္ဂိုလ်အလိုက်အကျိုးပေးမှု | ၇၀ |
| | - **အလှူအမျိုးအစား (၃)မျိုး** | |
| | - အညံ့စားအလှူ | ၇၀ |
| | - အလတ်စားအလှူ | ၇၁ |
| | - အမြတ်စားအလှူ | ၇၁ |

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| | - **အနည်းငယ်မျှသောအလှူဖြင့် ကြီးမားသော အကျိုးရရှိပုံပြ သာဓကများ** | |
| | - ဆီမီးရှင်နတ်သမီး | ၇၂ |
| | - နှမ်းအလှူရှင် ဗိမာန်ရှင်နတ်သမီး | ၇၃ |
| | - ထမင်းချိုးလှူခဲ့သော ဗိမာန်ရှင်နတ်သမီး | ၇၄ |
| | - ဝိသာခါကျောင်းအလှူ သာဓုခေါ်သူ ဗိမာန်ရှင်နတ်သမီး | ၇၄ |
| | - သပွတ်ခါးပွင့်အလှူရှင် ရွှေဝါရောင် နတ်သမီး | ၇၅ |
| | - ဆွမ်းအလှူရှင် ဗိမာန်ရှင်နတ်သား | ၇၆ |
| | - မုယောမုန့်အလှူရှင် ဗိမာန်ရှင်နတ်သား | ၇၆ |
| | - တံတားဆောက်အလှူရှင် ဗိမာန်ရှင်နတ်သား | ၇၇ |
| | - ရေအလှူရှင် ဗိမာန်ရှင်နတ်သား | ၇၈ |
| | **အခန်း(၁၁)** | |
| ၁၂။ | **သီလအကျိုး** | |
| | - သီလ | ၇၉ |
| | - သီလ၏အကြောင်းခံ (၂) ပါး | ၇၉ |
| | - သီလအမျိုးအစား (၂) ပါး | ၇၉ |
| | - ဆောက်တည်အပ်သော သီလအမျိုးအစားများ | ၈၀ |

# မာတိကာ

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| - | သီလအမျိုးအစား (၃)မျိုး | ၈၁ |
| - | သီလအကျိုး | ၈၁ |
| - | အမြတ်စားဥပုသ် အမျိုးအစား | ၈၂ |
| - | အညံ့စားဥပုသ် အမျိုးအစား | ၈၂ |
| - | ငါးပါးသီလ အပြစ်ပြလင်္ကာ | ၈၃ |
| - | **သီလအကျိုးပြသာဓကများ** | |
| | -ကောရဗျမင်းနှင့်ပြည်သူများ၏သီလ စောင့်ထိန်းမှု | ၈၅ |
| | -ဓမ္မပါလရွာသားများ၏ သီလစောင့်ထိန်းမှု | ၈၆ |
| | -သီလရက္ခိတလုလင်၏ သီလစောင့်ထိန်းမှု | ၈၆ |
| | -ဒိသာပါမောက္ခဆရာကြီး၏ သီလစမ်းသပ်မှု | ၈၇ |
| | -သီလရှိသူကိုသာ သတို့သား ရွေးချယ်မှု | ၈၈ |
| - | **ဥပုသ်သီလ စောင့်ထိန်းသူတို့၏ အကျိုးပြသာဓကများ** | |
| | -ဥပုသ်တစ်ကြိမ်စောင့်ရုံမျှဖြင့် ကိုးဆယ့်တစ်ကမ္ဘာ အပါယ်မလားရသူ | ၈၈ |
| | -ဥပုသ်သီလ နေ့တစ်ဝက်စောင့်ရုံမျှဖြင့် မင်းစည်းစိမ်စံစားရသူ | ၈၉ |
| | -သီလစင်ကြယ်သဖြင့် နတ်စည်းစိမ်စံစားရသူ | ၉၀ |
| - | သီလအကျိုးပြလင်္ကာ | ၉၀ |

## မာတိကာ

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|


**အခန်း(၁၂)**

၁၃။ **မေတ္တာနှင့် မေတ္တာပို့သနည်း**

- ဗြဟ္မစိုရ်တရား(၄)ပါး ၉၃
- မေတ္တာသုတ်တော်လာ မေတ္တာပွားနည်း(၁၁)နည်း ၉၄
- ဒိသာဖရဏ အရပ်ဆယ်မျက်နှာ ဖြန့်ကြက်လျက် မေတ္တာပွားနည်း ၉၅
- မေတ္တာပို့သမှုအကျိုး(၁၁)ပါး ၉၇
- နို့သာတစ်ရှူခန့်မျှ မေတ္တာပွားများရခြင်းအကျိုး ၉၈

**အခန်း(၁၃)**

၁၄။ **သစ္စာပြုခြင်းအကျိုး**

- သစ္စာ ၁၀၁
- သစ္စာ၏အရင်းခံ(၂)ပါး ၁၀၁
- သစ္စာ(၃)ပါး ၁၀၁
- သစ္စာပြုခြင်း ၁၀၂
- သစ္စာတန်ခိုး တန်ဖိုးအနန္တ ၁၀၂
- **သစ္စာအကျိုးပြသာဓကများ**
  - မိခင်သစ္စာ သားငယ်အသက်ချမ်းသာ ၁၀၃
  - မိဘတို့၏သစ္စာ သုဝဏ္ဏသာမအသက်ချမ်းသာ ၁၀၄

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|


-ရသေ့၊မိဘတို့၏သစ္စာ သားငယ်အသက်ချမ်းသာ ၁၀၅
-ဘုရားအလောင်း ငုံးမင်းသစ္စာ ၁၀၆

**အခန်း(၁၄)**

၁၅။ **ဒေါသ၏ ဆိုးကျိုး**
- ဒေါသအာဃာတ၏ သဘာဝများ ၁၀၉
- ဒေါသဖြစ်ကြောင်း(၂)ပါး ၁၀၉
- ဒေါသ၏ဆိုးကျိုး ၁၀၉
- အမျက်ပွားသူ အပြစ် (၅)ပါး ၁၁၀
- အမျက်မထားသည်းခံခြင်းအကျိုး(၅)ပါး ၁၁၀
- သည်းခံပွားများ မြတ်တရား ၁၁၁
- **သည်းခံခြင်းအကျိုးပြဝတ္ထုများ**
  - ပုဏ္ဏားဏ်ဒေါသ လက်မခံ သူ့ထံပြန် ၁၁၂
  - ရန်ကိုရန်ချင်း မတုံ့နှင်းနှင့် ၁၁၃
- နောင်တတရား(၁၀)ပါး ၁၁၄
- သင့်တင့်လျောက်ပတ်စွာ နှလုံးသွင်းခြင်း (ယောနိသောမနသိကာရ) ၁၁၇

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| | **အခန်း(၁၅)** | |
| ၁၆။ | **ကျေးဇူးတရားအစဉ်ပွား** | |
| | - အနန္တကျေးဇူး | ၁၂၁ |
| | - ကျေးဇူးပြုသူနှင့်ကျေးဇူးဆပ်သူ | ၁၂၂ |
| | - အဆွေခင်ပွန်းကောင်း | ၁၂၃ |
| | - ခင်ပွန်းကြီး(၁၀)ပါး | ၁၂၃ |
| | - ခင်ပွန်းကြီး(၁၀)ပါးမပြစ်မှားရာ | ၁၂၄ |
| | - ခင်ပွန်းကြီးပြစ်မှား ဒဏ်(၁၀)ပါး | ၁၂၅ |
| | - ခင်ပွန်းကြီး(၁၀)ပါးပူဇော်ခြင်းအကျိုး | ၁၂၆ |
| | **- ကျေးဇူးတရားသိသူနှင့် ကျေးဇူးမဲ့သူပုံပြသာဓကများ** | |
| | - အရှင်သာရိပုတ္တရာမထေရ်မြတ်ကြီး ညွှန်ပြပေးသော ကျေးဇူးတရား | ၁၂၈ |
| | - ကျေးဇူးကန်းသဖြင့် မြေမျိုခံရသူပုဏ္ဏား | ၁၃၀ |
| | - ကျေးဇူးကိုထိန်ဝှက်သဖြင့် မန္တန်ပျောက်ဆုံးသော ပုဏ္ဏားလုလင် | ၁၃၁ |
| | - တစ်လုတ်စားဖူး သူ့ကျေးဇူးကိုသိသော သူရဲကောင်း ခေင်ညို | ၁၃၃ |
| | - ကျေးဇူးသစ္စာသိသော သူရဲကောင်း ငထင်ငယ် | ၁၃၄ |

# မာတိကာ

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|

## အခန်း (၁၆)


၁၇။ **ဆုံးမစာများ**

- ရှင်မဟာရဋ္ဌသာရ ဆုံးမစာ ၁၃၇
- ရှင်မဟာသီလဝံသ ဆုံးမစာ ၁၃၈
- ကန်တော်မင်းကျောင်းဆရာတော် ဆုံးမစာ ၁၃၉
- တောင်ဖီလာဆရာတော် ဆုံးမစာ ၁၄၀
- မန်လည်ဆရာတော်(မဃဒေဝ)ဆုံးမစာ ၁၄၀
- လုံးတော်ဆရာတော် ဆုံးမစာ ၁၄၂
- ကျည်းကန်ရှင်ကြီး ဆုံးမစာ ၁၄၂
- ပထမရွှေကျင်ဆရာတော်ဘုရားကြီး ဆုံးမစာ ၁၄၃
- ဖိုးသူတော်ဦးနု ဆုံးမစာ ၁၄၅
- ညောင်ပင်သာ ဦးပုညဆုံးမစာ ၁၄၆
- စာတော်ပြင်ဆရာကြီး ဦးပညာ သားရွှေဥ ဆုံးမစာ ၁၄၇


⌘⌘⌘⌘⌘

# အမှာစာ

လွန်ခဲ့သော နှစ်ပေါင်း ၂၅၅ဝ ကျော်အချိန်မှစ၍ မြတ်ဗုဒ္ဓ၏ လူမှုရေးရာ ကျင့်ဝတ်များဖြစ်ကြသော နိုင်ငံအုပ်ချုပ်ရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးတို့ပါဝင်သော ယဉ်ကျေးမှုဆိုင်ရာ လောကီဘက်စုံ ကျင့်စဉ်များနှင့်အတူ လောကုတ္တရာကျင့်စဉ်များဖြစ်သည့် သစ္စာလေးပါး၊ မဂ္ဂင်ရှစ်ပါး ကျင့်စဉ်များလည်း မြန်မာနိုင်ငံသို့ ရောက်ရှိလာခဲ့သည်။ ထိုအချိန်မှစ၍ မြတ်ဗုဒ္ဓ၏ လောကီ လောကုတ္တရာ ကျင့်စဉ်တရားများသည် မြန်မာ့ယဉ်ကျေးမှု နယ်ပယ်အတွင်းသို့ ပျံ့နှံ့စိမ့်ဝင်လာခဲ့ပြီး မြန်မာနိုင်ငံသူ နိုင်ငံသားတို့ လက်ခံကျင့်သုံးလာခဲ့ကြသည်မှာ ယနေ့တိုင်ဖြစ်ပါသည်။

ရှေးရှေးဘိုးဘွားဘီဘင်လက်ထက်ကတည်းကပင် အမြတ်တနိုးလက်ခံလာခဲ့သော မြန်မာ့ယဉ်ကျေးမှုဖြစ်သကဲ့သို့ ယနေ့ခေတ်ကာလအထိ နည်းမျိုးစုံ အစမ်းသပ်ခံနိုင်ရည်ရှိနေသော ကျင့်စဉ်နှင့် ယဉ်ကျေးမှုများလည်း ဖြစ်ပါသည်။

အနုပညာယဉ်ကျေးမှုနှင့် ရိုးရာဓလေ့ထုံးစံယဉ်ကျေးမှုဟူ၍ နှစ်မျိုးရှိရာတွင် **အနုပညာယဉ်ကျေးမှုဆိုသည်မှာ** စာပေ၊ ဂီတ၊ သဘင်၊ ပန်းချီ၊ ပန်းပု စသည်တို့ဖြစ်ပြီး **ရိုးရာဓလေ့ယဉ်ကျေးမှုဆိုသည်မှာ** လူမျိုးတစ်မျိုး၏ အတွေးအခေါ် အယူအဆအပေါ် မူတည်၍ ကြံစည်ပြောဆို ပြုမူနေထိုင်ခြင်း ဓလေ့ထုံးစံ၊ အလေ့အထများ ဖြစ်ပါသည်။

အနုပညာ ယဉ်ကျေးမှုသည် ရိုးရာယဉ်ကျေးမှုကို အခြေခံ၍ တိုးတက်ထွန်းကားလာခြင်းဖြစ်ပါသည်။ အနုပညာယဉ်ကျေးမှုနှင့်

ရိုးရာဓလေ့ထုံးစံယဉ်ကျေးမှုတို့ ပေါင်းစပ်၍ အမျိုးသားယဉ်ကျေးမှု ဖြစ်ပေါ်လာရခြင်းဖြစ်ပါသည်။ အမျိုးသားယဉ်ကျေးမှု တိုးတက်ဖြစ်ထွန်းလာစေရေးအတွက် လူတစ်ဦးချင်းစီ၏ စာရိတ္တဆိုင်ရာ ကိုယ်ကျင့်တရားသည် အသက်သွေးကြောဖြစ်ပါသည်။ စာရိတ္တကောင်းပါက လူကောင်းလူတော်ဖြစ်၍ မိသားစုအတွက် သာမက နိုင်ငံတော်အတွက်လည်း အားထားရမည့်သူ ဖြစ်ပါသည်။ စာရိတ္တယိုယွင်းနေသူသည် မိသားစုအား တစ်စုံတစ်ရာ ဒုက္ခပေးနိုင်သကဲ့သို့ အများပြည်သူတို့အတွက်လည်း အနှောင့်အယှက် အန္တရာယ်ပေးမည့်သူ ဖြစ်ပါသည်။

လူငယ်လူရွယ်တစ်ဦး ပြုစုပျိုးထောင်ယူရမည့် ဗလငါးတန်တွင် စာရိတ္တဗလသည် အရေးကြီးဆုံး အခြေခံအကျဆုံး မဏ္ဍိုင်တစ်ခုဖြစ်ပါသည်။

ရှေးဟောင်းကမ္ဘာ့သမိုင်းဝင် ပျူခေတ်၊ သုဝဏ္ဏဘူမိ (သထုံ)ခေတ်၊ ပုဂံခေတ်မှစ၍ မြန်မာတို့သည် ဗုဒ္ဓယဉ်ကျေးမှုကို အခြေခံသော အမျိုးသားယဉ်ကျေးမှုနှင့် စာရိတ္တကျင့်စဉ်တို့ကို လက်ခံကျင့်သုံးလာခဲ့ကြပါသည်။ ထိုယဉ်ကျေးမှု အဆုံးအမများကို ပြန်လည်လေ့လာပါလျှင် အရိုင်းနှင့်အယဉ် စည်းကို ခြားနားထားကြောင်း တွေ့ရမည် ဖြစ်ပါသည်။ မည်သည့်လူမှုအဖွဲ့အစည်းမဆို အရှက်အကြောက်မရှိလျှင် မကောင်းမှု အကုသိုလ်ဒုစရိုက်များကို ဝန်မလေးဘဲ အလွယ်တကူ ပြုလုပ်တတ်ကြပါသည်။

ယဉ်ကျေးမှုနှင့်စာရိတ္တသည် လူမျိုးတစ်မျိုး၏ မျိုးရိုးဂုဏ်သိက္ခာနှင့် အမျိုးသားစရိုက်လက္ခဏာ ရှင်သန်ထွန်းကားရေးအတွက် အရေးပါသလို အခြေခံအုတ်မြစ်တစ်ခုလည်း ဖြစ်ပါသည်။ လူမျိုးတစ်မျိုး၏ ကိုယ်ပိုင်ယဉ်ကျေးမှု ရှင်သန်ထွန်းကားရေး မဆောင်ရွက်နိုင်လျှင် အခြေခံအုတ်မြစ် ခိုင်မာမည်မဟုတ်ပါ။ ထိုသို့မခိုင်မာလျှင် အမျိုးသားယဉ်ကျေးမှု ပျောက်ကွယ်မည်ဖြစ်ပြီး ယဉ်ကျေးမှုပျောက်ကွယ်လျှင် လူမျိုးပါပျောက်ကွယ်သွားနိုင်ပါသည်။

- **ယနေ့လူငယ်သည် နောင်ဝယ်လူကြီးဖြစ်လာပါမည်။**
- **လူငယ်များကောင်းမှ လူကြီးကောင်းပါမည်။**
- **လူကြီးကောင်းမှ မိသားစုကောင်းပါမည်။**
- **မိသားစုကောင်းပါမှ လမ်း၊ ရပ်ကွက်၊ မြို့ရွာများမှ တစ်ဆင့် တိုင်းပြည်နိုင်ငံကောင်းမွန်ပါမည်။**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသော နိုင်ငံသူနိုင်ငံသားများ **လူငယ်၊ လူလတ်၊ လူကြီးမကျန် စိတ်ထားဖြူစင်၍ ကိုယ်ကျင့်စာရိတ္တကောင်းမွန်ပြီး ယဉ်ကျေးသိမ်မွေ့သော လူ့အဖွဲ့အစည်းတစ်ရပ် ဖြစ်ထွန်းလာစေရန်** ရည်ရွယ်လျက် **ယဉ်ကျေးလိမ္မာ မျိုးဆက်သစ်ရတနာ (အခြေခံအဆင့်)** စာအုပ်ငယ်ကို စေတနာမွန်ဖြင့် ထုတ်ဝေလိုက်ပါသည်။

**သာသနာရေးဝန်ကြီးဌာန**

## ကြည်လင်သောစိတ်

- စိတ်သည် အရာရာကို ဦးဆောင်၏။
- စိတ်သည် အမွန်အမြတ်ဆုံး ဖြစ်၏။
- စိတ်သည် အရာရာကို ပြီးစီးစေ၏။
- ကြည်လင်သောစိတ်ဖြင့် ပြုမူပြောဆိုပါလျှင် ချမ်းသာစေနိုင်၏။
- အေးမြသောအရိပ်သည် အစဉ်လိုက်ပါသည်နှင့် တူ၏။

(ဓမ္မပဒပါဠိတော်)

# အခန်း (၁)

# သားကောင်းသမီးကောင်းရတနာ ကျင့်စဉ်အမြာမြာ

## ☸ သားကောင်းသမီးကောင်းရတနာ

- မိသားစုအကျိုး ရှက်သည့်ပိုး
  ကြိုးစားဆောင်ရွက်ပါ၊
- ရပ်ရွာအကျိုး ရှက်သည့်ပိုး
  ကြိုးစားဆောင်ရွက်ပါ၊
- နိုင်ငံအကျိုး ရှက်သည့်ပိုး
  ကြိုးစားဆောင်ရွက်ပါ၊
- အဲဒါမှ ဝေဆာဖြိုးလှစ် အားခွန်သစ်
  မျိုးဆက်သစ်ရတနာ
  ဖြစ်ကြမှာ ဖြစ်ကြမှာ၊
  ကြိုးစားပါ··· ကြိုးစားပါ။

## ☸ အကျင့်ပညာအသိကောင်းဖို့

- မျိုးဆက်သစ်ရတနာ မှတ်ကြပါကွဲ့
  နောင်ကာလရဲ့ ညွန့်ဖူးတွေ၊
- အကျင့်ပညာ အသိကောင်းမှ
  သားကောင်း သမီးကောင်းဖြစ်မည်ပေ၊

- အကျင့်ပညာ အသိကောင်းဖို့
မိဘဆရာကောင်း မှီဝဲစေ၊
- အကျင့်ပညာ အသိကောင်းဖို့
နေရာကောင်းမှာ ရှိကြစေ၊
- မိမိစိတ်ကို ကောင်းစွာထိန်းလို့
မတိမ်းစေနဲ့ ခိုင်ကျည်စေ၊
- မိမိစိတ်ကို ကောင်းစွာထားတော့
အကျင့်ပညာကောင်း ရမည်ပေ၊
- အကျင့်ပညာ ကောင်းစွာရတော့
သားကောင်း သမီးကောင်း ဖြစ်မည်ပေ၊
ကြိုးစားမလေ... ကြိုးစားစေ။

## ☸ ယဉ်ကျေးလိမ္မာမျိုးဆက်သစ်ရတနာ

- ငယ်စဉ်ကသား ကြီးတော့ကျား
တို့ကား မဖြစ်ရပါ၊
- ငယ်စဉ်ကသား ကြီးတော့အား
တို့ကားဖြစ်ရမှာ၊
- ငယ်စဉ်ကသမီး ကြီးတော့မီး
ထိုနည်းမဖြစ်ရပါ၊
- ငယ်စဉ်ကသမီး ကြီးတော့ထီး
ထိုနည်းဖြစ်ရမှာ၊

- အသိ အလိမ္မာ ဉာဏ်ပညာ
ရှိမှ ဖြစ်မည်သာ၊
အဲဒါမှ . . .
ယဉ်ကျေးလိမ္မာ မျိုးဆက်သစ်ရတနာ၊
ဖြစ်ကြမှာ . . . ဖြစ်ကြပါ။

## ☸ သတ္တိ ဇွဲသတ္တိဖြည့်ကျင့်ပါ

- သတ္တိဆိုတာ ရဲရင့်တာ
အောင်မြင်ခြင်းအတွက် အားဆေးပါ၊
- ဇွဲသတ္တိဆိုတာ စွမ်းရည်ပါ
အောင်မြင်ခြင်းအတွက် ထောက်တည်ရာ၊
- ယဉ်ကျေးလိမ္မာ ရွှေရည်သွေးတို့
အစဉ်မနေး ဖြည့်ကျင့်ရာ၊
- သို့တွက် ခုခါ ဒို့ပြည်သစ်ကို
အားအင်သစ်ဖြင့် တည်ထောင်မှာ၊
ဖြည့်ကျင့်ပါ . . . ဖြည့်ကျင့်ပါ။

## ☸ ဘဝအောင်မြင်နည်း

- မကောင်းမှုရှောင် ကောင်းမှုဆောင်
ဖြူအောင်စိတ်ကိုထားပါမယ်၊
- ပြု ပြော တွေး လျှင် သတိယှဉ်
ဆင်ခြင်ဉာဏ်နှင့် ဆောင်ရွက်မယ်၊

- စိတ်ထားဖြောင့်မှန် ခွင့်လွှတ်ရန်
  သည်းခံမေတ္တာထားပါမယ်၊
- လုံ့လနှင့်ဖွဲ့ မလျော့ဘဲ
  အမြဲတင်းကာ ဆောင်ရွက်မယ်၊
- နေရာတိုင်းတွင် အသုံးဝင်
  ကြံ့စည်မှုတွေ အောင်မြင်မယ်၊
  အောင်ရမယ်··· အောင်ရမယ်။

**☸ လူတော်လူကောင်းဖြစ်ဖို့**

- ရွှေသွေးတို့ရေ မှတ်ပါကြကွဲ့
  နောင်ကာလရဲ့ ညွှန့်ဖူးတွေ၊
- အသိ အလိမ္မာ ဉာဏ်ပညာကောင်းမှ
  လူတော်လူကောင်းဖြစ်မည်ပေ၊
- အသိ အလိမ္မာ ဉာဏ်ပညာကောင်းဖို့
  ပြု ပြော ကြံကောင်း သိပါစေ၊
- ပြု ပြော အကြံ အမှန်ဖြစ်ဖို့
  သတိရှိရှိ ညှိကြစေ၊
- သတိဉာဏ်ယှဉ် အစဉ်ကောင်းတော့
  စိတ်ကောင်း ကြံကောင်းရမည်ပေ၊
  စိတ်ကောင်းအစဉ် ကိုယ်နှုတ်ကောင်းတော့
  လူတော်လူကောင်း ဖြစ်မည်ပေ၊
  ဖြစ်ကြပေ··· ဖြစ်ကြစေ။

## ❁ ယဉ်ကျေးလိမ္မာ ကျင့်ရာအဖြာဖြာ

(၁) အနန္တငါးပါး၊ ဦးထိပ်ထား၊ ညွတ်တွားပါကွဲ့ မမေ့နဲ့။
(၂) ဆရာမိဘ၊ ဆိုဆုံးမ၊ လိုက်နာကြကွဲ့ မမေ့နဲ့။
(၃) မိဦး ဖဦး ဆရာဦး၊ ချူး၍နော်ကွဲ့ မစားနဲ့။
(၄) ကိုယ့်ထက်ကြီးသူ၊ ပြောဆိုမူ၊ နင်ငါဟူ၍ မပြောနဲ့။
(၅) သူများကိုသာ ရန်မရှာ၊ မခံချင်တာ မပြောနဲ့။
(၆) ယဉ်ကျေးအောင်သွား၊ ယဉ်အောင်စား၊ စကားပြောလဲ ယဉ်စေကွဲ့။
(၇) ပရမ်းပတာ၊ သူ့ထက်ငါ၊ လုယက်ခါကွဲ့ မစားနဲ့။
(၈) ပရမ်းပတာ၊ သူ့ထက်ငါ၊ လုယက်ခါကွဲ့ မသွားနဲ့။
(၉) ပရမ်းပတာ၊ သူ့ထက်ငါ၊ လုယက်ခါကွဲ့ မပြောနဲ့။
(၁၀) ပရမ်းပတာ၊ သူ့ထက်ငါ၊ လုယက်ခါကွဲ့ မရပ်နဲ့။
(၁၁) ပရမ်းပတာ၊ သူ့ထက်ငါ၊ လုယက်ခါကွဲ့ မထိုင်နဲ့။
(၁၂) ပရမ်းပတာ၊ သူ့ထက်ငါ၊ လုယက်ခါကွဲ့ မအိပ်နဲ့။
(၁၃) ထမင်းစားရာ အစားအစာ၊ များစွာစကား မပြောနဲ့။
(၁၄) ငြိမ်သက်သားနား၊ သတိထား၊ ကောင်းကောင်းစားကွဲ့ မဖိတ်နဲ့။
(၁၅) စားပြီးသောခါ၊ စင်ကြယ်စွာ၊ ဆေးကြောပါကွဲ့ ကောင်းကောင်းတဲ့။

(၁၆) လက်ကိုလျက်ကာ၊ မစားရာ၊ ရှောင်ရှားပါကွဲ့ ကောင်းကောင်းတဲ့။

(၁၇) နှုတ်ခမ်းပါးနား၊ လျက်ကာစား၊ ရှောင်ရှားပါကွဲ့ ကောင်းကောင်းတဲ့။

(၁၈) လျှာကိုထုတ်ကာ၊ မစားရာ၊ ရှောင်ရှားပါကွဲ့ ကောင်းကောင်းတဲ့။

(၁၉) ဟင်းရေသောက်ပြန်၊ ရှုးရှဲသံ၊ ကေန်မပြုနဲ့။

(၂၀) ထမင်းဟင်းပေလျက်၊ သောက်ရေခွက်၊ လက်နဲ့မကိုင်နဲ့။

(၂၁) အိမ်ပေါ် ကျောင်းပေါ်၊ ဇရပ်ပေါ်၊ သွားသော် ခြေနင်း မပြင်းနဲ့။

(၂၂) ရဟန်းသံဃာ၊ ရှေ့မှောက်မှာ၊ ရိုသေစွာတဲ့ သွားပါကွဲ့။

(၂၃) လူကြီးသူမ၊ ရှေ့သို့ကျ၊ ရိုသေစွာတဲ့ သွားပါကွဲ့။

(၂၄) ဒူးထောင်ပေါင်ကား၊ မိဘနား၊ အလျားမှောက်၍ မနေနဲ့။

(၂၅) အိပ်ရာနေရာ၊ အိပ်ပြီးကာ၊ သိမ်းကြပါကွဲ့ ကောင်း ကောင်းတဲ့။

(၂၆) သောက်ရေ၊ သုံးရေ၊ မရှိချေ၊ ရေကိုခပ်ကွဲ့ မပျင်းနဲ့။

(၂၇) ကျောင်းတွင်း၊ အိမ်တွင်း၊ ရှုပ်နေလျှင်း၊ သန့်ရှင်း အောင်တဲ့ပြုပါကွဲ့။

(၂၈) မိန်းကလေးမှာအရာရာ၊ ပျာယီးပျာယာ မရှုပ်နဲ့။
(၂၉) မိန်းမ၊ မင်း၊ ဆင်၊ ရဟန်းပင်၊ ဣန္ဒြေရှင်ကွဲ့ လေးဦးတဲ့။
(၃၀) မိန်းမဣန္ဒြေ၊ သိန်သရေ၊ စိန်ကုဋေတန်သကွဲ့ မှတ်လေတဲ့။
(၃၁) ကျောင်းပစ္စည်းကို မယူလို၊ မြွေဆိပ်လိုတဲ့ ကြောက်ပါကွဲ့။
(၃၂) မျက်မှောက်တသွယ်၊ မျက်ကွယ်တခြား၊ အကျင့်မှား၊ ရှောင်ရှားပါကွဲ့ ကောင်းကောင်းတဲ့။
(၃၃) အများပိုင်ကို၊ ကိုယ့်ဟာလို၊ ရိုသေကြကွဲ့ ကောင်းကောင်းတဲ့။
(၃၄) ဝေယျာဝစ္စာ၊ ကျောင်းအိမ်မှာ၊ လျော်စွာလုပ်ကွဲ့ မခိုနဲ့။
(၃၅) ညှော်သည်အာဂန္တု၊ ရောက်လာမူ၊ ဆူရှဲညံကာ မနေနဲ့။
(၃၆) လူရှုပ်လူပွေ၊ လူယုတ်တွေ၊ ရှောင်ရှားလေကွဲ့ ဝေးဝေးတဲ့။
(၃၇) ဘိန်းအရက်ကို၊ မရှုလို၊ မစင်လိုတဲ့ ရွံပါကွဲ့။
(၃၈) ကုန်းချောကြမ်းကြုတ်၊ အကျင့်ယုတ်၊ မဟုတ်စကား မပြောနဲ့။
(၃၉) ဘုရား၊ ပုထိုး၊ ဦးညွှတ်ကျိုး၊ ရှိခိုးအပ်ကွဲ့ မမေ့နဲ့။
(၄၀) မိခင် ဖခင်၊ ဆရာရှင်၊ နေ့စဉ် ရှိခိုးကွဲ့။
(၄၁) မိဘဆရာ၊ ထားသည့်ဟာကို၊ မျက်နှာကွယ်လျှင်၊ မယူငင်နှင့်၊ ယူချင်သောအား၊ စားချင်ငြားက၊ ဝပ်တွားခယ တောင်းပါကြ။

⌘⌘⌘⌘⌘

## မိဘအမွေ

■ မိခင်ဆိုဆုံးမမှု ကောင်းလျှင် သာသမီးများ နှုတ်အမှုအရာ ယဉ်ကျေး၏။

■ ဖခင် ဆိုဆုံးမမှုကောင်းလျှင် သားသမီးများ ကိုယ်အမှုအရာ ယဉ်ကျေး၏။

■ မိခင် ဖခင် နှစ်ဦးလုံး ဆိုဆုံးမမှုကောင်းလျှင် သားသမီးများ နှုတ်အမှုအရာ ကိုယ်အမှုအရာ နှစ်ပါးလုံး ယဉ်ကျေး ကြ၏။

(လောကနီတိ)

# အခန်း ( ၂ )

# လူမှုရေးရာ ကျင့်ဝတ်အမြာမြာ

## ❁ သားသမီးကျင့်ဝတ် (၅)ပါး

ကျွေးမွေးမပျက်၊ ဆောင်ရွက်စီမံ၊ မွေခံထိုက်စေ၊
လျှုမှုဝေ၍၊ စောင့်လေမျိုးနွယ်၊ ဝတ်ငါးသွယ်၊
ကျင့်ဖွယ်သားတို့တာ။

## ❁ မိဘကျင့်ဝတ် (၅) ပါး

မကောင်းမြစ်ထာ၊ ကောင်းရာညွှန်လတ်၊
အတတ်သင်စေ၊
ပေးဝေနှီးရင်း၊ ထိမ်းမြားခြင်းလျှင်၊ ဝတ်ငါးအင်၊
ဖခင်မယ်တို့တာ။

## ❁ တပည့်ကျင့်ဝတ် (၅) ပါး

ညီညာထကြွ၊ ဆုံးမနာယူ၊ လာမှုကြိုဆီး၊
ထံနီး လုပ်ကျွေး၊ သင်တွေးအံရွတ်၊ တပည့်ဝတ်၊
မချွတ်ငါးခုသာ။

## ❁ ဆရာကျင့်ဝတ် (၅) ပါး

အတတ်လည်းသင်၊ ပဲ့ပြင်ဆုံးမ၊ သိပ္ပမချန်၊
ဘေးရန်ဆီးကာ၊ သင့်ရာအပ်ပို့၊ ဆရာတို့၊
ကျင့်ဖို့ဝတ်ငါးဖြာ။

### ☸ လင်ကျင့်ဝတ် (၅) ပါး

မထိမဲ့ကင်း၊ အပ်နှင်းဥစ္စာ၊ မိစ္ဆာမမှား၊
ဝတ်စားဆင်ယင်၊ မြတ်နိုးကြင်၊ ငါးအင် လင်ကျင့်ရာ။

### ☸ မယားကျင့်ဝတ် (၅) ပါး

အိမ်တွင်းမှုလုပ်၊ သိမ်းထုပ်သေချာ၊ မိစ္ဆာကြဉ်ရှောင်၊
လျော်အောင်ဖြန့်ချိ၊ ပျင်းရိမမှု၊ ဝတ်ငါးဆူ၊
အိမ်သူ ကျင့်အပ်စွာ။

### ☸ မိတ်ဆွေကျင့်ဝတ် (၅) ပါး

ပေးကမ်းချီးမြှင့်၊ ကိုယ်နှင့်ယှဉ်ထား၊ စီးပွားဆောင်ရွက်၊
နှုတ်မြွက်ချိုသာ၊ သစ္စာမှန်စေ၊ ဝတ်ငါးထွေ၊
ကျင့်လေမိတ်သဟာ။

### ☸ နာယကဂုဏ် (၆)ပါး

ထကြွ နိုးကြား၊ သနား သည်းခံ၊ ဝေဖန် ထောက်ရှု၊
ဤခြောက်ခုကား၊ ကြီးသူ့ကျင့်ရာ တရားတည်း။

### ☸ နာယကမထိုက်သူ (၆)ဦး

ဂဏန်း၊ ပုတ်သင်၊ ကိုင်းပင်၊ နွားသိုး၊ လိပ်မျိုး၊ ခွေးအ၊
ဤခြောက်ဝ၊ နာယက မတင်ထိုက်။

- ဂဏန်းကဲ့သို့ အမြဲ လက်မ ထောင်လေ့ရှိသူ၊
- ပုတ်သင်ကဲ့သို့ သူတစ်ပါးလုပ်သမျှ
  ခေါင်းညိတ်တတ်သူ၊

- လေလာရာ ယိမ်းပါတတ်သော ကိုင်းပင်ကဲ့သို့ ဟိုဘက်သည်ဘက် ယိမ်းပါတတ်သူ၊
- နွားသိုးကဲ့သို့ ရှုးရှုးဒိုင်းဒိုင်း ပြုမူ၍ စိတ်တိုတတ်သူ၊
- လိပ်ကဲ့သို့ ကိုယ့်ဘက်ကိုယ်ယက်တတ်သူ၊
- ခွေးအကဲ့သို့ စားပိုးနင့်အောင်စားပြီး ဇိမ်ခံတတ်သူ။

## ကျေးဇူးမမေ့အပ် ကျေးဇူးဆပ်

မိဘဆရာ ကျေးဇူးအပေါင်းကို၊
ပြန်ပြောင်းအောက်မေ့ ဆင်ခြင်ဖွယ်။
မိဘဆရာ မပြစ်မှားနဲ့၊
အပြစ်များက ကြီးလှတယ်။
အနန္တဂုဏ်အင် ကျေးဇူးတရားကို၊
အထွေထူး မမှားနဲ့ ဆင်ခြင်ဖွယ်။
မိဘဆရာ ချမ်းသာရေးကို၊
မှန်းကာမျှော်တွေး ဆပ်စေဖွယ်။
ကျေးဇူးသိကြ သားသမီးလှ၊
ပြည်ရွာအလှ ဖြစ်ကြမယ်၊
ဖြစ်ကြမယ်... ဖြစ်ကြကွယ်။

⌘⌘⌘⌘⌘

## နေ့ ည မကွာ မင်္ဂလာ

- ကလေးအရွယ် လိမ္မာနှင့်ပါမှ၊
  ကြီးရင့်က လိမ္မာမည်။
- မလိမ္မာ ပြည်ထောင်စုကြလျှင်၊
  ကောင်းမှု မတည်။
- ကလေးတို့နေပြည်၊
  တည်စေဖို့ စိတ်စော။
- နံနက်မင်္ဂလာနှင့်၊
  နေ့မကွာ ညဉ့်ပါသုံးလို့ရယ်၊
  ပြုံးကြစေသော။

(မဟာဂန္ဓာရုံဆရာတော် အရှင်ဇနကာဘိဝံသ)

# အခန်း (၃)

# ကောင်းကျိုးပွားရာ မြတ်မင်္ဂလာ

## ❁ သုံးဆယ့်ရှစ်ဖြာမင်္ဂလာ

■ သုံးဆယ့်ရှစ်ဖြာ မင်္ဂလာတရားကို၊
လူနတ်အများ ကြံစည်ပေ။
ဘယ်သင်းဘယ်ဟာ မင်္ဂလာအစစ်ဟု၊
သေချာဧစ်မြစ် မသိလေ။
ဆယ့်နှစ်နှစ်တိုင် နှုတ်ပြိုင်ငြင်းလို့၊
မင်္ဂလာ အခင်း မပြီးပေ။
မင်္ဂလာတရား ဝါဒများ၊
ကွဲပြား နတ်လူတွေ။
အဲဒါကြောင့် ကြံကြ စည်ကြ၊
ကမ္ဘာ့ မင်္ဂလာတွေ။

■ မြင်ကြားတွေ့ရာ မင်္ဂလာပဲဟု၊
သုံးစုကွဲကာ ငြင်းခုံနေ။
နတ်လူတွေမှာ အငြင်းပွားသည့်၊
အခင်းများလည်း ကင်းပါစေ။
မကောင်းမှုတွေ ကွယ်ကာပျောက်လို့၊

ချမ်းသာရောက်ဖို့ ရည်ရွယ်ပေ။
နတ်တို့ထက်နတ် ဘုရားမြတ်၊
ဟောအပ်ခဲ့ပါသလေ။
အဲဒါကြောင့် သင်ကြ မှတ်ကြ၊
ဆောင်ကြ တို့တစ်တွေ။

■ သာဝတ္ထိပြည်မွန် ဇေတဝန်ကျောင်း၌၊
ကိန်းအောင်း ပျော်မွေ့ မြတ်စိန္တေ။
သန်းခေါင်ယံခါ မထင်ရှားသည့်၊
နတ်သားတစ်ယောက် ချဉ်းကပ်လေ။
ချဉ်းကပ်ပြီးသော် မင်္ဂလာသဘော၊
ထင်စွာဟောဖို့ လျှောက်ပန်ချွေ။
အသေဝနာတရား အစထား၊
ဟောကြား မြတ်စိန္တေ။
အဲဒါကြောင့် နာရ ကြားရ၊
ကမ္ဘာ့ မင်္ဂလာတွေ။

## ☸ ပေါင်းသင်းဆက်ဆံရေး မင်္ဂလာ (၃)ပါး

**လူမိုက်**ဆိုလျှင် ရှောင်သွေလွဲလို့၊
မမှိုဲနှင့် ကင်းအောင်နေ။
**ပညာရှိ**ကို အရှည်တွဲလို့၊

မိဝဲဆည်းကပ် နည်းယူစေ။
**သုံးပါးရတနာ** မိဘများနှင့်၊
ဆရာသမားကို ပူဇော်လေ။
ချမ်းသာကိုပေး ဆက်ဆံရေး၊
မျှော်တွေး သုံးချက်ပေ။
အဲဒါမှ ဗုဒ္ဓဝါဒ၊
ကမ္ဘာ့ မင်္ဂလာတွေ။

## ☸ နေထိုင်ရေးမင်္ဂလာ (၃)ပါး

ကုသိုလ်ပညာ ဥစ္စာရဖို့၊
**သင့်ရာဒေသ အမြဲနေ။**
ရှေးကတင်ကြို ပြုခဲ့ဖူးသည့်၊
**ကောင်းမှု အထူးရှိပါစေ။**
မိမိကိုယ်ကို ကောင်းအောင်ထိန်းလို့၊
**မတိမ်းစေနဲ့ ဆောက်တည်လေ။**
ဥစ္စာကိုပေး နေထိုင်ရေး၊
မျှော်တွေး သုံးချက်ပေ။
အဲဒါမှ ဗုဒ္ဓဝါဒ၊
ကမ္ဘာ့ မင်္ဂလာတွေ။

## ☸ သင်ကြားရေးမင်္ဂလာ (၄)ပါး

တတ်ကောင်းတတ်ရာ ဟူသမျှကို၊
**ကြားမြင် သုတ ရှိပါစေ။**
အိုးအိမ်တည်ထောင် ဝမ်းစာရေးနဲ့၊
**အသက်မွေးဖို့ အတတ် သင်လေ။**
လူနှင့်ဆိုင်ရာ ကျင့်ဝတ်များကို၊
**ကောင်းစွာ သင်ကြား နားလည်စေ။**
မှန်ကန်ယဉ်ကျေး ချိုသာအေး၊
**ဆိုရေးတတ်ပါစေ။**
အဲဒါမှ ဗုဒ္ဓဝါဒ၊
ကမ္ဘာ့ မင်္ဂလာတွေ။

## ☸ ပြုစုလုပ်ကျွေးရေး မင်္ဂလာ(၃)ပါး

မြင်းမိုရ်ရွှေတောင် မိဘကြွေးကို၊
**ကောင်းစွာဆပ်ပေး ဝတ်ကျေကျေ။**
ကြွေးသစ်ချကာ သားနှင့်မယား၊
**မြှောက်စားချီးမြှင့် ဝတ်ကုန်စေ။**
အလုပ်တာဝန် မလစ်ဟင်းနဲ့၊
**အပြစ်ကင်းအောင် လုပ်ပါလေ။**

စည်းစိမ်ကိုပေး ပြုစုရေး၊
မျှော်တွေးသုံးချက်ပေ။
အဲဒါမှ ဗုဒ္ဓဝါဒ၊
ကမ္ဘာ့ မင်္ဂလာတွေ။

## ☸ ကူညီဆောင်ရွက်ရေးမင်္ဂလာ (၄)ပါး

သုံးတန်စေတနာ ဖြူစင်လန်းလို့၊
**ပေးကမ်းဝေမျှ လှူနိုင်စေ။**
ကိုယ်နှုတ်စိတ်ကြံ့ မမိုက်မှားနဲ့၊
**သုစရိုက်တရားကို ကျင့်ပါလေ။**
ဆွေမျိုးတွေကို ပြင်ပမထားနဲ့၊
**သင်္ဂဟတရားနဲ့ ချီးမြှောက်လေ။**
သန့်စင်ပြစ်မျိုး လူထုအကျိုး၊
**သယ်ပိုးဆောင်ရွက်လေ။**
အဲဒါမှ ဗုဒ္ဓဝါဒ၊
ကမ္ဘာ့ မင်္ဂလာတွေ။

## ☸ ရှောင်ကြဉ်လိုက်နာရေး မင်္ဂလာ (၄)ပါး

မကောင်းမှုတွေ ဟူသမျှကို၊
**မတွေ့ခင်က ရှောင်ကြဉ်လေ။**

**တွေ့ကြုံလာလျှင် မလွှန်ကျူးနဲ့၊**
အထူးသဖြင့် စောင့်စည်းနေ။
**အရက်သေစာ မသောက်စားနဲ့၊**
မှောက်မှားတတ်တဲ့ အရာပေ။
**လုပ်ကိုင်ပြောကြား သတိထား၊**
တရားမမေ့စေ။
အဲဒါမှ ဗုဒ္ဓဝါဒ၊
ကမ္ဘာ့ မင်္ဂလာတွေ။

## ☸ စိတ်ထားဖြူစင်မြင့်မားရေး မင်္ဂလာ (၅)ပါး

အသက်ဂုဏ်ဝါ ကိုယ့်ထက်ကြီးက၊
**ဆည်းကပ်ခစား ရှိသေသေ။**
မာနတံခွန် ဂုဏ်မကြွနဲ့၊
**ကိုယ့်ကိုနှိမ့်ချ အမြဲနေ။**
လောဘအပို လိုမလိုက်နဲ့၊
**ကိုယ်ထိုက်တာနဲ့ကျေနပ်လေ။**
**ကိုယ့်ပေါ်ပြုဖူး သူ့ကျေးဇူး၊**
အထူးသိတတ်စေ။
ကောင်းကျိုးဆင့်ပွား မြတ်တရား၊

**နာကြားမပြတ်ပေ။**
အဲဒါမှ ဗုဒ္ဓဝါဒ၊
ကမ္ဘာ့ မင်္ဂလာတွေ။

## ☸ သည်းခံခြင်းမင်္ဂလာ (၄)ပါး

ဝတ်စားနေထိုင် ရန်ခပ်သိမ်း၊
**စိတ်ကိုချုပ်ထိန်း သည်းခံလေ။**
ကြောင်းကျိုးပြည့်ဝန် ဆုံးမစကားကို၊
**ပြောကြားလာက နာလွယ်စေ။**
သူမြတ်ပုဂ္ဂိုလ် ဟူသမျှကို၊
**မကြာခဏ တွေ့ဆုံလေ။**
သဘာဝတွေး မှန်ကန်ရေး၊
**ဆွေးနွေး မပြတ်ပေ။**
အဲဒါမှ ဗုဒ္ဓဝါဒ၊
ကမ္ဘာ့ မင်္ဂလာတွေ။

## ☸ မြိုးခြံခြင်းမင်္ဂလာ (၄)ပါး

လောကီအာရုံ ဓိမ်ယစ်မူးလို့၊
**အပျော်မကျူးနဲ့ မြိုးခြံလေ။**

မေတ္တာဖြဟ္မစိုရ် လက်ကိုင်သုံးလို့၊
**သူမြတ်ကျင့်ထုံး ယွင်းမသွေ။**
လေးပါးသစ္စာ ဉာဏ်မြင်ကြည့်လို့၊
**အမှန်သိအောင် ကြိုးစားလေ။**
ဒုက္ခလွတ်ကင်း နိဗ္ဗာန်ချင်း၊
**အလင်း ပေါက်နိုင်စေ။**
အဲဒါမှ ဗုဒ္ဓဝါဒ၊
ကမ္ဘာ့ မင်္ဂလာတွေ။

## ☸ စိတ်ထားခိုင်မာရေး မင်္ဂလာ(၄)ပါး

ဆင်းရဲချမ်းသာ သဘာဝ၊
တွေ့ကြုံနေကြ လူတိုင်းပေ။
ကောင်းဆိုးနှစ်တန် အစုံတွဲလို့၊
တစ်လှည့်စီလှည့် အမြဲနေ။
**လောကဓံကြုံ မဖြုံတမ်းပေါ့၊**
မတုန်စမ်းနဲ့ စိတ်ခိုင်စေ။
**သောကကိုထိန်း ရမ္မက်သိမ်း၊**
**အေးငြိမ်း ချမ်းသာစေ။**
အဲဒါမှ ဗုဒ္ဓဝါဒ၊
ကမ္ဘာ့ မင်္ဂလာတွေ။

## ❁ မင်္ဂလာအကျိုး

- သုံးဆယ့်ရှစ်ဖြာ မင်္ဂလာကုံးကို၊
  လိုက်နာကျင့်သုံး ပန်သူတွေ။
  စီးပွားချမ်းသာ ကျက်သရေတိုးလို့၊
  ကောင်းကျိုးစည်ပွင့် တဝေဝေ။
  ဘေးကင်းရန်ကွာ ချစ်သူပေါလို့၊
  စိတ်ရော ကိုယ်ရော ချမ်းသာမလေ။
  ပြောဆိုကြံဆ ဆောင်သမျှ၊
  အောင်ရမည် ကျိန်းသေ။
  အဲဒါကြောင့် ပန်ကြ ဆင်ကြ၊
  မင်္ဂလာ့ ပန်းခိုင်တွေ။
- သုံးဆယ့်ရှစ်ဖြာ မင်္ဂလာတရားတို့၊
  ပျက်ပြားနေကြ ကမ္ဘာမြေ။
  ဟိုတိုင်းဒီပြည် ရန်စစ်ခင်းလို့၊
  လူနှင့်လူချင်း သတ်ကာနေ။
  ငြိမ်းချမ်းပါစေ အာသီသနဲ့၊
  စွမ်းနိုင်ရာက ကူညီသလေ။
  သုံးဆယ့်ရှစ်ပါး မင်္ဂလာတရား၊

ရေးသား ဖြန့်ကာဝေ။
အဖိုးတန်လှ ဗုဒ္ဓဝါဒ၊
ကမ္ဘာက သိပါစေ။

(ဒဂုံ ဦးထွန်းမြင့်)

⌘⌘⌘⌘⌘

# အခန်း ( ၄ )
# ဆင်းရဲဖြစ်စေသောအကြောင်းများ

## ☸ ဥစ္စာပျက်ကြောင်း (၆)ပါး

သေစာသောက်စား၊ လမ်းသွားခါမဲ့၊ ရှုငဲ့သဘင်၊
ပျော်ရွှင်အန်လောင်း၊ မကောင်းမိတ်ဖျင်း၊
ပျင်းရိခြင်းကား၊ ယိုယွင်းဥစ္စာ ပျက်ကြောင်းတည်း။

## ☸ အရက်သောက်ခြင်း အပြစ် (၆)ပါး

ဥစ္စာယုတ်ခြင်း၊ ငြင်းခုံများစွာ၊ ရောဂါထူပြော၊
ကျော်စောမဲ့တုံ၊ မလုံအင်္ဂါ၊ ပညာနည်းရှား၊
ဤခြောက်ပါး၊ သောက်စားသေစာ အပြစ်တည်း။

## ☸ အချိန်အခါမဲ့သွားခြင်း အပြစ် (၆)ပါး

ကိုယ့်သားမယား၊ တခြားဥစ္စာ၊ လုံရာမဲ့ရှောင်း၊
မကောင်းအရာ၊ ရှုံ့ရှာလေအပ်၊ ယိုးစွပ်ရောက်မှု၊
ဆင်းရဲစုဟု၊ ခြောက်ခုခါမဲ့ သွားပြစ်တည်း။

## ☸ ပွဲလမ်းသဘင်သွားခြင်း အပြစ် (၆)ပါး

က ခြင်းတစ်လီ၊ သီ ခြင်းတစ်သီး၊ မှုတ်တီးတစ်သင်း၊
ပြိန်ဖျင်း တစ်အုပ်၊ လက်ခုပ် တစ်လည်၊ အိုးစည် တစ်ဖြာ၊
ရှိရာရှာဟု၊ ဥစ္စာပျက်မှု၊ ဤခြောက်ခုကား၊ ကြည့်ရှုသဘင်
အပြစ်တည်း။

**☸ လောင်းကစားခြင်း အပြစ် (၆)ပါး**

နိုင်သူရန်ပွား၊ ရှုံးသားစိုးရိမ်၊ စည်းစိမ်လျော့ပါး၊ တရားသဘင်၊ မဝင်သက်သေ၊ မိတ်ဆွေနှိမ်ဆို၊ မလိုထိမ်းမြား၊ ဤခြောက်ပါး၊ လောင်းကစားမှု အပြစ်တည်း။

**☸ မိတ်ဆွေပျက်ကြောင်း (၆)ပါး**

ကြွေအန်ကျူးထ၊ မိန်းမကျူးထွေ၊ သေစာကြူးမူ၊ အတူပြုကြား၊ လှည့်စားတစ်ထောက်၊ မျက်မှောက်လှည့်ချက်၊ နိုင်ထက်လုယူ၊ ဤသူခြောက်ပါး၊ မိတ်ဖြစ်လားကြောင့်၊ ပျက်ပြားမိတ်ဆွေ အပြစ်တည်း။

**☸ ပျင်းရိခြင်းအပြစ် (၆)ပါး**

အချမ်းပြင်းဝှန်၊ အလွန်ပူနိုး၊ မိုးချုပ်လှမော၊ စောလွန်းလှယောင်၊ ဆာလောင်ပြင်းပြ၊ ဝမ်းဝလွန်းထွေ၊ ဤခြောက်ထွေမှာ၊ နေညစ္စာ မပွားရာသည်၊ ခြောက်ဖြာ ပျင်းသူ အပြစ်တည်း။

**☸ မိတ်ဆွေတု (၄)မျိုး**

(၁) အယူသာရှိ၍ အပေးမရှိသော မိတ်ဆွေတု၊

(၂) နှုတ်သာပါ၍ လက်မပါသော မိတ်ဆွေတု၊

(၃) ရှေ့တွင်သာ အကောင်းပြောသော မိတ်ဆွေတု၊

(၄) ယုတ်မာမှုတွင် အဖော်ညှိသော မိတ်ဆွေတု။

■ **ကိုယ်ကျိုးသာငဲ့သော မိတ်ဆွေတု (၄)မျိုး**

(၁) အယူသာရှိ၍ အပေးမရှိသူ၊

(၂) နည်းနည်းပေးပြီး များများရလိုသူ၊

(၃) ဘေးရန်ကြုံမှ လုပ်ကိုင်ပေးသူ၊

(၄) ကိုယ်ကျိုးငဲ့၍ ပေါင်းသူ။

■ **နှုတ်ဖြင့်သာ ဟန်ဆောင်သော မိတ်ဆွေတု (၄)မျိုး**

(၁) လွန်ပြီးသားကိုပြော၍ လောကွတ်ပြုသူ၊

(၂) အနာဂတ်ကိုပြော၍ လောကွတ်ပြုသူ၊

(၃) ပစ္စည်းမပါ ဗလာချည်းနှီးဖြင့် လောကွတ်ပြုသူ၊

(၄) လောလောဆယ်ပျက်စီးမှုကို အကြောင်းပြသူ။

■ **ချစ်ဖွယ်ကိုဆိုတတ်သောမိတ်ဆွေတု (၄)မျိုး**

(၁) မကောင်းရာကို ခွင့်ပြုသူ၊

(၂) ကောင်းရာကိုလည်း ခွင့်မပြုသူ၊

(၃) ရှေ့တွင်သာ ချီးမွမ်းသူ၊

(၄) ကွယ်ရာ၌ ကဲ့ရဲ့သူ။

■ **ယုတ်မာမှုတွင်အဖော်ညီသောမိတ်ဆွေတု (၄)မျိုး**

(၁) အရက်သောက်ရာ၌ အဖော်လုပ်သူ၊

(၂) အခါမဲ့သွားရာ၌ အဖော်လုပ်သူ၊

(၃) ပွဲသဘင်သွားရာ၌ အဖော်လုပ်သူ၊

(၄) လောင်းကစားရာ၌ အဖော်လုပ်သူ။

## ပျက်စီးခြင်းအကြောင်းများ

☸ **ဆုတ်ယုတ်ပျက်စီးကြောင်း (၁၂)ပါး**

(၁) မကောင်းသော ဒုစရိုက်ဆယ်ပါးကို ပြုကျင့်ခြင်းသည် ဆုတ်ယုတ်ပျက်စီးခြင်း၏ အကြောင်းဖြစ်၏။

(၂) အယူမှားသူများနှင့် သူယုတ်မာတို့ကို ပေါင်းသင်း ဆက်ဆံခြင်း၊ သူတော်ကောင်းတို့နှင့် မဆက်ဆံခြင်း၊ အယူမှားရှိသူများနှင့် သူယုတ်မာတို့၏ အယူဝါဒများကို နှစ်သက်ခြင်းသည် ဆုတ်ယုတ်ပျက်စီးခြင်း၏ အကြောင်း ဖြစ်၏။

(၃) အလွန်အကျွံအိပ်ခြင်း၊ အပေါင်းအဖော်၌ မွေ့လျော်ပြီး အချိန်ဖြုန်းတီးနေခြင်း၊ ထကြွလုံ့လမရှိခြင်း၊ အလွန် ပျင်းရိခြင်းနှင့် အမျက်ဒေါသကြီးခြင်းသည် ဆုတ်ယုတ် ပျက်စီးခြင်း၏ အကြောင်းဖြစ်၏။

(၄) ရဟန်းစသော သူတော်စင်အလှူခံများနှင့် သူတောင်းစားတို့ကို ပေးလှူမည်ဟု ဖိတ်ကြားဝန်ခံထားပြီး မလှူဒါန်း မပေးကမ်းခြင်းသည် ဆုတ်ယုတ်ပျက်စီးခြင်း၏ အကြောင်းဖြစ်၏။

(၅) မိဘတို့ကို ကျွေးမွေးပြုစုနိုင်လျက် မကျွေးမွေး မပြုစုခြင်းသည် ဆုတ်ယုတ်ပျက်စီးခြင်း၏ အကြောင်းဖြစ်၏။

(၆) ပစ္စည်းဥစ္စာပေါများသူဖြစ်ပါလျက် အခြားသူများကို မလှူဒါန်း၊ မဝေငှဘဲ မိမိတစ်ဦးတည်း သုံးဆောင်ခံစားခြင်းသည် ဆုတ်ယုတ်ပျက်စီးခြင်း၏ အကြောင်းဖြစ်၏။

(၇) မာန်မာန တက်ကြွ မောက်မာခြင်းသည် ဆုတ်ယုတ်ပျက်စီးခြင်း၏ အကြောင်းဖြစ်၏။

(၈) ကာမဂုဏ် အပျော်အပါးလိုက်စားခြင်း၊ အရက်သေစာ မူးယစ်ဆေးဝါး သောက်စားမှီဝဲခြင်းနှင့် လောင်းကစားခြင်းသည် ဆုတ်ယုတ်ပျက်စီးခြင်း၏ အကြောင်းဖြစ်၏။

(၉) ပြည့်တန်ဆာမနှင့် သူတစ်ပါးမယား သူတစ်ပါးလင်ယောကျ်ားတို့၌ ပြစ်မှားလွန်ကျူးခြင်းသည် ဆုတ်ယုတ်ပျက်စီးခြင်း၏ အကြောင်းဖြစ်၏။

(၁၀) အသက်ကြီးအရွယ်လွန်သူဖြစ်ပါလျက် ငယ်ရွယ်သူ အမျိုးသမီးနှင့် အိမ်ထောင်ပြုခြင်းသည် ဆုတ်ယုတ် ပျက်စီးခြင်း၏ အကြောင်းဖြစ်၏။

(၁၁) အဝတ်အစား မက်မောလွန်းသူ၊ အသုံးအစွဲ မတတ် သူကို အကြီးအကဲအရာ၌ ခန့်ထားခြင်းသည် ဆုတ်ယုတ် ပျက်စီးခြင်း၏ အကြောင်းဖြစ်၏။

(၁၂) မိမိနှင့်မတန်သောအရာကို အလိုရှိခြင်းသည် ဆုတ်ယုတ် ပျက်စီးခြင်း၏ အကြောင်းဖြစ်၏။

## ☸ သူယုတ်မာ ဖြစ်ကြောင်းများ

(၁) အမျက်ကြီးသူ၊ ရန်ငြိုးဖွဲ့သူ၊ သူတစ်ပါးကျေးဇူးကို ချေဖျက်သူ၊ မှားသောအယူရှိသူ၊ မှားသောအယူသို့ ကူးပြောင်းသူနှင့် မိမိအပြစ်ဖုံးလွှမ်း၍ လှည့်စားတတ် သူတို့သည် သူယုတ်မာဖြစ်၏။

(၂) သတ္တဝါတို့အား သနားကြင်နာမှုမရှိဘဲ သတ်ဖြတ်သူသည် သူယုတ်မာဖြစ်၏။

(၃) မြို့ရွာတို့ကို တိုက်ခိုက်ဖျက်ဆီးသူသည် သူယုတ်မာ ဖြစ်၏။

(၄) သူတစ်ပါးအကြွေးကို ပြန်မပေးသူသည် သူယုတ်မာဖြစ်၏။

(၅) သူတစ်ပါးပစ္စည်းခိုးသူသည် သူယုတ်မာဖြစ်၏။
(၆) လူသတ်၍ ပစ္စည်းယူသူသည် သူယုတ်မာဖြစ်၏။
(၇) မတရားသက်သေထွက်ဆိုသူသည် သူယုတ်မာဖြစ်၏။
(၈) သူတစ်ပါးဇနီးခင်ပွန်းကို ပြစ်မှားကျူးလွန်သူသည် သူယုတ်မာဖြစ်၏။
(၉) အမိအဖကို မကျွေးမွေး မပြုစုသူသည် သူယုတ်မာဖြစ်၏။
(၁၀) မိဘညီအစ်ကို မောင်နှမ ယောက္ခမတို့ကို ကိုယ် နှုတ်တို့ဖြင့် နှိပ်စက်ညှဉ်းဆဲနေသူသည် သူယုတ်မာဖြစ်၏။
(၁၁) သူတစ်ပါးအကျိုးစီးပွားရှိရာရှိကြောင်းကို မေးပါလျက် အကျိုးမဲ့ကိုပြောသူနှင့် အကျိုးစီးပွားရှိကြောင်း နည်းလမ်းကိုမေးပါသော်လည်း မေးသူမသိနိုင်အောင် ပြောသူသည် သူယုတ်မာဖြစ်၏။
(၁၂) မိမိပြုလုပ်ထားသော မကောင်းသောအမှုများကို တစ်ပါးသူမသိအောင် ဖုံးကွယ်ထားသူသည် သူယုတ်မာဖြစ်၏။
(၁၃) သူတစ်ပါးအိမ်သို့သွားသောအခါ ဧည့်ဝတ်ပြုစုသည်ကို စားသောက်ပြီး မိမိအိမ်သို့လာလည်သည့်အခါမှ ဧည့်ဝတ်မပြုစုသူသည် သူယုတ်မာဖြစ်၏။
(၁၄) ဖိတ်ကြားဝန်ခံထားသူ အလှူခံပုဂ္ဂိုလ်များနှင့် သူတောင်းစားတို့ကို မလှူဒါန်းမပေးကမ်းဘဲ လှည့်ပတ် နေသူသည် သူယုတ်မာဖြစ်၏။

(၁၅) ဆွမ်းခံလာသော ရဟန်းကို ဆွမ်းမလောင်းဘဲ ကြမ်းတမ်းစွာ ပြောဆိုသူသည် သူယုတ်မာဖြစ်၏။

(၁၆) သူတစ်ပါးပစ္စည်းကို ရယူလိုသဖြင့် မဟုတ်မမှန် လှည့်ပတ်ပြောဆိုသူသည် သူယုတ်မာဖြစ်၏။

(၁၇) မိမိကိုယ်ကို ဂုဏ်တင်မြှောက်စားပြီး သူတစ်ပါးကို နှိမ့်ချပြောဆိုသူသည် သူယုတ်မာဖြစ်၏။

(၁၈) သူတစ်ပါးကို ရန်ရှာသူ၊ မိမိကိုယ်တိုင် မလှူဒါန်း မပေးကမ်းရုံမျှမက သူတစ်ပါးတို့ လှူဒါန်းပေးကမ်းသည်ကိုပင် နှမြောတွန့်တိုသူ၊ မိမိမှာမရှိသော ဂုဏ်သိက္ခာဖြင့် ချီးမွမ်းလိုသူ၊ နှမြောဝန်တိုသူ၊ မိမိမှာ မရှိသော ဂုဏ်ကို ရှိလေဟန်ဆောင်သူနှင့် မကောင်းမှုကိုပြုရန် မရှက်မကြောက်သူသည် သူယုတ်မာဖြစ်၏။

(၁၉) ဘုရား တရား သံဃာ ရတနာသုံးပါးနှင့် ရတနာသုံးပါးဆည်းကပ်ကိုးကွယ်သူများကို ရှုတ်ချပြောဆိုသူသည် သူယုတ်မာဖြစ်၏။

(၂၀) ရဟန္တာမဟုတ်ပါဘဲလျက် ရဟန္တာဟု ဝန်ခံသူသည် လောက၌ အယုတ်မာဆုံးဖြစ်၏။

⌘⌘⌘⌘⌘

# အခန်း(၅)

# ချမ်းသာဖြစ်စေသောအကြောင်းများ

## ❁ မိတ်ဆွေစစ်(၄)မျိုး

(၁) မိမိအား ကျေးဇူးပြုသူ မိတ်ဆွေစစ်၊

(၂) ချမ်းသာဆင်းရဲ အတူဖြစ်သူ မိတ်ဆွေစစ်၊

(၃) အကျိုးစီးပွားကို ညွှန်ပြတတ်သော ဆရာနှင့် တူသူ မိတ်ဆွေစစ်၊

(၄) ညှာညှာတာတာ စောင့်ရှောက်တတ်သူ မိတ်ဆွေစစ်။

## ■ ကျေးဇူးရှက်ဆောင်သူ မိတ်ဆွေစစ် (၄)မျိုး

(၁) မိမိက ကောင်းမှုကုသိုလ်ဆောင်ရွက်ရန် မေ့လျော့နေလျှင်ပင် သတိပေး၍ ကောင်းမှုကုသိုလ်ကို ဆောင်ရွက်စေတတ်သူ၊

(၂) မိမိဥစ္စာကိုပင် သူ့ပိုင်ပစ္စည်းကဲ့သို့ အလေအလွင့် ပျက်စီးခြင်းမရှိအောင် ထိန်းသိမ်းစောင့်ရှောက် ကူညီပေးတတ်သူ၊

(၃) မိမိတွင် ကံမကောင်းအကြောင်းမလှ၍ ဘေးဒုက္ခ တွေ့ကြုံရသည့်အခါ၌ အားကိုးစရာတစ်ခုအနေဖြင့် ကူညီစောင့်ရှောက်ဖေးမ အားပေးတတ်သူ၊

(၄) မိမိတွင် ပြဿနာကိစ္စများရှိ၍ ငွေကြေးဥစ္စာ လိုအပ်သည့်အခါ၌ မိမိအလိုရှိသော အတိုင်းအတာထက် သာလွန်၍ နှစ်ဆမျှလောက် ပေးကမ်းချေးငှားတတ်သူ။

■ **ဆင်းရဲမကွာ ချမ်းသာမပစ်သူ မိတ်ဆွေစစ် (၄)မျိုး**

(၁) မိမိကိစ္စကို လျှို့ဝှက်မှုမချန် ပြောကြားသူ၊

(၂) မိတ်ဆွေဖြစ်သူ၏ လျှို့ဝှက်သင့်သောကိစ္စကို လျှို့ဝှက်ထားသူ၊

(၃) မိတ်ဆွေဖြစ်သူ ဘေးအန္တရာယ်ကြုံတွေ့သော် မစွန့်သူ၊

(၄) မိတ်ဆွေ၏ အကျိုးငှာ အသက်ကိုစွန့်သူ။

■ **အကျိုးစီးပွားကို ပြောကြားတတ်သူ မိတ်ဆွေစစ် (၄)မျိုး**

(၁) မကောင်းရာကို တားမြစ်သူ၊

(၂) ကောင်းရာကို စည်းရုံးညွှန်ပြသူ၊

(၃) မကြားဖူးသေးသော ကုသိုလ်တရားကို ပြောကြားသူ၊

(၄) လူ နတ် နိဗ္ဗာန်ခရီးကို ညွှန်ပြတတ်သူ။

■ **အစဉ်ငဲ့ညှာတတ်သူ မိတ်ဆွေစစ် (၄)မျိုး**

(၁) မိတ်ဆွေဖြစ်သူ၏ ဆုတ်ယုတ်ပျက်စီးမည်ကို မလိုလားသူ၊

(၂) မိတ်ဆွေဖြစ်သူ၏ တိုးတက်ကြီးပွားမည်ကို လိုလားသူ၊

(၃) မိတ်ဆွေဖြစ်သူ၏ ကျေးဇူးမဲ့စကားကို ပြောလာလျှင် တားမြစ်သူ၊

(၄) မိတ်ဆွေဖြစ်သူ၏ ကျေးဇူးစကားကို ပြောလာလျှင် ချီးမွမ်းသူ။

## ❁ အောင်မြင်ကြီးပွားကြောင်းကျင့်စဉ် (၄)မျိုး

(၁) ထကြွလုံ့လဝီရိယရှိခြင်း၊

(၂) ရရှိပြီးသော စည်းစိမ်ဥစ္စာကို မပျက်စီးအောင် ထိန်းသိမ်း စောင့်ရှောက်ခြင်း၊

(၃) ဝင်ငွေ ထွက်ငွေ ညီညွတ်မျှတတိုင်းထွာ၍ အသက်မွေးခြင်း၊

(၄) ကောင်းသော အဆွေခင်ပွန်းရှိခြင်း။

**:သက်ာ**

ထကြွ၊ သိမ်းဆည်း၊ မျှသုံးစွဲ၊ ပေါင်းမြဲမိတ်ဆွေကောင်း၊ ဤလေးပါးမှာ၊ အရာရာ၊ မုန်စွာကြီးပွားကြောင်း။

## ❁ ဥစ္စာပစ္စည်းသုံးဆောင်နည်း ကျင့်စဉ် (၄)မျိုး

(၁) မိမိရရှိထားသော ဥစ္စာပစ္စည်းများကို လေးပုံ ပုံပါ၊

(၂) တစ်ပုံကို စားဝတ်နေရေးအတွက် သုံးဆောင်ပါ၊

(၃) နှစ်ပုံကို ဥစ္စာပစ္စည်းတိုးပွားရေးအတွက် ရင်းနှီးမြှုပ်နှံပါ၊

(၄) တစ်ပုံကို ဘေးအန္တရာယ် အမျိုးမျိုးကျရောက်လာသည့်အခါ သုံးစွဲနိုင်ရန်အတွက် စုဆောင်း ထားပါ။

## ☸ စည်းရုံးအောင်မြင်နည်း ကျင့်စဉ် (၄)မျိုး

(၁) ပေးကမ်းထောက်ပံ့ခြင်း၊
(၂) ချစ်ဖွယ်စကားပြောဆိုခြင်း၊
(၃) သူ့အကျိုးပြီးမြောက်အောင် ဆောင်ရွက်ပေးခြင်း၊
(၄) ကိုယ်နှင့်ထပ်တူ ပြုမူဆက်ဆံခြင်း။

**လင်္ကာ**

ပေးကမ်းချစ်ဖွယ်၊ စကားကြွယ်၍၊
သူ့ဝယ်ကိစ္စ၊ ကြုံတွေ့ကမူ၊
ကြောင့်ကြကြီးစွာ၊ ကူညီကာဖြင့်၊
သွားလာနေမှု၊ တန်းတူပြုသည်၊
ဝတ္ထုသင်္ဂဟ၊ လေးမျိုးတည်း။

⌘⌘⌘⌘⌘

# အခန်း(၆)

# လောကလူ့ရွာ ကျင့်စရာ အပြာပြာ

## ❁ ပျင်းရိသူ ဘာမျှမရနိုင်

ပျင်းရိသောသူ အတတ်ပညာမရနိုင်၊
အတတ်ပညာမရှိသူ စီးပွားဥစ္စာမရနိုင်၊
စီးပွားဥစ္စာမရှိသူ အဆွေခင်ပွန်းကောင်းမရနိုင်၊
အဆွေခင်ပွန်းကောင်းမရှိသူ ချမ်းသာသုခ မရနိုင်၊
ချမ်းသာသုခမရှိသူ ကောင်းမှုကုသိုလ်မရနိုင်၊
ကောင်းမှုကုသိုလ်မရှိသူ ငြိမ်းအေးရာနိဗ္ဗာန်မရနိုင်။

## ❁ အတတ်ပညာနှင့်တူသောဥစ္စာမရှိ

အတတ်ပညာနှင့်တူသောဥစ္စာသည်မရှိ၊
အတတ်ပညာကို ခိုးသူတို့မခိုးနိုင်၊
အတတ်ပညာသည်ယခုဘဝ၌ အဆွေခင်ပွန်းဖြစ်၏၊
တမလွန်လောက၌ ချမ်းသာကို ဆောင်စေတတ်၏။

## ❁ အကြားအမြင်ဗဟုသုတကို နည်းသည်ဟုမမှတ်ရာ

အကြားအမြင်ပညာကို နည်း၏ဟုမအောက်မေ့ရာ၊
ကြားသမျှ၊ မြင်သမျှကို စိတ်၌မှတ်ထားရာ၏၊
ခြကောင်လေးများ အကြိမ်ကြိမ်စု၍ တောင်ပို့ကြီး ဖြစ်လာသကဲ့သို့၊ အိုးစရည်းကြီး၌ တစ်စက်တစ်စက် ကျဖန်များ၍

ရေများပြည့်လျှံသကဲ့သို့ အဖန်ဖန်မှတ်သားထားသည့် ပညာသည် ကြာမြင့်သောအခါ မိမိမှာပြည့်စုံလာနိုင်၏။

## ☸ တစ်ခုပညာ ကုန်စင်အောင်တတ်ဖို့ ကြိုးစားပါ

နှုတ်မှုပညာကိုဖြစ်စေ၊ လက်မှုပညာကိုဖြစ်စေ သေးငယ်သည်ဟု မအောက်မေ့ မထင်မှတ်ရာ၊ ကုန်စင်အောင်တတ်မှု တစ်ခုပညာသာတတ်သော်လည်း အသက်မွေးကြောင်း ဖြစ်သည်သာ။

## ☸ ပညာရှိ နေထိုင်ရာအရပ်သို့ သွားပါ

အကြားအမြင်နှင့် ပြည့်စုံသောပညာရှိသည် အကြင်အရပ်၌ ရှိ၏ဟု ကြားက အကြားအမြင်ရှာသော အမျိုးကောင်းသားသည် ထိုအရပ်သို့ ကြိုးစားအားထုတ်၍ သွားရမည်။

## ☸ မိမိလက်၌ရှိသော ဥစ္စာနှင့်အတတ်ပညာသာ တန်ဖိုးရှိ

- စာအုပ်စာပေတို့၌ရှိသောအတတ်၊ သူတစ်ပါး လက်တို့၌ ရှိသောဥစ္စာသည် ပြုဖွယ်ကိစ္စရှိသောအခါ မရနိုင်သောကြောင့် အတတ်မမည်၊ ဥစ္စာမမည်။
- မိမိဝမ်း၌ရှိသော အတတ်ပညာသည်သာ အတတ်မည်၏။
- မိမိလက်၌ရှိသောဥစ္စာသည်သာ ဥစ္စာမည်၏။

## ☸ အမျိုးယုတ်မြတ်ကို သိနိုင်မှု

- လောက၌ ရေတိမ်ရေနက်ကို ကြာရိုးကိုမြင်သဖြင့် သိနိုင်ရာ၏။

- အမျိုးယုတ်မြတ်ကိုကား ကိုယ်၊ နှုတ် အမူအရာ ထိုသူ၏ အကျင့်ဖြင့် သိနိုင်ရာ၏။
- ပညာရှိ မရှိကိုကား ပြောဆိုသောစကားကို ထောက်ချင့်၍ သိနိုင်ရာ၏။
- မြေကောင်း မကောင်းကိုကား မြက်ညှိုး မညှိုးကို မြင်သဖြင့် သိနိုင်ရာ၏။

## ☸ ပညာမရှိ သူ၏အစေအပါး

- အတတ်ပညာကို ကြိုးစားသင်ကုန်လော့။
- မပျင်းရိကြလေနှင့်။
- ပညာမရှိသောသူသည် သူတစ်ပါး၏ ကိုယ်နှုတ် အစေအပါးခံ ဖြစ်ရ၏။
- ပညာရှိသောသူသည် သူတစ်ပါး၏ ပူဇော်ခံရ၏၊ ထို့ကြောင့် နေ့စဉ် ပညာရှာမှီးကြလော့။

## ☸ မိဘတစ်လည် ရန်သူမည်၏

- သားသမီးအား ပညာသင်မပေးသော မိဘသည် ရန်သူ မည်၏။
- ပညာမတတ်သော သားသမီးသည် ဟင်္သာငှက်တို့၏ အလယ်၌ မတင့်တယ်သော ဗျိုင်းကဲ့သို့ ပရိသတ်အလယ်၌ မတင့်တယ်။

## ☸ ဖတ်မှတ်လေ့လာခြင်းအကျိုး

- ဖတ်မှတ်လေ့လာခြင်းတွင် ကောင်းစွာအားထုတ်သော သူသည် ဗဟုသုတအကြားအမြင် ပြည့်စုံတိုးတက်နိုင်၏။
- ဗဟုသုတအကြားအမြင်ဖြင့် အကြောင်းအကျိုးကိုသိ၏။
- သိအပ်သောအနက်အဓိပ္ပါယ်သည် ချမ်းသာကိုဆောင်၏။

## ☸ မရှိနိုင်သောအရာများ

- လောက၌ အတတ်ပညာနှင့်တူသော အဆွေခင်ပွန်းမည်သည် မရှိ။
- အနာရောဂါနှင့်တူသော ရန်သူမည်သည် မရှိ။
- မိမိကိုယ်နှင့်တူသော ချစ်သူမည်သည် မရှိ။
- ကံနှင့်တူသော ခွန်အားမည်သည် မရှိ။

## ☸ ယောက်ချိုဇွန်းနှင့်တူသူ

ယောက်ချိုဇွန်းသည် ဟင်းအရသာကို မသိသကဲ့သို့ လူမိုက်သည် အသက်ထက်ဆုံး ပညာရှိကို ဆည်းကပ်စေကာမူ တရားကို မသိနိုင်။

## ☸ လျှာနှင့်တူသူ

လျှာသည် ဟင်း၏အရသာကို သိသကဲ့သို့ ပညာရှိသည် တစ်ခဏတာမျှ ပညာရှိကို ဆည်းကပ်ငြားအံ့၊ လျင်မြန်စွာ တရားကိုသိနိုင်၏။

## ☸ ပညာရှိတို့ ထင်စွာ မပြရာ

- ဥစ္စာပျက်ခြင်းကိုလည်းကောင်း၊
- စိတ်နှလုံး ပူပန်နွမ်းနယ်ခြင်းကိုလည်းကောင်း၊
- အိမ်၌မကောင်းမှု ဖြစ်ခြင်းကိုလည်းကောင်း၊
- လှည့်ပတ်ခံရခြင်းကိုလည်းကောင်း၊
- မထီမဲ့မြင်အပြုခံရခြင်းကိုလည်းကောင်း

ပညာရှိသည် ထင်ရှားမပြရာ။

## ☸ သူရူးနှင့်တူသူ

- ဥစ္စာမရှိဘဲ အစားကြူးသူ၊
- ခွန်အားမရှိဘဲ အသတ်အပုတ်နှစ်သက်သူ၊
- ပညာမရှိဘဲ စကားများများပြောလိုသူ၊

ဤသူတို့ကား သူရူးနှင့် တူကုန်၏။

⌘⌘⌘⌘⌘

# ကံ

သေရွာကာလ၊ ရောက်ကြသောအခါ၊
ကိုယ့်နောက်ကိုကား၊ ဘာများပါမှာ၊
ပစ္စည်းစုစု၊တစ်ခုမပါ၊ ကိုယ်ပြုထား၊ကံများပါမည်သာ။
အထုပ်ကလေးတပြင်ပြင်၊ ကိုယ့်နောက်ပါမည်ထင်၊
အထုပ်ရှင်သေလို့သွား၊ ကျန်တဲ့သူတွေ ဝေလို့စား၊
အထုပ်ရှင်မှာအလကား၊ ဘာကမှလည်း ပါမသွား၊
သေရွာကျတော့အပါယ်လား၊
နိဗ္ဗာန်ရောက်ဖို့အခက်သား။

**(တိပိဋကရေ ပြည်ဆရာတော် ဘဒ္ဒန္တကောသလ္လ)**

# အခန်း(၇)

# ကံ ကံ၏ အကျိုး

## ☸ ကံ အမျိုးအစားများ

ကံဟူသည် အလုပ်ဖြစ်သည်။ ကံအမျိုးအစား(၃)မျိုး ရှိသည်-

(၁) ကိုယ်ဖြင့်ပြုလုပ်ခြင်း (ကာယကံ)

(၂) နှုတ်ဖြင့်ပြောဆိုခြင်း (ဝစီကံ)

(၃) စိတ်ဖြင့်ကြံစည်ခြင်း (မနောကံ)

ထို(၃)မျိုးသည် စေ့ဆော်မှုစိတ်အစဉ် (စေတနာ) အရင်းခံ၍ ဖြစ်ပေါ်လာရသဖြင့် ယင်းစေတနာကို ကံဟုခေါ်ဆိုကြပါသည်၊ စေတနာကောင်းလျှင် ကံကောင်းကြမည်ဖြစ်သည်။

## ☸ ကံ၏အကျိုး ယုံကြည်မှု

လောက၌ လူသားအပါအဝင် သတ္တဝါဟူသမျှတို့သည် ကံသာလျှင်ကိုယ်ပိုင်ဥစ္စာရှိကုန်၏၊ အမွေအနှစ် ရှိကုန်၏၊ အဆွေအမျိုး ရှိကုန်၏၊ အဆွေခင်ပွန်းရှိကုန်၏၊ ကိုးကွယ်အားထားရာ ရှိကုန်၏။

ကံသည်ပင်လျှင်သတ္တဝါဟူသမျှတို့ကို အယုတ်၊ အလတ်၊ အမြတ် စသည် ထူးခြားကွဲပြားအောင် စီမံ ဖန်တီးပေးတတ်သည်။ လူတိုင်းသည် ကံအလျောက် မိမိတို့နှင့် ထိုက်တန်သည့်ဘဝကိုသာ ရရှိကြပေမည်။

## ☸ ကံ၏အစွမ်းသတ္တိ

ကံသည် ဤကမ္ဘာလောကကြီး၌ ရှိရှိသမျှသော သတ္တဝါ အပေါင်းတို့တွင် အချို့သောသူတို့အား-

- မင်းမျိုးမတ်ဖြစ်စေ၏၊ သူဌေးသူကြွယ်ဖြစ်စေ၏၊ လူမွဲ လူဆင်းရဲဖြစ်စေ၏။
- အနာရောဂါနည်းစေ၏၊ အနာရောဂါများစေ၏။
- နား၊ နှာ၊ ခြေ၊ မျက်စိ စသောအင်္ဂါကြီးငယ်တို့ကို ချို့တဲ့စေ၏။
- အလွန်လှပတင့်တယ်ခြင်း၊ တန်ခိုးအာဏာ ကြီးမား ခြင်း၊ အသိအလိမ္မာဉာဏ်ပညာကြီးခြင်း၊ အသက် ရှည်ခြင်း၊ အမျိုးမြတ်ခြင်း စသောဂုဏ်ထူးများ ပြည့်စုံစေ၏။
- အဆင်းအရောင်မလှမပ မတင့်တယ်ခြင်း၊ တန်ခိုး အာဏာနည်းပါးခြင်း၊ အသက်တိုခြင်း စသော အယုတ်တရားတို့နှင့်ပြည့်စုံစေရန် ဖန်တီးခြင်းငှာ စွမ်းနိုင်၏။

## ☸ ကောင်းမှုကံသဘော

ကောင်းကံဆိုသည်မှာ အပြစ်မရှိခြင်း၊ ကောင်းသော အကျိုးကိုပေးခြင်း သဘောရှိ၏။

- ကောင်းသောကံ တစ်ခုခုကို ပြုလုပ်နေချိန်၌ လိုချင်မှု၊အမျက်ထွက်မှု၊ ထောင်လွှားမှု၊ မနာလိုမှု၊ ဝန်တိုမှု စသောစိတ်၏အညစ်အကြေး၊ အပြစ်အနာအဆာများ မရှိသဖြင့် အပြစ်မရှိဟု ဆိုသည်။
- ကောင်းမှုကံပြုနေသောသူသည် ဤဘဝ၌လည်း ဝမ်းသာရွှင်ပျချမ်းသာရ၏။ တမလွန်ဘဝ၌လည်း ကောင်းသောအကျိုးကို ခံစားရသောကြောင့် ဝမ်းသာ ရွှင်ပျ ချမ်းသာရ၏။

## ☸ မကောင်းမှုကံသဘော

မကောင်းမှုကံဆိုသည်မှာ အပြစ်ရှိခြင်း၊ မကောင်းသောအကျိုးကို ပေးခြင်းသဘောရှိသည်။ ထိုမကောင်းမှု ကံသည် ကိုယ်မှု၊ နှုတ်မှု၊ စိတ်မှုဟူ၍ (၃)မျိုးရှိပါသည်။

- မကောင်းမှုပြုသောသူသည် မကောင်းမှုပြုသည့်အတွက်ယခုဘဝ၌လည်း ဆင်းရဲအမျိုးမျိုး ရရှိခံစားရသည်။
- တမလွန်ဘဝ၌လည်း ငရဲကျခြင်းစသော မကောင်းကျိုးများခံစားရပါသည်။

## ☸ ကံ၏နိယာမ

**သတ္တဝါဟူသမျှတို့သည် မိမိတို့ပြုလုပ်သော ကောင်းမှုကံ၊ မကောင်းမှုကံအရ ခံရ၊ စံကြရသည်။ ထိုကံ အကျိုးပေးမှုကို**

**မည်သည့်တန်ခိုးရှင်ကမျှ ပြုပြင်ပြောင်းလဲ၍ မရနိုင်ပါ။ ထိုသို့ ကောင်းမှု၊ မကောင်းမှု အကျိုးခံရမှုသည် နိယာမတရားသာ ဖြစ်ပါသည်။** ကောင်းမှုကံကြောင့် ကောင်းကျိုးများကို ရယူ ပိုင်ဆိုင်ရမည်ဖြစ်ပြီး မကောင်းမှုကံကြောင့် မကောင်းကျိုးများကို ပေးဆပ်ရမည်ဖြစ်သည်။

## ☸ ကံ အကျိုးပြလင်္ကာ

(၁) သူများအသက်၊ သတ်သည့်တွက်၊ အသက်ကိုယ်မှာတို၊
မသတ်ရှောင်ရှား၊ ထိုသူများ၊ ရှည်လျားအသက်ကို။

(၂) နှိပ်စက်ကလူ၊ ညှဉ်းဆဲမှု၊ ပြောထူရောဂါဆို၊
သနားစိတ်သွင်း၊ မနှိမ်နင်း၊ ကင်းရှင်းရောဂါကို။

(၃) ထန်ပြင်းဒေါသ၊ ကြီးတတ်က၊ အလှပျက်မည်ဆို၊
ဒေါသကင်းစင်၊ မေတ္တာယှဉ်၊ ကြည်လင်လှသကို။

(၄) မနာလိုပြန်၊ ဣဿာထန်၊ ခြံရံကင်းမည်ဆို၊
ဣဿာမထား၊ ဝမ်းမြောက်ပြား၊ ပေါများခြွေရံကို။

(၅) မလှူမတန်း၊ မပေးကမ်း၊ ခြောက်ခန်းဥစ္စာဆို၊
စွန့်ကြဲလေတုံ၊ ပြုပါကုန်၊ ကုံလုံကြွယ်ဝကို။

(၆) မာန်မာနကြွယ်၊ ထိုလူဝယ်၊ မျိုးနွယ်ညံ့မည်ဆို၊
ထိုက်သူရိုကျိုး၊ မာန်ကိုချိုး၊ အမျိုးမြတ်သကို။

(၇) သိဖွယ်ဟူသမျှ၊ မပေးက၊ ဖျင်း အ ပညာဆို၊
ကြားမြင်များအောင်၊ ပေးလေ့ဆောင်၊ ခနောင်တတ်သိကို။

## မကောင်းမှု ဒုစရိုက် တရားများ

မကောင်းမှုဒုစရိုက်ဆိုသည်မှာ မကောင်းသော ကိုယ်မှု၊ နှုတ်မှု၊ စိတ်မှုတို့ကို ပြုလုပ်ကျင့်ဆောင်ခြင်းဖြစ်ပါသည်။

### ☸ ကိုယ်ဖြင့်ပြုသော မကောင်းမှုအလုပ်(၃)မျိုး

(၁) သူတစ်ပါးအသက်ကိုသတ်ခြင်း၊

(၂) ပိုင်ရှင်က ကိုယ်၊ နှုတ်ဖြင့်မပေးသော သူတစ်ပါး ဥစ္စာကို ခိုးယူခြင်း၊

(၃) သူတစ်ပါးအိမ်ယာ ကာမဂုဏ်၌ မှားယွင်းစွာကျင့်ခြင်း။

### ☸ နှုတ်ဖြင့်ပြောသော မကောင်းမှုအလုပ် (၄)မျိုး

(၁) မဟုတ်မမှန်ပြောဆိုခြင်း၊

(၂) ချစ်ခင်သူနှစ်ဦး ကွဲကွာသွားအောင် ကုန်းတိုက်၊ ရန်တိုက် စကားပြောဆိုခြင်း၊

(၃) ဆဲရေးတိုင်းထွာခြင်း၊ ကြမ်းတမ်းသောစကားပြောဆိုခြင်း၊

(၄) အကျိုးမရှိ အနှစ်မဲ့သောစကားကို ပြောဆိုခြင်း။

### ☸ စိတ်ဖြင့်ကြံစည်သော မကောင်းမှုအလုပ် (၃)မျိုး

(၁) သူတစ်ပါးပစ္စည်းကို ငါ့ဥစ္စာဖြစ်လျှင် ကောင်းလေစွဟု မတရားကြံစည်ခြင်း၊

(၂) သူတစ်ပါးကို သေကြေပျက်စီးစေလိုခြင်း၊

(၃) ကံ ကံ၏အကျိုးကို မယုံကြည်ခြင်း။

## ☸ ဒုစရိုက်အပြစ်ပြလင်္ကာ

- သက်သတ်ခိုးမှု၊ ကာမေသု၊ သုံးခုကာယကံ။
- လှည့်ဖျား၊ ရန်တိုက်၊ မိုက်မိုက်ကန်းကန်း၊ နှုတ်ကြမ်းလေခြင်း၊ ပြိန်ဖျင်းစကား၊ ပြောဆိုငြား၊ လေးပါးဝစီကံ။
- သူ့ဥစ္စာမှန်၊ မတရားကြံ၍၊ ဖောက်ပြန်သေကြေ၊ ပျက်စေလိုငြား၊ အယူမှား၊ သုံးပါးမနောကံ။
- ဒုစရိုက်ဆယ်ဖြာ၊ ဤကမ္ဘာ၌၊ မိစ္ဆာအယူ၊ ရှိသော သူကား၊ သေမှုမလွဲ၊ ကျင်ရဲတည်း၊ ပေါက်လဲကမ္ဘာ၊ ပျက်သောခါပင်၊ ဗြဟ္မာ့ဘုံထက်၊ အဖျားတက်လည်း၊ တက်ခွင့်မရှိ၊ အဝီစိဝယ်၊ ကံ၏စေရာ၊ ခံရမှာ၊ မိစ္ဆာ အပြစ် ကြီးဆုံးတည်း။

# ကောင်းမှုသုစရိုက် တရားများ

ကောင်းမှုသုစရိုက်ဆိုသည်မှာ ကောင်းသော ကိုယ်မှု၊ နှုတ်မှု၊ စိတ်မှု တို့ကိုပြုလုပ် ကျင့်ဆောင်ခြင်းဖြစ်ပါသည်။

## ☸ ကိုယ်ဖြင့်ပြုသော ကောင်းမှုကံ(၃)မျိုး

(၁) သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်ခြင်း၊

(၂) ပိုင်ရှင်က ကိုယ်နှုတ်ဖြင့် မပေးအပ်သော သူ့ဥစ္စာ ခိုးယူခြင်း၊ မတရားယူခြင်းမှ ရှောင်ကြဉ်ခြင်း၊

(၃) သူတစ်ပါးအိမ်ယာ ကာမဂုဏ်တို့၌ မှားယွင်းစွာ ကျင့်ခြင်းမှ ရှောင်ကြဉ်ခြင်း။

## ❁ နှုတ်ဖြင့်ပြောသော ကောင်းမှုကံ(၄)မျိုး

(၁) မဟုတ်မမှန်ပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း၊

(၂) ချစ်ခင်ရင်းနှီးသူနှစ်ဦး ကွဲကွာသွားအောင် ကုန်းတိုက် စကားပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း၊

(၃) ဆဲရေးတိုင်းထွာခြင်း၊ ကြမ်းတမ်းသောစကား ပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း၊

(၄) အကျိုးမရှိ အနှစ်မရှိသောစကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း။

## ❁ စိတ်ဖြင့်ကြံစည်သော ကောင်းမှုကံ(၃)မျိုး

(၁) သူတစ်ပါးပစ္စည်းကို ငါ့ဥစ္စာဖြစ်လျှင် ကောင်းလေစွ ဟု မတရားကြံစည်ခြင်းမှ ရှောင်ကြဉ်ခြင်း၊

(၂) သူတစ်ပါးကို သေကြေပျက်စီးစေလိုခြင်းမှ ရှောင်ကြဉ်ခြင်း၊

(၃) ကံ ကံ၏ အကျိုးကို ယုံကြည်ခြင်း။

## ❁ လောက၌ပြုထိုက်သော ကောင်းမှုအမျိုးအစားများ

(၁) စွန့်ကြဲပေးကမ်းလှူဒါန်းခြင်း၊

(၂) ကိုယ်ကျင့် သီလများ စောင့်ထိန်းခြင်း၊

(၃) ရတနာသုံးပါးဂုဏ်ကို အာရုံပြုနေခြင်း၊

(၄) ရှိသေထိုက်သူကို ရှိသေခြင်း၊
(၅) သူတစ်ပါးကောင်းမှု ကိစ္စကြီးငယ်ကို ပြုစုဆောင်ရွက်ပေးခြင်း၊
(၆) မိမိပြုသော ကောင်းမှုအဖို့ကို အမျှပေးဝေခြင်း၊
(၇) သူတစ်ပါးတို့ကောင်းမှုပြုသည်ကိုမြင်လျှင်၊ ကြားလျှင်၊ အမျှပေးဝေလျှင် ဝမ်းမြောက်စွာ သာဓုခေါ်ခြင်း၊
(၈) ကောင်းသောတရားကို ကောင်းစွာနာယူခြင်း၊
(၉) ကောင်းသောတရားများကို ကောင်းစွာဟောပြောခြင်း၊
(၁၀) ကံ ကံ၏အကျိုးကို ယုံကြည်သော ဖြောင့်မှန်သော အယူရှိခြင်း။

⌘⌘⌘⌘⌘

# အခန်း(၈)

## ကံ ဉာဏ် ဝီရိယ ညီညွတ်မျှတမှု

- ကံဟုမူလ၊ သမ္မုဒ္ဓတို့၊ ဟောပြသည်မှာ၊ အရင်းသာရှင့်။
- ဥစ္စာဘောဂ၊ စီဝိတနှင့်၊ သုခပွားရန်၊ ဤလူ့ဌာန်၌၊ ဉာဏ်ဝီရိယ၊ ပယောဂတည်း။
- လုံ့လမထူ၊ ဉာဏ်မကူဘဲ၊ အယူတစ်ချောင်း၊ ကံတစ်ကြောင်းမျှ၊ မကောင်းလည်းကံ၊ ကောင်းလည်း ကံဟု၊ ကံကိုချည်းသာ၊ မကိုးရာဘူး။ (မဃဒေဝ)

သတ္တဝါတို့ ဘဝသံသရာကျင်လည်ကြရာ၌ လူဖြစ်ရခြင်း၊ နတ်ဖြစ်ရခြင်း၊ တိရစ္ဆာန်ဖြစ်ရခြင်းစသည်ဖြင့် ဘဝအမျိုးမျိုးသို့ ရောက်ရှိခြင်းသည် မိမိတို့ပြုလုပ်ခဲ့သော ကံတရားကြောင့် ဖြစ်၏။ ဘဝကို စီမံဖန်တီးသူ မူလ လက်သည် တရားခံမှာ ကံတရားဖြစ်သည်ဟု ဘုရားရှင်တိုင်း ဟောကြားတော်မူခဲ့၏။

သို့ရာတွင် ဤလူ့ဘုံဘဝ၊ လူ့ဌာန၌ စည်းစိမ်ဥစ္စာနှင့် ပြည့်စုံမှု၊ မပြည့်စုံမှု၊ အသက်ရှည်မှု၊ တိုမှု၊ ချမ်းသာမှု၊ ဆင်းရဲမှု စသောလူမှုဘဝ အဆင့်အတန်းမညီမျှမှုအဝဝသည် ကံသာမက ဉာဏ် ဝီရိယတို့နှင့်လည်းသက်ဆိုင်၏။ ကံတရားအပေါ် ယုံကြည်

ကြရာတွင် မျက်ကန်းယုံခြင်းမျိုး မဖြစ်ရ။ **မကောင်းလည်းကံ၊ ကောင်းလည်းကံ** ဟူ၍ ကံတစ်ခုတည်းကိုသာ အားကိုး ယုံမှတ်ပုံအပ်မထားရ။

## ☸ ထိပ်တန်းရောက်လိုလျှင်

ကံတရားအပေါ် မိမိတို့၏ ဉာဏစွမ်းအား၊ ဝီရိယစွမ်းအားတို့နှင့် ပေါင်းစပ်၍ ကံ၊ ဉာဏ်၊ ဝီရိယဘက်စုံ အမြင်ဖြင့် မိမိတို့ဘဝ အောင်မြင်တိုးတက်ရေးကို လုပ်ဆောင်ကြရပေမည်။ ကံကိုချည်းသာအားကိုးပြီး လုံ့လမထုတ်၊ ဉာဏ်မကူဘဲ အပျင်းထူ ထုံအအနေသူတို့သည် လူစဉ်မမီ လူမည်ကာမျှသာ ဖြစ်ကြပေလိမ့်မည်။

ဉာဏ်ပညာသည် အရာရာကို ဖြောင့်မတ်အောင် တည့်မတ်ပေးနိုင်၏။ အသိပညာနည်းပါးခြင်းသည် ဘဝတိုးတက်အောင်မြင်ရေးအတွက် အဓိက အဟန့်အတားဖြစ်၏။ လူသားတို့သည် အသိပညာမြင့်မားအောင် ကျောင်းကပေးသော ပညာများကို အစအဦးသင်ယူကြရ၏။ ထို့နောက် အသက်မွေးဝမ်းကျောင်းပညာများကို သင်ယူကြရ၏။ ထိုမှ တစ်ဆင့်တက်၍ ပတ်ဝန်းကျင်ကပေးသော ပညာများနှင့် ဘဝတက္ကသိုလ်တည်း ဟူသောဘဝပေးပညာများ၊ လူသားတို့ ကမ္ဘာကြီးကပေးသော ကုန်နိုင်ဖွယ်မရှိသည့် ပညာအမျိုးမျိုးကို သင်ယူကြရ၏။ ထိပ်တန်းရောက်နေသူမှန်သမျှသည် ဤသို့ အဆင့်ဆင့်သော ပညာများကို လေ့လာဆည်းပူးခဲ့ကြသူချည်းသာဖြစ်၏။

ဝီရိယစွမ်းအားနှင့် ပတ်သက်လျှင် **ကြိုးစားက ဘုရားဖြစ်နိုင်သည်**ဟူသော ဆိုရိုးစကားအရ ဝီရိယကို အပြည့်အဝ အသုံးချပါလျှင် မည်သည့်အရာမဆို အရာရာတိုင်း ဖြစ်နိုင်၏။ ရည်မှန်းချက် ကြီးမားသူတိုင်းကိုလည်း ဝီရိယစွမ်းအားက မဆုတ်မနစ် ပန်းတိုင်အရောက်ချီတက်ရန် တွန်းအားပေးနေ၏။

- **ဝီရိယဝတော ကိံ နာမ ကမ္မံ န သိဇ္ဈတိ။**
  လုံ့လဝီရိယရှိသောသူအား အဘယ်မည်သော အမှုကိစ္စမဆို မပြီးမြောက်နိုင်သည်မရှိ။
- **ဝီမံသဝတော ကိံ နာမ ကမ္မံ န သိဇ္ဈတိ။**
  ပညာရှိသောသူအား အဘယ်မည်သော အမှုကိစ္စမဆို မပြီးမြောက်နိုင်သည်မရှိ။

## ☸ ကံဉာဏ်ဝီရိယဆိုင်ရာ မှတ်သားဖွယ်စကားပုံများ

- ကံယုံပြီး ဆူးပုံမနင်းနှင့်။
- ကံမရှိ ဉာဏ်ရှိတိုင်းမွဲ။
- စေတနာကောင်းလျှင် ကံကောင်းမည်။
- ရှေးကကောင်းလို့ ခုကောင်းသည်၊
  ခုကောင်းမှ နောင်ကောင်းပါလိမ့်မည်။
- ပြုသူအသစ် ဖြစ်သူအဟောင်း။
- မတူလျှင် မတုနှင့်။

- လုံထမ်းလာသည်ကို မြင်နိုင်သည်၊
  ကံထမ်းလာသည်ကို မမြင်နိုင်။
- ပျက်အစဉ် ပြင်ခဏ။
- ပြုပြင်ချင်လျှင် ဘယ်အခါမှ နောက်မကျ။
- ပြောမှသိ ထိမှနာ သာမှနေ သေမှခင်
  ဤလေးအင် လူတွင် မကျင့်အပ်။
- အလိမ္မာ စာမှာရှိ။
- ပျင်းရိသောသူ နတ်မကူ။
- အချိန်နှင့်ဒီရေသည် လူကိုမစောင့်။
- အချိန်ရှိခိုက် လုံ့လစိုက်။
- အစကောင်းမှ အနှောင်းသေချာ။
- အနေချောင် အသေကျပ်၊ အနေကျပ် အသေချောင်။
- ဥစ္စာလိုသော် မပျင်းနှင့်။

⌘⌘⌘⌘⌘

# အခန်း(၉)

# စကား ဆိုင်ရာ မှတ်သားဖွယ်

## ☸ စကားအရာ အင်္ဂါ (၅) တန်

(၁) ပြောသင့်သောအချိန်၌ ပြောဆိုရခြင်း၊
(၂) အမှန်ကိုသာ ပြောဆိုရခြင်း၊
(၃) နူးညံ့ချိုသာစွာ ပြောဆိုရခြင်း၊
(၄) အကျိုးစီးပွားနှင့်စပ်သောစကားကို ပြောဆိုရခြင်း၊
(၅) မေတ္တာရှေ့ထား ပြောဆိုရခြင်း။

## ☸ စကားပြောရာ လိုက်နာသင့်သောအချက်များ

(၁) ပြောချိန်ပြောခွင့်သင့်မှ ပြောရခြင်း၊
(၂) ဟုတ်မှန်သောစကားကိုသာ ပြောရခြင်း၊
(၃) တရားနှင့်စပ်သောစကားကိုသာ ပြောရခြင်း၊
(၄) အကျိုးစီးပွားနှင့်စပ်သောစကားကိုသာ ပြောရခြင်း၊
(၅) ချစ်ဖွယ်သောစကားကိုသာ ပြောရခြင်း၊
(၆) ပြုံးရွှင်မှုရှေ့ထား၍ ပြောရခြင်း၊
(၇) မတိုမရှည် မပိုမလွန် ချင့်ချိန်ပြောရခြင်း၊
(၈) အဆောတလျင် မပြောရခြင်း၊
(၉) ယဉ်ကျေးသူတို့၏ အသုံးအနှုန်းဝေါဟာရကိုယူ၍ပြောရခြင်း၊
(၁၀) သန့်ရှင်းသေချာတိကျပြတ်သားစွာ ပြောရခြင်း။

## ☸ စကား (၆) ခွန်း

(၁) **ဟုတ်မှန်အကျိုးရှိ သူတစ်ပါးကြိုက်နှစ်သက်သော စကား၊**

(၂) **ဟုတ်မှန်အကျိုးရှိ သူတစ်ပါးမကြိုက်နှစ်သက်သော စကား၊**

(၃) ဟုတ်မှန်အကျိုးမရှိ သူတစ်ပါးကြိုက်နှစ်သက်သော စကား၊

(၄) ဟုတ်မှန်အကျိုးမရှိ သူတစ်ပါးမကြိုက်နှစ်သက်သော စကား၊

(၅) မဟုတ်မမှန်အကျိုးမရှိ သူတစ်ပါးကြိုက်နှစ်သက်သော စကား၊

(၆) မဟုတ်မမှန်အကျိုးမရှိ သူတစ်ပါး မကြိုက်နှစ်သက်သော စကား။

**လင်္ကာ**

စကားခြောက်ခွန်း လူ၌ထွန်း၊
လေးခွန်းကိုပယ် နှစ်ခွန်းတည်။

## ☸ ဆက်ဆံစကား မှတ်ဖွယ်(၆)ပါး

(၁) ချစ်ဖွယ်စကား၊ ဆိုတုံငြား၊ အများညွှတ်ကြောင်းမှတ်။

(၂) တူ၊ ညီ၊ အစ်ကို၊ ခေါ်နှုတ်ချို၊ ကြည်ညိုလိမ့်မည်မှတ်။

(၃) ကြမ်းကြုတ်စကား၊ သည်းခံငြား၊ ဘုရားအကြိုက်မှတ်။

(၄) ကျိုးရှိဟုတ်ရာ၊ နာ မနာ၊ ဆိုရာစကားမှတ်။
(၅) စကားပျက်ချော်၊ လျောင်သရော်၊ ဆိုသော်အပြစ်မှတ်။
(၆) တိုင်းထွာပြောကြား၊ နှုတ်စကား၊ အများမကြိုက်မှတ်။

## ☸ စကားဆိုင်ရာ မှတ်သားဖွယ်စကားပုံများ

- တံတားကို မှောင်ခိုမလျှောက်နှင့်၊
  စကားဆို တောင်လို မမောက်နှင့်။
- ထမင်းကိုသာ အကုန်စား၊
  စကားကို အကုန်မပြောနှင့်။
- နှုတ်ကြောင့် သေ၊
  လက်ကြောင့် ကြေ။
- ကြမ်းကျုံလျှင် နှုတ်ရ၊
  စကားကျုံလျှင်နှုတ်မရ။
- နှိုင်းနှိုင်းချိန်ချိန် သုခမိန်။
- နှုတ်ချို သျှိုတစ်ပါး။
- လူပြောမသန် လူသန်မပြော။

## ကာလာမသုတ် အနှစ်ချုပ်

ကေသမုတ္တိနိဂုံးရှာရှိ ကာလာမအနွယ် အမျိုးသားတို့သည် အယူဝါဒ အမျိုးမျိုးရှိကြကုန်၏။ အယူအဆအမျိုးမျိုးရှိသူတို့သည်လည်း ကေသမုတ္တိနိဂုံးရွာသို့ လာရောက်၍ မိမိတို့၏ မတူညီသော

အယူဝါဒများကို ပြောဟောကြကုန်၏။ ကာလာမမျိုးနွယ်တို့အဖို့ အယူဝါဒမျိုးစုံအကြားတွင် **ဘယ်ဝါဒမှန်သည် ကောင်းသည်** ဟု ဝေခွဲမရနိုင်အောင် ရှိလေ၏။

ကေသမုတ္တိနိဂုံးရွာကြီးသို့ ဗုဒ္ဓဘုရားရှင် ကြွရောက်တော်မူလာရာ အမျိုးမျိုးသောဝါဒရှိသူတို့က မိမိသန်ရာ အယူဝါဒများကို အသီးသီး ဆွေးနွေးလျှောက်ထားကြသဖြင့် ဘုရားရှင်က ကာလာမသုတ်ကို အနှစ်ထုတ်၍ ဟောကြားတော်မူခဲ့ပါသည်။ ကာလာမမျိုးနွယ်များကို ဟောကြားသဖြင့် ကာလာမသုတ်ဟု အမည်တွင်သကဲ့သို့ ကေသမုတ္တိနိဂုံးရွာကြီး၌ ဟောကြားသော သုတ်ဖြစ်သဖြင့် ကေသမုတ္တိသုတ်ဟုလည်း ခေါ်တွင်ပါသည်။

ကာလာမအနွယ်ဖွား အမျိုးသားတို့ သင်တို့သည် **အယူဝါဒ တစ်ခုတွေ့ရှိပြီဆိုလျှင်** –

၁။ တစ်ဆင့်စကား ကောလာဟလ ကြားသိကာမျှဖြင့်လည်း အမှန်ဟု မယူကြလင့်၊

၂။ မိရိုးဖလာ အစဉ်အဆက်စကားမျှဖြင့်လည်း အမှန်ဟု မယူကြလင့်၊

၃။ ဤသို့ဖြစ်ဖူးသတတ်ဟူသော ဒဏ္ဍာရီစကားမျှဖြင့်လည်း အမှန်ဟု မယူကြလင့်၊

၄။ ကျမ်းဂန်အထောက်အထားနှင့်ညီညွတ်ပေသည်ဟုလည်း အမှန်ဟု မယူကြလင့်၊

၅။ မိမိကြံစည်တွေးဆရုံမျှဖြင့်လည်း အမှန်ဟုမယူကြလင့်၊
၆။ နည်းမှီကြံဆနိုင်ရုံမျှဖြင့်လည်း အမှန်ဟု မယူကြလင့်၊
၇။ အခြင်းအရာ ကြောင်းကျိုးဆီလျော်ရုံမျှဖြင့်လည်း အမှန်ဟု မယူကြလင့်၊
၈။ အယူဝါဒချင်း ထပ်တူညီရုံမျှဖြင့်လည်း အမှန်ဟု မယူကြလင့်၊
၉။ ယုံကြည်ထိုက်သောပုဂ္ဂိုလ်၏ စကားဖြစ်သည်ဟု ပုဂ္ဂိုလ်စွဲ အားဖြင့်လည်း အမှန်ဟုမယူကြလင့်၊
၁၀။ ဆရာ့သြဝါဒ ဆရာ့စကားဟု ဆရာစွဲဖြင့်လည်း အမှန်ဟု မယူကြလင့်။

ကာလာမန္တယ်ဖွား အမျိုးသားတို့ **ဤတရားတို့ကား အကုသိုလ်တရားတို့ဖြစ်၏၊ အပြစ်ရှိသော တရားတို့ဖြစ်၏၊ ပညာရှိတို့ ကဲ့ရဲ့အပ်၏၊ ဤတရားတို့ကို ဆောက်တည်ခြင်းအားဖြင့် အစီးအပွား မဲ့၍ ဆင်းရဲခြင်းငှာ ဖြစ်၏**ဟု မိမိတို့ကိုယ်တိုင်သိရှိပြီး ပယ်စွန့်ကြကုန်ရာ၏။

ကာလာမန္တယ်ဖွား အမျိုးသားတို့ **ဤတရားတို့ကား ကုသိုလ်တရားတို့ ဖြစ်၏၊ အပြစ်မရှိကုန်၊ ပညာရှိတို့ ချီးမွမ်းအပ်၏၊ ဤတရားတို့ကို ဆောက်တည်ခြင်းအားဖြင့် အစီးအပွားဖြစ်ထွန်း၍ ချမ်းသာခြင်းငှာဖြစ်၏**ဟု မိမိတို့ကိုယ်တိုင်သိရှိပြီး ပြည့်စုံစေ၍ ကျင့်သုံးကြကုန်ရာ၏ဟူ၍ ဘုရားရှင်က ဟောကြားတော်မူခဲ့ပါသည်။

**လက်ာ**

ဘာသာဝါဒ၊ မတူကြ၍၊ လောကအတွင်း၊ ငြင်းခုံခြင်းဖြင့်၊ ဆင်းရဲဒုက္ခ၊ ရောက်ကုန်ကြ၏။ ဝါဒအယူ၊ မှားခဲ့မူကား၊ ဆူဆူဗုဒ္ဓ၊ ကယ်မရသည့်၊ လေးဝပါယ်ဘုံ၊ ဘေးတွေ့ ကြုံလိမ့်၊ စေ့စုံဉာဏ်ဖြင့်၊ မြော်ထောက်ချင့်ကာ-

(၁) တစ်ဆင့်ကြားသိ၊

(၂) မိရိုးဖလာ၊

(၃) ကောလာဟလ၊

(၄) ကျမ်းစာမျှနှင့်၊

(၅) ကြံ့ဆ၊

(၆) နည်းမှီ၊

(၇) ဆီလျော်သုံးသပ်၊

(၈) ယူချင်းထပ်၍၊

(၉) ယုံအပ်သူပဲ၊

(၁၀) ဆရာစွဲဖြင့်၊

လွဲပုံစိတ်ချ၊ မယူကြလင့်၊ ဒိဋ္ဌကျင့်ကြံ့၊ ကိုယ်ပိုင်ဉာဏ်ဖြင့်၊ မှားမှန်ကောင်းဆိုး၊ သိအောင်ကြိုးဟု၊ မျိုးကာလာမ၊ ဟောညွှန်ပြ၊ ဝါဒအယူစစ်တမ်းပေ။

**(မြွှာစရိယ ဦးဌေးလှိုင်)**

## ဝစီဘောဒထိတိုင်းရှ

ဝစီဘောဒဆိုသည်မှာ နှုတ်ဖြင့်ပြောဆိုသော စကားအစိတ်အပိုင်းများဖြစ်သည်။

### ❁ ဝစီဘောဒ (၄)မျိုး

မကောင်းသဖြင့် ပြောဆိုခြင်း(၄)မျိုးရှိသည်။ ၄င်းတို့မှာ-

(၁) မဟုတ်မမှန် လိမ်ညာပြောဆိုခြင်း၊

(၂) ကြမ်းတမ်းစွာပြောဆိုခြင်း၊

(၃) ချောပစ်ကုန်းတိုက်ပြောဆိုခြင်း၊

(၄) အကျိုးမရှိ စကားပြောဆိုခြင်းတို့ဖြစ်ကြသည်။

လောကလူသားတို့သည် နှုတ်ဖြင့်စကားများကို နေ့စဉ်ပြောဆိုနေကြသည်။ နှုတ်ထွက်စကားတိုင်းကို အလွယ်တကူ အမှတ်မထင်ပြောတတ်ကြပါသည်။ စကားတိုင်းတွင် ကုသိုလ် (သို့မဟုတ်) အကုသိုလ် စေတနာများ ပါဝင်နေသည်ကို အထူးသတိပြုကြရန် လိုအပ်ပါသည်။

စကားနောက်တရားပါဆိုသကဲ့သို့ နှုတ်ထွက်စကားများတွင် စော်ကားမော်ကားပြောဆိုမှုများ၊ အမှတ်မထင်ပြက်ရယ်ပြောဆိုမှုများ၊ နှိမ့်ချပြောဆိုမှုများ၊ မထီမဲ့မြင်ပြောဆိုမှုများ၊ မောက်မာစွာပြောဆိုမှုများ၊ ကြမ်းတမ်းခက်ထန်စွာပြောဆိုမှုများသည် စကားတိုင်း၌ အကုသိုလ်စေတနာများ ပါဝင်နေသည်ကို သတိမပြုမိဘဲ ပြောမိတတ်ကြသည်။ **ဝစီဘောဒ ထိတိုင်းရှ** တတ်သဖြင့် ထိုဝစီဒုစရိုက်ကံသည် ပြစ်မှားခံရသော ပုဂ္ဂိုလ်၏ သီလဂုဏ်၊ သမာဓိဂုဏ်၊

ပညာဂုဏ်တို့အပေါ် မူတည်၍ အပြစ်ကြီးငယ် ကွဲပြားသွားစေသည်ကို အထူးသတိပြုသင့်လှပေသည်။

မိမိ၏နှုတ်ထွက်စကားတစ်ခုသည် တစ်ခဏအတွင်း ဘာမျှမဖြစ်သေး၍ သာမန်ဟု ထင်တတ်ကြသော်လည်း ထိုနှုတ်ထွက်ကြမ်းမှုကြောင့် သံသရာတစ်လျှောက် မိမိထံမှောက်သို့ ပြန်လည်၍ တုံ့ပြန်ပြီး ဝဋ်ကြွေးခံရသည်ကို ဇာတ်နိပါတ်တော်လာ သာဓကများစွာရှိရာ လေ့လာမှတ်သား၍ စောင့်စည်းသင့်ကြပါသည်။

## ဝစီဘေဒထိတိုင်းရှု အပြစ်ပြသာဓကများ

### ☸ ဂေါတမဘုရားရှင် ဒုက္ကရစရိယာ ခြောက်နှစ်ကျင့်ခဲ့ရသည့် ဝစီကံဝဋ်ကြွေး

ကဿပဘုရားရှင်လက်ထက် ဂေါတမဘုရားလောင်းသည် ဇောတိပါလလုလင်ဖြစ်ခဲ့သည်။ သူငယ်ချင်းဖြစ်သူ ဃဋီကာရက ကဿပဘုရားလောင်းသည် ခြောက်ရက်မျှကျင့်သဖြင့် ဘုရားဖြစ်လာသည်ဟုပြောသောအခါ **ဒီဘုရားခြောက်ရက်ကျင့်၍ ဘုရားဖြစ်လျှင် ငါကျလျှင် ခြောက်နှစ်ကျင့်မည်**ဟုပြောခဲ့သော ဝစီဘေဒစကား တစ်ခွန်း၏ အပြစ်ကြောင့် ဂေါတမဘုရားလောင်းသည် ဒုက္ကရစရိယာခြောက်နှစ်တိုင် ပင်ပန်းကြီးစွာ ကျင့်ကြံပြီးမှ ဘုရားအဖြစ်သို့ ရောက်တော်မူခဲ့ရလေသည်။

## ☸ စိဥ္စမာဏဝိကာ အစွပ်စွဲခံရမှု ဝစီကံဝဋ်ကြွေး

လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းအထက် နိယတဗျာဒိတ်မခံရမီဘဝ၌ ဂေါတမဘုရားလောင်းသည် အရက်သမားဖြစ်ခဲ့သည်။ ထိုအချိန်တွင်သဗ္ဗာဘိဘူမည်သော ဘုရားပွင့်နေချိန်ဖြစ်သည်။

ဘုရားရှင်၏တပည့် နန္ဒအမည်ရှိသော ရဟန္တာမထေရ်ဆွမ်းရပ်သာသည်ကို အရက်မူးမူးဖြင့် သူယုတ်မာဟု ပြောဆိုစွပ်စွဲ၍ အရိယာပုဂ္ဂိုလ်အားစွပ်စွဲပြောဆိုသောအကုသိုလ် ကံကိုကျူးလွန်ခဲ့သဖြင့် ငရဲ၌ နှစ်ပေါင်းများစွာခံခဲ့ရသည်။ ထိုဝစီကံကြောင့် ဘဝများစွာစွပ်စွဲခံခဲ့ရပြီး ဂေါတမဘုရားအဖြစ်ရောက်သောအခါ၌ စိဥ္စမာဏဝိကာ၏ စွပ်စွဲမှုကို ခံခဲ့ရသည်။

## ☸ မုယောဆွမ်းကြမ်းဘုဉ်းပေးရသော ဝစီကံဝဋ်ကြွေး

လွန်ခဲ့သော(၉)ကမ္ဘာထက်၌ ဖုဿဘုရားရှင်ပွင့်စဉ် ဘုရားအလောင်းသည် မထင်ရှားသော အမျိုးသားတစ်ဦး ဖြစ်ခဲ့ပြီး သူဆိုးလူမိုက် မကောင်းသော မိတ်ဆွေများနှင့် ပေါင်းမိသည်။

ဖုဿဘုရားရှင်၏ တပည့်သာဝကတို့ ဆွမ်းဘုဉ်းပေးသည်ကို ကြည့်ပြီး ဂေါတမဘုရားအလောင်းက **သင်တို့ မုယောဆွမ်းကြမ်းကို စားကြပါ၊ သလေးဆွမ်းနုကို မစားသင့်**ဟု ခထိမဲ့မြင် ပြောဆိုပြစ်မှားမိခဲ့သည်။ ထိုဝစီကံ ဝဋ်ကြွေးကြောင့် ဝေရဉ္စာမြို့၌ ဝါတွင်းကာလတစ်လျှောက်လုံး သီတင်းသုံးစဉ် မုယောဆွမ်းကြမ်းကို ဘုဉ်းပေးတော်မူခဲ့ရသည်။

## ☸ ပိတ်ချင်းသီးသည်၏ ဝစီကံဝဋ်ကြွေး

အရှင်ပိလိန္ဒဝစ္ဆမထေရ်သည် ဘဝငါးရာကာလပတ်လုံး သူတစ်ဖက်သားကို သူယုတ်ဟု ခေါ်ဝေါ်သော အလေ့အကျက် အထုံဝါသနာပါခဲ့သူဖြစ်သည်။ တစ်နေ့တွင် ရာဇဂြိုဟ်မြို့တွင်း ဆွမ်းခံကြွစဉ် ပိတ်ချင်းသီးများ ခွက်အပြည့်ထည့်ယူလာသော ယောကျာ်းတစ်ယောက်နှင့် မျက်နှာချင်းဆိုင်ဆုံမိသောအခါ **သူယုတ်၊ သင့်ခွက်ထဲက ဘာတွေလဲ**ဟု မေးလိုက်ရာ ပိတ်ချင်းသီးသည်ယောကျာ်းက နံနက်စောစော စျေးရောင်းခါနီးကာလ၌ သူယုတ်ဟု အခေါ်ခံရ၍ အမျက်ထွက်ကာ ခွက်ထဲက ကြွက်ချေးတွေဟု ရဟန္တာကိုစော်ကားပြောဆိုမိခဲ့ရာ ထိုဝစီကံဝဋ်ကြွေးကြောင့် ပိတ်ချင်းသီးများမှာ ချက်ချင်းကြွက်ချေးများ ဖြစ်သွားရလေသည်။

## ☸ သုပ္ပဗုဒ္ဓလူနူဖြစ်ရသော ဝစီကံဝဋ်ကြွေး

သောတာပန် ပါရမီရှိသော သုပ္ပဗုဒ္ဓလူနူသည် တစ်ချိန်က ရာဇဂြိုဟ်ပြည်ရှိ သူဌေးသားတစ်ဦး ဖြစ်ခဲ့လေသည်။

တစ်နေ့၌ သူဌေးသားဥယျာဉ်သို့ ပျော်ပွဲစားသွားရာ ရာဇဂြိုဟ်မြို့တွင်းသို့ ဆွမ်းခံဝင်လာသော တဂရသိခီအမည်ရှိ ပစ္စေကဗုဒ္ဓါကို မျက်နှာချင်းဆိုင် ဆုံတွေ့မိသည်တွင် မနှစ်မြို့သော ဒေါသစိတ်ဖြင့်-

**ဦးပြည်း ကတုံးတုံးပြီး သစ်ခေါက်ဆိုးအဝတ်ကို ခြုံထားသောသူဟာ ဘယ်သူလဲ၊ အနူဖြစ်လိမ့်မယ်ထင်တယ်**ဟု မထီမဲ့မြင် ပြောဆိုပြီး တံတွေးဖြင့်ထွေးခဲ့သည်။

ထိုဝစီကံဝဋ်ကြွေးကြောင့် ဂေါတမဘုရားရှင် လက်ထက်တွင် သုပ္ပဗုဒ္ဓသည် လူနူဘဝရောက်ခဲ့ရလေသည်။

## ☸ နှုတ်သရမ်းမှုကြောင့် နူနာစွဲကပ်ခံရသော သမိတိဂုတ္တမထေရ်၏ ဝစီကံဝဋ်ကြွေး

သမိတိဂုတ္တမထေရ်လောင်းသည် ဘဝတစ်ခုတွင် နှုတ်သရမ်းသော အမျိုးသားဖြစ်ခဲ့ပြီး သင်္ကန်းခြုံရုံ၍ ဆွမ်းခံလှည့်လည်လာသော ပစ္စေကဗုဒ္ဓါတစ်ပါးကို မြင်ရလေလျှင် နှုတ်သရမ်းပြီး **ဤကတုံးရဟန်း နူနေပုံရသည်၊ နူနေသည့်အတွက် သင်္ကန်းကို ခြုံရုံ၍ လှည့်လည်လာတာဖြစ်လိမ့်မည်**ဟု ကဲ့ရဲ့စွပ်စွဲပြီး တံတွေးနှင့်ထွေးကာ ထွက်ခွာသွားသည်။

ထိုဝစီကံဝဋ်ကြွေးကြောင့် ငရဲ၌ဘဝများစွာခံရပြီး ဂေါတမဘုရားရှင်လက်ထက်တွင် နူနာစွဲကပ်ခံရသောမထေရ် ဖြစ်ခဲ့ရသည်။

## ☸ မျောက်ညိုဖြစ်သွားရသော ဝေဿကာရပုဏ္ဏားရဲ့ ဝစီကံဝဋ်ကြွေး

ဝေဿကာရပုဏ္ဏားသည် ရာဇဂြိုဟ်၌ ထင်ရှားကျော်ကြားသော ပုဏ္ဏားဖြစ်သလို ပုဏ္ဏားမာန်ကြီးသော ပုဂ္ဂိုလ်တစ်ဦးဖြစ်သည်။

တစ်နေ့တွင် ဂိဇ္ဈကုဋ်တောင်မှ ကြွဆင်းလာသော ရှင်မဟာကစ္စည်းကိုတွေ့မြင်ရလျှင် ကြည်ညိုစိတ်မဖြစ်ဘဲ မနာလိုဝန်တိုသောစိတ်ဖြင့် -

**ဒီရဟန်း မျောက်နှင့်တူလိုက်တာ**ဟု ကဲ့ရဲ့နှုတ်ထွက်စကားဆိုမိလိုက်သည်။

ထိုဝစီကံစကားကြောင့် သေဆုံးသောအခါ ဝေဠုဝန်ဥယျာဉ်၌ မျောက်ညိုဖြစ်ခဲ့ရလေသည်။

## ☸ အမ္ဗပါလီပြည့်တန်ဆာမ ဖြစ်ရမှု ဝစီကံဝဋ်ကြွေး

အမ္ဗပါလီသည် ဝေသာလီပြည်၌ အလှဂုဏ်တို့ဖြင့် ထင်ရှားကျော်ကြားသော ပြည့်တန်ဆာမတစ်ဦး ဖြစ်ခဲ့သည်။

သူမသည် သိခီဘုရားလက်ထက်တွင် သာသနာ့ဘောင်ဝင်ကာရဟန်းမပြုခဲ့သည်။ တစ်နေ့တွင် အဖော်ရဟန်းမများနှင့်အတူ စေတီရှိခိုး၍ လက်ျာရစ် လှည့်လည်ပူဇော်စဉ် ရှေ့ဆုံးမှ သွားနှင့်သော ရဟန္တာထေရီမတစ်ပါးသည် နှာချေသဖြင့် နှာရည်ပေါက်သည် စေတီရင်ပြင်၌ အမှတ်တမဲ့ကျသွားသည်။

ထိုနှာရည်ပေါက်ကိုမြင်ရလျှင် အမ္ဗပါလီရဟန်းမသည် ဒေါသဖြစ်လျက် **ဘယ်ပြည့်တန်ဆာမက ဒီနေရာမှာ တံတွေးထွေးသွားခဲ့ပါသလဲ** ဟု ဆဲရေးတိုင်းထွာခဲ့သည်။

ထိုနှုတ်ထွက်စကားကြောင့် သူမသည် ငရဲ၌ နှစ်ပေါင်း

များစွာ ကျင်လည်ခဲ့ရပြီး ငရဲမှလွတ်ပြီးနောက် ဘဝများစွာ ပြည့်တန်ဆာမ ဖြစ်ခဲ့ရသည်။ ဂေါတမဘုရား လက်ထက်တွင် အမ္ဗပါလီသည် ပြည့်တန်ဆာမ အဖြစ်မှ အမ္ဗပါလီထေရီမအဖြစ် ကျွတ်တန်းဝင်သွားလေ၏။

## ❁ ခုဇ္ဇုတ္တရာ၏ ဝစီကံဝဋ်ကြွေး

ခုဇ္ဇုတ္တရာသည် သာမာဝတီမိဖုရား၏ ပန်းအဝယ်တော် အစေခံကျွန်မတစ်ဦးဖြစ်သည်။ သူမသည် ခါးကုန်းနေသဖြင့် ခုဇ္ဇုတ္တရာခါးကုန်းမလေးဟုခေါ်ဝေါ်ခံရသည်။

ခါးကုန်းမလေးဖြစ်ရသည်မှာ ဂေါတမဘုရားမပွင့်မီ ခုဇ္ဇုတ္တရာ အလောင်းလျာအမျိုးသမီးသည် ဗာရာဏသီမင်း၏ နန်းတော်၌ မောင်းမမိဿံဘဝ၌နေရစဉ် နန်းတော်သို့ ဆွမ်းခံဝင်လာသော ခါးကုန်းနေသည့် ပစ္စေကဗုဒ္ဓါအရှင်မြတ် တစ်ပါးကို ဖူးမြင်ရ၍ အတူနေမောင်းမမိဿံတို့ရှေ့၌မိမိ၏ ဝတ်ရုံကို သင်္ကန်းအသွင်ပြုဝတ်ရုံကာ **နန်းတော်ကို ဆွမ်းခံကြွတဲ့ ကိုယ်တော်က ဒီလို ဒီလိုကြွတယ်**ဟု ပြောင်လှောင်လျက် ပစ္စေကဗုဒ္ဓါခါးကုန်း ပုံသဏ္ဌာန် ပြုလုပ်ပြခဲ့သည်။

ထိုဝစီကံ ဝဋ်ကြွေးနှင့် ကာယကံအပြုအမူတို့ကြောင့် ါးကုန်းမလေးဘဝရရှိခဲ့ရသည်။

⌘⌘⌘⌘⌘

## ယခုလည်းကောင်း နောင်လည်းကောင်း

- ပကာသန၊ မပါကြဘဲ၊
  ဒါနစုစု၊ ကောင်းအောင်ပြုလော့၊
- တစ်ခုဒါန၊ ပါရုံမျှဖြင့်၊
  သံသရာကြီး၊ လမ်းခရီးကား၊
  ဘယ်နည်းနှင့်မျှ၊ မဖြောင့်ကြဘူး၊
- သီလအကျင့်၊ လုံအောင်ကျင့်လျက်၊
  အသင့်မေတ္တာ၊ ကရုဏာနှင့်၊
  သစ္စာခန္တီ၊ စိတ်လည်းရှည်၍၊
  ကိုယ်စီစိတ်မှု၊ ကောင်းအောင်ပြုမှ၊
  ယခုလည်းကောင်း၊ နောင်လည်းကောင်းလိမ့်။

(မဟာဂန္ဓာရုံဆရာတော် အရှင်ဇနကာဘိဝံသ)

# အခန်း(၁၀)

# ဒါနအကျိုး

## ☸ ဒါန

ဒါနဆိုသည်မှာ စွန့်ကြဲပေးကမ်းလှူဒါန်းခြင်းဖြစ်ပါသည်။

## ☸ ဒါန (၂) မျိုး

(၁) အဝတ်အစား၊ နေရာထိုင်ခင်း၊ လှူဖွယ်ဝတ္ထု ပစ္စည်းနှင့် လုပ်အားစသည်ကိုလှူဒါန်းခြင်းသည် ဝတ္ထုဒါနမည်၏။

(၂) ထိုအလှူနှင့်ပတ်သက်၍ အလှူရှင်၏ သန္တာန်၌ ဖြစ်သည့် ပေးကမ်း လှူဒါန်းလိုသော စေတနာ သည် စေတနာဒါနမည်၏။

## ☸ စေတနာ(၃)တန်

(၁) မလှူမီ ရည်မှန်းကာလ၌ ဖြစ်ပေါ်နေသော စိတ်အစဉ်သည် **ပုဗ္ဗ**စေတနာဖြစ်သည်။

(၂) လှူနေဆဲကာလဖြစ်ပေါ်နေသော စိတ်အစဉ်သည် **မုဉ္စ**စေတနာဖြစ်သည်။

(၃) လှူပြီးနောက် တသသ ကြည်နူးနေသော စိတ်အစဉ် သည် **အပရ**စေတနာဖြစ်သည်။

## ❁ အလှူ၏သဘော

- နတ်ပြည်စောင်းတန်း လှေကား ဖြစ်သည်။
- မြတ်သောရိက္ခာထုပ်ဖြစ်သည်။
- ဖြောင့်ဖြူးသောနတ်ပြည်ခရီးလမ်းဖြစ်သည်။
- မြတ်သောမဂ်ဖိုလ်နိဗ္ဗာန်၏ အကြောင်းဖြစ်သည်။
- မိမိဖြစ်လိုရာကို ပြီးစီးအောင်မြင်စေတတ်သည်။
- စည်းစိမ်ချမ်းသာကိုပေးတတ်သည်။
- ချမ်းသာမှုကို တိုးပွားစေတတ်သည်။
- မယဉ်ကျေးသူတို့ကို ယဉ်ကျေးစေတတ်သည်။
- အလုံးစုံသောအကျိုးကို ပြီးမြောက်စေတတ်သည်။
- အမွန်မြတ်ဆုံးသော မင်္ဂလာတစ်ပါး ဖြစ်သည်။

## ❁ အလှူ၏အကျိုးပေးမှု

- အကျိုးပေးရာ၌ စေတနာကသာ အကျိုးပေးသည်။
- လှူဖွယ်ပစ္စည်းများသည် စေတနာ ထက်သန်အောင် အထောက်အပံ့ပြုကြသည်။
- စေတနာ ထက်သန်လျှင် ညောင်စေ့လောက်မျှ လှူသော်လည်း ညောင်ပင်ကြီးလောက် အကျိုး ရနိုင်သည်။

- သို့အတွက် အလှူပြုရာ၌ စေတနာ သုံးတန် ထက်သန်ရန် ကြိုးစားရမည်။

## ☸ အလှူခံပုဂ္ဂိုလ် (၁၄) ဦး

(၁) တိရစ္ဆာန်၊

(၂) သီလမရှိသောပုထုဇဉ်၊

(၃) သီလရှိသောပုထုဇဉ်၊

(၄) သာသနာပအခါ ဈာန်အဘိညာဉ်ရ ရသေ့များ၊

(၅) သောတာပတ္တိမဂ်ပုဂ္ဂိုလ်၊

(၆) သောတာပတ္တိဖိုလ်ပုဂ္ဂိုလ်၊

(၇) သကဒါဂါမိမဂ်ပုဂ္ဂိုလ်၊

(၈) သကဒါဂါမိဖိုလ်ပုဂ္ဂိုလ်၊

(၉) အနာဂါမိမဂ်ပုဂ္ဂိုလ်၊

(၁၀) အနာဂါမိဖိုလ်ပုဂ္ဂိုလ်၊

(၁၁) အရဟတ္တမဂ်ပုဂ္ဂိုလ်၊

(၁၂) အရဟတ္တဖိုလ်ပုဂ္ဂိုလ် (ရဟန္တာ)၊

(၁၃) ပစ္စေကဗုဒ္ဓါ၊

(၁၄) သဗ္ဗညုဘုရား။

## ❁ အလှူခံပုဂ္ဂိုလ်အလိုက် အကျိုးပေးမှု

| | | |
|---|---|---|
| (၁) | တိရစ္ဆာန်အားလှူက | ဘဝတစ်ရာ |
| (၂) | သီလမရှိသူအားလှူက | ဘဝတစ်ထောင် |
| (၃) | သီလရှိသောသူအားလှူက | ဘဝတစ်သိန်း |
| (၄) | ဈာန်ရ ရသေ့အားလှူက | ဘဝကုဋေတစ်သိန်း |
| (၅) | သောတာပန်အားလှူက | ဘဝအသင်္ချေ |
| (၆) | အထက်အရိယာများအားလှူက | ဘဝအသင်္ချေအနန္တ |
| (၇) | ပစ္စေကဗုဒ္ဓါ၊ သဗ္ဗညု ဗုဒ္ဓအား လှူက | ထိုထက်တိုးလျက် ဆင့်ကာ ဆင့်ကာ တိုး၍ ကောင်းကျိုး များ ပေးနိုင်သည်။ |

# အလှူအမျိုးအစား(၃)မျိုး

## ❁ အညံ့စားအလှူ

(၁) ညံ့ဖျင်းသောအလို အားထုတ်မှု၊ စိတ်နေ စိတ်ထား၊ မလေးနက်သော အသိဉာဏ်ဖြင့် ပေးလှူသော အလှူ၊

(၂) မိမိသုံးစွဲသော ပစ္စည်းဝတ္ထုထက် နိမ့်ကျ ညံ့ဖျင်း သော လှူဖွယ်ဝတ္ထု ပေးလှူသောအလှူ၊

(၃) ဂုဏ်သတင်းကျော်ကြားမှုကို မျှော်ကိုးပြုလုပ် သော အလှူ၊

(၄) မိမိဂုဏ်ကို ဂုဏ်တင်လျက် တစ်ပါးသူကို နှိမ့်ချလို၍ ပြုလုပ်သောအလှူ၊

(၅) ဘဝစည်းစိမ်ကို ဆုတောင်း၍ ပြုလုပ်သော အလှူ။

## ☸ အလတ်စားအလှူ

(၁) သာမန်အလိုဆန္ဒ၊ ဝီရိယ၊ စိတ်နေစိတ်ထား၊ တွေးခေါ်မြော်မြင်မှုတို့ဖြင့် ပြုလုပ်သောအလှူ၊

(၂) မိမိသုံးစွဲသောပစ္စည်းဝတ္ထု အမျိုးအစားအတိုင်း ပေးလှူသောအလှူ၊

(၃) ကောင်းမှုရလိုသောရည်မှန်းချက်ဖြင့် ပြုလုပ်သောအလှူ၊

(၄) လောကီချမ်းသာကို ဆုတောင်းပြုလုပ်သော အလှူ၊

(၅) မိမိတစ်ဦးတည်းအတွက် သံသရာလွတ်မြောက်ရေးကို ရည်မှန်းဆုတောင်း၍ ပြုလုပ်သော အလှူ။

## ☸ အမြတ်စားအလှူ

(၁) ကောင်းမွန်ထက်သန်သောဆန္ဒ၊ ဝီရိယ၊ စိတ်နေစိတ်ထား၊ တွေးခေါ်မြော်မြင်မှုတို့ဖြင့် ပြုလုပ်သော အလှူ၊

(၂) မိမိသုံးစွဲသော ပစ္စည်းဝတ္ထုထက် သာလွန်မွန်မြတ်သော ပစ္စည်းကိုပေးလှူသော အလှူ၊

(၃) ဒါနအကျိုးကို မမျှော်ကိုးဘဲ သူတော်ကောင်းတို့၏ အလုပ်ဟု နားလည်၍ပြုလုပ်သော အလှူ၊

(၄) ဝဋ်ဆင်းရဲအပေါင်းမှ လွတ်မြောက်ရန် နိဗ္ဗာန်ချမ်းသာကို ရည်သန်ဆုတောင်း ပြုလုပ်သော အလှူ၊

(၅) သတ္တဝါအပေါင်းတို့ သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်ရေးအတွက် ဘုရားလောင်းတို့ ကျင့်ဆောင်ဆည်းပူး ပေးလှူသောအလှူ။

## အနည်းငယ်မျှသောအလှူဖြင့် ကြီးမားသော အကျိုးရရှိပုံပြ သာဓကများ

### ☸ ဆီမီးရှင်နတ်သမီး

ဘုရားရှင် သာဝတ္ထိပြည်၌ သီတင်းသုံးနေစဉ် အချိန်ဖြစ်သည်။ ဥပုသ်နေ့တစ်နေ့တွင် များစွာကုန်သော ဥပါသကာတို့သည် နံနက်ပိုင်း ဥပုသ်သီတင်းဆောက်တည်ကြသည်။ ညအချိန် တရားနာကြသည်။ တရားနာနေစဉ် နေဝင်သွား၍ တစ်ယောက်သော ဥပုသ်သည်အမျိုးသမီးသည် ယခုအခါ ဆီမီးထွန်းညှိ ပူဇော်က ကောင်းမည်ဟု ကြံရွယ်၍ ဆီမီးထွန်းကာ တရားပလ္လင် ရှေ့၌ ချထားကာ လှူသည်။

ထိုအမျိုးသမီးသည် နောင်သောအခါ ရောဂါတစ်ခုဖြင့် သေသော် တာဝတိံသာနတ်ပြည်၌ ခပ်သိမ်းသောအလိုကို ပေး

နိုင်သော ဓာတိရသမည်သော နတ်သမီးဖြစ်ပြီး ဘုံဗိမာန်သည် ကျောက်မျက်ရတနာဖြင့်ပြီးသည်။ ကိုယ်ရောင်သည် အရုပ်ဆယ် မျက်နှာသို့ ပျံ့နှံ့သည်။

## ☸ နှမ်းအလှူရှင် ဗိမာန်ရှင်နတ်သမီး

ဘုရားရှင်သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံး နေစဉ် အချိန်ဖြစ်သည်။ ဘုရားရှင်သည် နံနက်မိုးသောက်သော် ကျွတ်ထိုက်သော သတ္တဝါတို့ကို မဟာကရုဏာတော်စိတ်ဖြင့် ဖြန့်ကျက်ကြည့်သော် ရာဇဂြိုဟ်မှကိုယ်ဝန်ဆောင်အမျိုးသမီးသည် ယနေ့ပင်သေဆုံးမည်၊ သေသော်ငရဲ၌ ဖြစ်ရမည်ကို သိမြင်သည်။ သို့ဖြစ်၍ထိုအမျိုးသမီးကိုကယ်တင်ရန်သင်္ကန်းဝတ်ရုံပြင်ဆင်ပြီး ချက်ချင်းပင် တန်ခိုးတော်ဖြင့် သာဝတ္ထိပြည်မှ ရာဇဂြိုဟ်ပြည်သို့ ကြွ၍ ဆွမ်းခံဝင်သည်။ ရာဇဂြိုဟ်ပြည်မှ ကိုယ်ဝန်ဆောင် အမျိုးသမီးသည် နှမ်းများကို ရေဆေးပြီးနေလှန်းနေစဉ် ဘုရားရှင် ကြွရောက်လာရာ ထိုအမျိုးသမီးသည် ဘုရားရှင်ကိုမြင်၍ သဒ္ဓါစိတ် ဖြစ်ပေါ်ကာ မိမိလှန်းထားသော နှမ်းတို့ကို လက်ဖြင့်ဆုပ်ယူ၍ ဝမ်းမြောက်ဝမ်းသာ ပေးလှူခဲ့သည်။

ထိုအမျိုးသမီးသည် ထိုညတွင်ပင် ကွယ်လွန်ခဲ့ရာ တာဝတိံသာနတ်ပြည်၌ (၁၂)ယူဇနာရှိသော ရွှေဗိမာန်၌ နတ်သမီးဖြစ်ရသည်။

## ☸ ထမင်းချိုးလှူခဲ့သော ဗိမာန်ရှင်နတ်သမီး

ဘုရားရှင်သည် ရာဇဂြိုဟ်ပြည်၌ သီတင်းသုံးနေစဉ် ဖြစ်သည်။ အိမ်တစ်အိမ်၌ ကပ်ရောဂါကျရောက်ပြီး မိဘများ သေဆုံးခဲ့၍ သမီးဖြစ်သူသည် ထိုအိမ်မှထွက်ပြေးကာအခြား အိမ်တစ်လုံး၏ နောက်ဖေးတွင် ကပ်ရပ်နေထိုင်ရသည်။ ထိုအိမ်ရှင်များက သနားသဖြင့် ထမင်းချိုး ထမင်းကျန်များကို ပေးကမ်း ကျွေးမွေးထားကြသည်။

တစ်နေ့တွင် ရှင်မဟာကဿပမထေရ်သည် ဆွမ်းခံကြွလာစဉ် ထိုအမျိုးသမီးက မိမိရရှိထားသောထမင်းချိုးကို ဝမ်းမြောက်ဝမ်းသာ ပေးလှူလိုက်သည်။ မထေရ်မြတ်က သင်သည် ရှေးဘဝက ငါ့သမီးတော်စပ်ခဲ့ဖူးသည်ဟု ဟောကြားခဲ့ရာ ထိုအမျိုးသမီးသည် အလွန်ဝမ်းမြောက်ဝမ်းသာ ဖြစ်ပေါ်ခံစားမိလေသည်။

ထိုအမျိုးသမီး၏ ထမင်းချိုးကုသိုလ်ကို သိကြားမင်းက ချီးကျူးခဲ့သည်။ ထိုအမျိုးသမီးသေသော် နိမ္မာနရတိဘုံ၌ နတ်သမီး ဖြစ်ရလေသည်။

## ☸ ဝိသာခါကျောင်းအလှူ သာဓုခေါ်သူ ဗိမာန်ရှင်နတ်သမီး

ဝိသာခါကျောင်းအမကြီးသည် မိမိ၏ မဟာလ္လတာဝတ်ရုံ တန်ဆာ ကိုရောင်းချ၍ အပေါ်ထပ်တွင် သံဃာ(၅၀၀)၊ အောက်ထပ်တွင်သံဃာ (၅၀၀)နေနိုင်သော ပုဗ္ဗါရုံကျောင်းကို ဆောက်လုပ် လှူဒါန်းခဲ့သည်။

ထိုကျောင်းတော်ရေစက်ချလှူဒါန်းပွဲတွင် ဝိသာခါ၏ အလှူကို အားကျနှစ်သက်ခဲ့သော အဖော်အမျိုးသမီး တစ်ဦးသည် ဝိသာခါ၏ အလှူအမှုပေးဝေမှုကို ဝမ်းမြောက် ဝမ်းသာ သာဓု ခေါ်ခဲ့သည်။

ထိုအမျိုးသမီး ကွယ်လွန်သောအခါ ထိုသာဓုခေါ်ခဲ့သော ကုသိုလ်ကြောင့် တာဝတိံသာနတ်ပြည်ဝယ်(၁၆)ယူဇနာ ကျယ်ဝန်း သော ဘုံဗိမာန်၌စံစားရသည်။ ကိုယ်ရောင်ကိုယ်ဝါသည် ယူဇနာ (၂၀၀)ပျံ့နှံ့သည်။ နတ်သမီး (၁၀၀၀) အခြံအရံ ရရှိသည်။

## ☸ သပွတ်ခါးပွင့်အလှူရှင် ရွှေဝါရောင်နတ်သမီး

သိကြားမင်းသည် ဥယျာဉ်ကစားထွက်စဉ် နှစ်ကုဋေ သော နတ်သမီးကချေသည်တို့၏ အလယ်၌ မိမိ၏ ကိုယ်ရောင် ကိုယ်ဝါဖြင့် အားလုံးသော နတ်သမီးတို့၏ အရောင်ကိုလွှမ်းမိုး လျက် ရထားစီးနတ်သမီးတစ်ပါးကို တွေ့မြင်သည်။

သိကြားမင်းက ထိုနတ်သမီး၏ ရှေးဘဝကုသိုလ်ကို မေးခဲ့ရာ နတ်သမီးက အကျွန်ုပ်သည် လူ့ဘဝတွင် ရာဇဂြိုဟ် ပြည်၌ အဇာတသတ်မင်းတည်ထားသော သရီရစေတီအား အလွယ်တကူရသော သပွတ်ခါးပွင့်လေးပွင့်ကို ခူးယူ၍ ပူဇော်ခဲ့သည်။

လမ်းခရီးတွင် သားငယ်ရှိသော နွားမကဖော့ခတ်၍ ကွယ်လွန်ခဲ့ရာ ဤသပွတ်ခါးပန်းလေးပွင့် လှူခဲ့ရသော ကောင်းမှု ကြောင့် ဤဗိမာန် ခံစားရပါသည်ဟု ဖြေကြားခဲ့သည်။

## ☸ ဆွမ်းအလှူရှင် ဗိမာန်ရှင်နတ်သား

ရဟန်းတော်တစ်ပါးသည် အခွန့်ရှည်ခရီးကို ကြွတော်မူသည်။ ဆွမ်းစားချိန်အရောက်တွင် ရွာတွင်းသို့ မောပန်းစွာဝင်၍ အိမ်တစ်အိမ်၌ ဆွမ်းရပ်သည်။

ထိုအိမ်၌ ယောက်ျားတစ်ယောက်သည် ထမင်းစားရန်ခူးခပ်နေစဉ် ထိုရဟန်းကိုမြင်၍ ကြည်ညိုသော စိတ်ဖြစ်ကာ မိမိစားမည့်ထမင်းကို ဆွမ်းအဖြစ်လောင်းလှူလိုက်သည်။ **ငါသည် ခရီးပမ်းသဖြင့် ဆွမ်းဆာလောင်နေသော ရဟန်းကို ငါစားမည့် ထမင်းကို လှူလိုက်ရပြီ**ဟု ဝမ်းမြောက်ဝမ်းသာ ဖြစ်မိသည်။

ထိုယောက်ျား နောင်အခါ သေလွန်သော် တာဝတိံသာ နတ်ပြည်ဝယ် တန်ခိုးကြီးမား အခြံအရံများသော ဘိက္ခာဒါယိက နတ်သားဖြစ်ရလေသည်။

## ☸ မုယောမုန့်အလှူရှင် ဗိမာန်ရှင်နတ်သား

ရာဇဂြိုဟ်ပြည်တွင် ဆင်းရဲနွမ်းပါးသော လူငယ်တစ်ယောက်သည် သူတစ်ပါး၏ မုယောခင်းကို စောင့်ရသည်။ တစ်နေ့တွင် မုယောခင်းစောင့်ရန်သွားစဉ် နံနက်စာစားရန် မုယောမုန့်ကို ယူလာခဲ့သည်။

ရဟန္တာတစ်ပါးသည် ခရီးသွားနေရာ နေမွန်းတည့်ချိန် ရောက်လုနီးဖြစ်နေသည်။ ယာခင်းစောင့် လူငယ်သည် ထိုရဟန္တာ

မထေရ်ကို မိမိစားသောက်ရမည့် မုယောမုန့်ကို စိတ်စေတနာ ထက်သန်စွာ လောင်းလှူလိုက်သည်။ **ငါသည် ငါ၏အစားအစာ ကို ရဟန္တာအား လှူလိုက်ရပြီ**ဟု ဝမ်းမြောက်ဝမ်းသာ ဖြစ်ခဲ့ရသည်။

နောင်အခါ ထိုလူငယ်သည် တစ်စုံတစ်ခုသော ရောဂါ ဖြင့် ကွယ်လွန်သော် တာဝတိံသာနတ်ပြည်ဝယ် အခြံအရံ ပြည့်စုံ သော နတ်သားတစ်ပါးဖြစ်ခဲ့ရသည်။

## ❁ တံတားဆောက်အလှူရှင် ဗိမာန်ရှင်နတ်သား

ဘုရားရှင် သာဝတ္ထိပြည်၌ သီတင်းသုံးနေစဉ် များစွာ သော ရဟန်းတို့သည် တောရကျောင်း၌ သီတင်းသုံးနေကြသည်။

ထိုရဟန်းများ ဆွမ်းခံသွားသော လမ်းကို ဥပါသကာ တစ်ယောက်သည် မညီညွတ်သောနေရာကို ညီညွတ်အောင် မြေဖို့ပြုပြင်ပေးသည်။ လမ်း၌ အမှိုက်ဆူးများ ရှင်းပေးသည်။ မိုးအခါ မိုးရေစီးသော ချောင်းငယ်၊ မြောင်းငယ်များကို တံတား ဆောက်လုပ်ပေးသည်။ အရိပ်မရှိသောနေရာ၌ အရိပ်ရ သစ်ပင်များ စိုက်ပျိုးထားသည်။ ရေတွင်း၊ ရေကန်များကို သန့်ရှင်းအောင် ပြုပြင်ပေးသည်။ ရေခပ်ရာရေဆိပ်ကိုလည်း တံတားခင်းပေးသည်။ တတ်အားသမျှ အလှူပြု၍ သီလဆောက်တည်ခဲ့သည်။

ထိုဥပါသကာ နောင်အချိန် ကွယ်လွန်သော် တာဝတိံသာ နတ်ပြည်ဝယ် ပတ္တမြားဖြင့်တန်ဆာဆင်ထားသော ရောင်ဝါ ဖိတ်ဖိတ်လျှံသော ဘုံဗိမာန်၌ နတ်သားဖြစ်ရလေသည်။

## ☸ ရေအလှူရှင် ဗိမာန်ရှင်နတ်သား

ရာဇဂြိုဟ်ပြည်၌ ဆင်းရဲနွမ်းပါးသော ယောကျ်ား တစ်ဦးသည် သူတစ်ပါး၏ သရက်ဥယျာဉ်၌ ထမင်းစား ရေသောက် အဖိုးအခဖြင့် ဥယျာဉ်စောင့်လုပ်ရသည်။

တစ်နေ့တွင် နေပူထဲ၌ ချွေးတပြိုက်ပြိုက်ဖြင့် ခရီးကြွ လာသော အရှင်သာရိပုတ္တရာမထေရ်ကို ဖူးတွေ့ရသော် မထေရ်ကို အလွန်ကြည်ညိုသဖြင့် သောက်ရေ၊ သုံးရေ၊ ချိုးရေတို့ကို ဆက်ကပ်လှူဒါန်းခဲ့သည်။

**ငါသည် ကြီးမားသော ရေအလှူကိုပြုရပြီ**ဟု ဝမ်းမြောက် ဝမ်းသာ ခံစားရသည်။

ထိုဥယျာဉ်စောင့်ယောကျ်ားသည် နောင်အခါ ကွယ်လွန် သော် တာဝတိံသာနတ်ပြည်ဝယ် ပတ္တမြားတိုင် နတ်ဗိမာန်၊ နတ် တူရိယာ၊ နတ်ကချေသည် အခြံအရံများစွာဖြင့် ခံစားရသော နတ်သားဖြစ်ရလေသည်။

⌘⌘⌘⌘⌘

# အခန်း(၁၁)
# သီလအကျိုး

## ❁ သီလ

သီလဆိုသည်မှာ ကောင်းသော အကျင့်ဖြစ်ပါသည်။ ကောင်းသောအကျင့်ဆိုသည်မှာ ကာယကံမှု၊ ဝစီကံမှု တို့ကို ရုန့်ရင်းကြမ်းတမ်းစွာဖြစ်ခွင့်မပြုဘဲ နူးညံ့သိမ်မွေ့အောင် ကောင်းစွာထားခြင်း၊ ကုသိုလ်တရားတို့ကို အဆင့်ဆင့်တိုးပွားအောင် ကောင်းစွာ လုပ်ဆောင်ခြင်းတို့ ဖြစ်ပါသည်။

## ❁ သီလ၏အကြောင်းခံ (၂)ပါး

(၁) မကောင်းမှုမှရှက်ခြင်း (ဟိရီ)၊

(၂) မကောင်းမှုမှ ကြောက်ခြင်း (ဩတ္တပ္ပ)။

## ❁ သီလအမျိုးအစား (၂)ပါး

(၁) **စာရိတ္တသီလ** (ဆောင်ရန်)

ကောင်းသောလုပ်ငန်းတာဝန်များ၊ ဝတ္တရားများကို ပြုကျင့်လိုက်နာ ဆောင်ရွက်ခြင်း ဤသီလကို ယုံကြည်မှု (သဒ္ဓါတရား)၊ မပျင်းမရိ ပြုလုပ်မှု (ဝီရိယတရား)၊ ဤတရားနှစ်ပါးနှင့်ပြည့်စုံမှ ကျင့်ဆောင်နိုင်ပါသည်။

(၂) **ဝါရိတ္တသီလ** (ရှောင်ရန်)

ဗုဒ္ဓဆုံးမပညတ်ထားသော သိက္ခာပုဒ်များ၊ လူ့လောက သတ်မှတ်ထားသော ဥပဒေပညတ်ချက်များ၊ ဆုံးမ

ချက်များကို လိုက်နာ၍ မကျူးလွန်မိရန် ရှောင်ကြဉ်ခြင်း။ စာရိတ္တသီလပြည့်စုံမှ ဝါရိတ္တ သီလပြည့်စုံနိုင်ပါသည်။

## ☸ ဆောက်တည်အပ်သော သီလအမျိုးအစားများ

(၁) ငါးပါးသီလ (ဂရုဓမ္မသီလ)၊
(လူတိုင်းအလေးအမြတ်ထားဆောက်တည်အပ်သောသီလ)

(၂) ရှစ်ပါးသီလ (အဋ္ဌင်္ဂဥပေါသထသီလ)၊
(ဥပုသ်နေ့တို့၌ ဆောက်တည်အပ်သောသီလ)

(၃) အာဇီဝဋ္ဌမကသီလ၊
(အသက်မွေးကြောင်းစင်ကြယ်ရန် ထာဝရဆောက် တည်အပ်သောသီလ)

(၄) ကောမာရဗြဟ္မစရိယသီလ၊
(ငယ်သွေးငယ်မှု ဖြူစင်သူတို့၏ မေထုန်အမှုရှောင်ကြဉ်သီလ)

(၅) ကိုးပါးသီလ(နဝင်္ဂဥပေါသထသီလ)၊
(မေတ္တာပို့သမှုနှင့်ယှဉ်တွဲသော ဥပေါသထရှစ်ပါးသီလ)

(၆) ဆယ်ပါးသီလ၊
(သာမဏေ၊ သီလရှင်၊ သူတော်စင်တို့ ဆောက်တည်သော သီလ)။

## ❁ သီလအမျိုးအစား(၃)မျိုး

(၁) နိမ့်ကျသောအလိုဆန္ဒ လုံ့လ စိတ်စေတနာဖြင့် ကိလေသာတဏှာ မာန ဒိဋ္ဌိတို့ ပါဝင်နှောင့်ယှက်ကာ ဉာဏ်မယှဉ်ဘဲ ဆောက်တည်သောသီလ၊

(၂) အလယ်အလတ်အလိုဆန္ဒ လုံ့လ စိတ်စေတနာဖြင့် ကိလေသာတဏှာ မာန ဒိဋ္ဌိတို့ နှောင့်ယှက်မှုမပါဝင်သော်လည်း တွန့်ဆုတ်သောဉာဏ်ဖြင့်ဆောက်တည်သော သီလ၊

(၃) မြင့်မြတ်သောအလိုဆန္ဒ လုံ့လ စိတ်စေတနာဖြင့် ကြောင်းကျိုးမြော်မြင်၍ ထက်မြက်သော ဉာဏ်ဖြင့် ဆောက်တည်သောသီလ။

## ❁ သီလအကျိုး

- **အညံ့စား**သီလကြောင့် ပဒေသရာဇ် ဧကရာဇ် စကြဝတေးမင်း ဖြစ်နိုင်သည်။
- **အလတ်စား**သီလကြောင့် နတ်ဗြဟ္မာဖြစ်ရသည်။
- **အမြတ်စား**သီလကြောင့် လူနတ်ချမ်းသာမက မဂ်ဖိုလ် နိဗ္ဗာန်အထိ ရနိုင်သည်။

## ☸ အမြွတ်စားဥပုသ် အမျိုးအစားများ

(၁) **ဗုဒ္ဓဥပုသ်** ဘုရားဂုဏ်ကိုအာရုံပြုနေခြင်း၊

(၂) **ဓမ္မဥပုသ်** တရားဂုဏ်ကို အာရုံပြုနေခြင်း၊

(၃) **သံဃာ့ဥပုသ်** သံဃာ့ဂုဏ်ကို အာရုံပြုနေခြင်း၊

(၄) **သီလဥပုသ်** သီလကိုဆင်ခြင်နေခြင်း၊

(၅) **နတ်ဥပုသ်** နတ်တို့ကိုသက်သေ ပြုနေခြင်း၊

(၆) **အဋ္ဌင်္ဂိကဥပုသ်** ရှစ်ပါးသီလစသည်ကို ထိန်းခြင်း၊

(၇) **ပကတိဥပုသ်** လဆန်းပက္ခ လဆုတ်ပက္ခ စောင့်ထိန်းခြင်း၊

(၈) **ပဋိဇာဂရဥပုသ်** ဥပုသ်အကြိုနေ့ စောင့်ထိန်းခြင်း။

## ☸ အညံ့စားဥပုသ် အမျိုးအစား

(၁) **ဂေါပါလဥပုသ်** အစားအသောက်မက်မောသော စိတ်ဖြင့် ဥပုသ်စောင့်ခြင်း၊ (နွားကျောင်းသားဥပုသ်)

(၂) **နိဂဏ္ဌဥပုသ်** အပြောတစ်မျိုး အလုပ်တစ်မျိုး မမှန်မကန် ဟောကြားသော နိဂဏ္ဌတို့စကားကို လိုက်နာ၍စောင့်ထိန်းသောဥပုသ်၊(တဏ္ဍတွန်းဥပုသ်)။

## ငါးပါးသီလ အပြစ်ပြလင်္ကာ

(၁) သူ့အသက်ကို သိလျက်သားနှင့်
ဒေါသစိတ်ထား သေစေလို၊
လုံ့လပြုကာ သေအောင်သတ်တော့
**ပါဏာတိပါတ်** အကုသိုလ်၊
လွန်ကျူးမိလျှင် တကယ်ပဲပေါ့၊
အပါယ်ငရဲ ကျမည်ဆို၊
လွတ်လာပြန်လဲ ရောဂါစွဲ
ဆင်းရဲ အသက်တို၊
အဲဒါကြောင့်....
ပဉ္စသီလ တည်ကြပါစေလို။

(၂) သူ့ဥစ္စာကို သိလျက်သားနှင့်
လောဘစိတ်ထား ခိုးယူလို၊
လုံ့လပြုကာ ခိုးယူမိက
**အဒိန္နာဒါန** အကုသိုလ်၊
လွန်ကျူးမိလျှင် တကယ်ပဲပေါ့၊
အပါယ်ငရဲ ကျမည်ဆို၊
လွတ်လာပြန်လဲ ဥစ္စာမဲ့၊
ဆင်းရဲ ဖြစ်တိုင်းကို၊
အဲဒါကြောင့်...
ပဉ္စသီလ တည်ကြပါစေလို။

(၃) ရှောင်ရှားအပ်သူ မိန်းမများ၌
ရာဂစိတ်ထား ပေါင်းဖော်လို၊
လုံ့လပြုကာ ကျူးလွန်မိက
**ကာမေသုတဲ့** အကုသိုလ်၊
လွန်ကျူးမိလျှင် တကယ်ပဲပေါ့၊
အပါယ်ငရဲ ကျမည်ဆို၊
လွတ်လာပြန်က နပုံးပ
မိန်းမ ဖြစ်ရသကို၊
အဲဒါကြောင့်…
ပဉ္စသီလ တည်ကြပါစေလို။

(၄) မဟုတ်မမှန် တစ်ဖက်သားကို
ယွင်းချွတ်လှည့်စား **မုသားဆို၊**
အဓိပ္ပါယ်ကို ထိုသူသိ၍
အကျိုးကိုထိ အကုသိုလ်၊
လွန်ကျူးမိလျှင် တကယ်ပဲပေါ့၊
အပါယ်ငရဲ ကျမည်ဆို၊
လွတ်လာပြန်လဲ ပါးစပ်ပြဲ
သွားကျဲ နှုတ်ခမ်းတို၊
အဲဒါကြောင့်…
ပဉ္စသီလ တည်ကြပါစေလို။

(၅) မူးယစ်တတ်စွာ သေရည်များကို
**မူးယစ်သောက်စား ဘိန်းရှူမှို၊**
ဒုစရိုက်တွေ ဖြစ်ပေါ်ကြောင်းမို့
မကောင်းစင်စစ် အကုသိုလ်၊
လွန်ကျူးမိလျှင် တကယ်ပဲပေါ့၊
အပါယ်ငရဲ ကျမည်ဆို၊
လွတ်လာစေဦး လူမေ့မူး
အရူးဆက်တိုင်း ကိုယ်၊
အဲဒါကြောင့် . . .
ပဉ္စသီလ တည်ကြပါစေလို။

**(ဒဂုံ ဦးထွန်းမြင့်)**

## သီလအကျိုးပြသာဓကများ

### ❁ ကောရဗျမင်းနှင့်ပြည်သူများ၏သီလစောင့်ထိန်းမှု

ကုရုတိုင်း ဣန္ဒပတ္တနဂိုမြို့၌ ဓနဉ္စယကောရဗျမင်းသည် မင်းကျင့်တရားဆယ်ပါးနှင့် အညီမင်းပြုသည်။ ဂုရုဓမ္မ(ငါးပါးသီလ) ကို မိမိနှင့်တကွ မယ်တော်၊ ညီတော်၊ အိမ်ရှေ့မင်း၊ ပုရောဟိတ် ပုဏ္ဏား၊ မြေတိုင်းအမတ်၊ ရထားထိန်း၊ သူဌေး၊ တင်းခြင်အမတ်ကြီး၊ တံခါးစောင့်၊ ပြည့်တန်ဆာမ၊ ပြည်သူပြည်သားတို့သည် ငါးပါး

သီလကို အထူးထိန်းသိမ်း စောင့်ရှောက်ကြသည်။ ထို့ကြောင့် ထိုပြည်၌ မိုးလေဝသမှန်ကန်၍ အထူးစည်ပင်သာယာဝပြောသည်။

## ☸ ဓမ္မပါလရွာသားများ၏ သီလစောင့်ထိန်းမှု

ကာသိတိုင်း ဓမ္မပါလအမည်ရှိရွာ၌နေကြကုန်သော သူတို့သည် ရွာသူကြီးမှအစ ကျွန်အမှုလုပ်သူတို့ပင် ငါးပါးသီလကို အထူးစောင့်ထိန်းကြသည်။

ထို့ကြောင့် ထိုရွာသူ ရွာသားတို့တွင် ငယ်ငယ်ရွယ်ရွယ်နှင့်သေသူဟူ၍ တစ်ဦးတစ်ယောက်မျှ မရှိချေ၊ သက်တမ်းကုန်မှသာ သေကြရသည်။

## ☸ သီလရက္ခိတလုလင်၏ သီလစောင့်ထိန်းမှု

သီလရက္ခိတလုလင်သည် ငါးနှစ်သားအရွယ်တွင် ပညာရှိထံ ငါးပါးသီလကို မေးပြီးဆောက်တည်သည်။ တစ်ဆယ့်ခြောက်နှစ်သား အရွယ်တွင် အိမ်ရှေ့မင်းထံ ခစားသည်။ အိမ်ရှေ့မင်းက ကြက်နှစ်ကောင်အရှင်ကို သတ်စေ၍ချက်ခိုင်းသည်။ သီလရက္ခိတက ချက်မပေး၍ အာဏာဖီဆန်မှုဖြင့် ရေ၌ချ၍ သတ်စေသည်။

သီလရက္ခိတသည် ငါးနှစ်သားမှစ၍ တစ်ဆယ့်ခြောက်နှစ်သားအထိ သီလဆောက်တည်ခဲ့သည်ကို သစ္စာပြု၍ဘုရားဆုပန်ခဲ့သည်။

သီလရက္ခိတကို ရေချသတ်ခံရသဖြင့် ပြည်သူပြည်သားတို့က မကျေနပ်ကြချေ။ရေသို့ချခံရသော သီလရက္ခိတကို နဂါး

တို့က ရွှေဖောင်၊ ရွှေပြာသာဒ်ဖြင့် ဆယ်ယူကာ ပတ္တမြားပလ္လင်၌ ထားသည်။ စတုမဟာရာဇ်နတ်မင်းကြီးလေးပါးက ထီးဖြူလေးစင်းဖြင့် မိုးပေးသည်။ တာဝတိံသာ၊ ယာမာ၊ တုသိတာ၊ နတ်တို့က ပန်းမိုးရွာချကာပူဇော်ကြသည်။

သီလရက္ခိတ၏ ထူးခြားသောသီလတန်ခိုးကြောင့် အိမ်ရှေ့မင်းနှင့် ဗာရာဏသီမင်းတို့က နောက်ဆုံးတွင် ရှိခိုးတောင်းပန်၍ ပူဇော်ကြရသည်။

## ❁ ဒီသာပါမောက္ခဆရာကြီး၏သီလစမ်းသပ်မှု

ဗာရာဏသီပြည် ဒီသာပါမောက္ခဆရာကြီးထံ၌ သမီးတစ်ဦးရှိသည်။ ဆရာကြီးက တပည့်များ၏ သီလစောင့်ထိန်းမှုကိုစမ်းသပ်လိုသဖြင့် မိမိသမီးကို အလိုရှိသောသူတို့သည် မိမိတို့အိမ်က မိဘဆွေမျိုးမသိဘဲ ပစ္စည်းခိုးယူလာကြပါ၊ အများဆုံးခိုးယူနိုင်သူနှင့် သမီးကို ပေးစားမည်ဟု ကြေညာသည်။

ကျောင်းသားများစွာတို့သည် အိမ်ပြန်၍ မိဘဆွေမျိုးမသိအောင် ခိုးယူလာပြီး ဆရာကြီးထံ ပစ္စည်းအပ်နှံကြသည်။ ဘုရားလောင်းတပည့်က ဘာတစ်ခုမျှ ခိုးယူမလာဘဲ ပြန်လာသည်။ ဆရာကြီးက ဘာကြောင့် မခိုးယူလာသလဲဟု မေးသောအခါ **မကောင်းမှုပြုသူကား ဆိတ်ကွယ်ရာမရှိပါ၊ နတ်တို့သိပါသည်** ဟု ဖြေကြားသောအခါ ဆရာကြီးသည် ဘုရားလောင်းတပည့်ကို သဘောကျ၍ သမီးနှင့်ထိမ်းမြားပေးလေသည်။

### ☸ သီလရှိသူကိုသာ သတို့သားရွေးချယ်မှု

ရှေးအခါက ပုဏ္ဏားတစ်ယောက်တွင် သမီးများရှိရာ သတို့သားလေးယောက်တို့က လာရောက်တောင်းရမ်းသောအခါ ဖခင်ပုဏ္ဏားကြီးက ဒိသာပါမောက္ခ ဆရာကြီးထံသွားပြီး သတို့သားလေးယောက်တွင် တစ်ယောက်က အဆင်းလှသည်၊ တစ်ယောက်က အပြောကြီးသည်၊ တစ်ယောက်က အမျိုးမြတ်သည်၊ တစ်ယောက်က အကျင့်သီလနှင့် ပြည့်စုံသည်၊ အဘယ်သူနှင့် သမီးတို့ကို လက်ထက်ထိမ်းမြား ပေးသင့်ပါသနည်းဟု မေးမြန်းရာ ဆရာကြီးက **ပုဏ္ဏား…ငါသည်ကား သီလရှိသူကိုသာ နှစ်သက်ပါ၏** ဟု အဖြေပေးခဲ့ပါသည်။

ထို့ကြောင့် ပုဏ္ဏားကြီးက သမီးများအား သီလရှိသူနှင့်သာ လက်ထပ်ထိမ်းမြားပေးရန် ဆုံးဖြတ်ခဲ့လေသည်။

## ဥပုသ်သီလ စောင့်ထိန်းသူတို့၏ အကျိုးပြသာဓကများ

### ☸ ဥပုသ်တစ်ကြိမ် စောင့်ရုံမျှဖြင့် ကိုးဆယ့်တစ်ကမ္ဘာ အပါယ်မလားရသူ

ကိုးဆယ့်တစ်ကမ္ဘာထက်၌ ဗန္ဓုမတီပြည်တွင် ဝိပဿီဘုရား ပွင့်စဉ်ကာလဖြစ်သည်။ ဗန္ဓုမာမင်းကြီးသည် လပြည့်နေ့၌ ရှစ်ပါးဥပုသ်သီလဆောက်တည်သည်။ ထိုအချိန်ဝယ် သူဌေးအိမ်၌အိုးခွက်

ပန်းကန်ဆေးရသော အမျိုးသမီးငယ်တစ်ဦးသည် ဗန္ဓုမာမင်းကြီး၏ ဥပုသ်စောင့်မှုကို အားကျ၍ ဥပုသ်စောင့်ခဲ့သည်။ ဥပုသ်တစ်ကြိမ် စောင့်သော ကုသိုလ်ကြောင့် ကွယ်လွန်သောအခါ တာဝတိံသာ နတ်ပြည်၌ နတ်သမီးတစ်သိန်း အခြံအရံရှိသော အလှဆုံးအတင့် တယ်ဆုံး နတ်သမီးဖြစ်ခဲ့ရသည်။ ထိုနတ်သမီးသည် နတ်မင်းကြီး မိဖုရား(၆၄)ကြိမ်၊ စကြဝတေးမင်းမိဖုရား(၆၃)ကြိမ် ဖြစ်ခဲ့ရသည်။ (၉၁)ကမ္ဘာ ကာလပတ်လုံး အပါယ်လေးပါးသို့ မရောက်ရပေ။

ဂေါတမဘုရားရှင်လက်ထက်တွင် ပဋာစာရီထေရီမထံ၌ ဘိက္ခုနီမပြု၍ တရားအားထုတ်ရာ ခုနစ်နှစ်အရွယ် ရဟန္တာမ ဖြစ်ပြီး ဧကူပေါသထထေရီမဟူ၍ ထင်ရှားခဲ့သည်။

## ☸ ဥပုသ်သီလနေ့တစ်ဝက်စောင့်ရုံမျှဖြင့် မင်းစည်းစိမ်စံစားရသူ

ဗာရာဏသီပြည်၌ သုစိပရိဝါရအမည်ရှိ ကုဋေ(၈၀) ကြွယ်ဝသော သူဌေးနှင့် ဇနီးတို့သည် တစ်လလျှင် (၆)ရက် ဥပုသ်စောင့်သုံးသည်။ အိမ်ရှိ အလုပ်သမားတို့သည်လည်း ဥပုသ်စောင့်ကြသည်။

ဂင်္ဂမာလ အလုပ်သမားသည် သူဌေးထံခစားသော အလုပ်သမားဖြစ်သည်။ အခြားသူများ ဥပုသ်စောင့်သည်ကို နောက်မှသိ၍ သူဌေးထံခွင့်ပန်၍ နေ့တစ်ဝက်ဥပုသ်စောင့်သည်။ နံနက်က မည်သည့်အစာမျှ မစားရသဖြင့် နောက်နေ့ အရဏ်

တက်တွင် အစာမရှိ၍ သတိလစ်သည်။ ဗာရာဏသီမင်း မြို့သို့ လှည့်လည်လာခိုက် ထိုမင်းကိုအားကျ၍ မင်းစည်းစိမ်ကို တမ်းတစိတ်ဖြင့် သေသွားခဲ့ရာ နေ့တစ်ဝက်ဥပုသ်စောင့်သော အကျိုးကြောင့် ဗာရာဏသီမင်း၏သားဖြစ်လာရပြီး နောင်တွင် ထီးနန်းစိုးစံခဲ့ရသည်။

## ☸ သီလစင်ကြယ်သဖြင့် နတ်စည်းစိမ်စံစားရသူ

သာကေတပြည်၌ ဥပါသိကာအမျိုးသမီးတစ်ဦးသည် သဒ္ဓါတရားနှင့် ပြည့်စုံ၏။ ရဟန်းတို့ကို ပစ္စည်းလေးပါးဖြင့် ပြုစု၏။ သီလအလွန်စင်ကြယ်၏။ ဥပုသ်နေ့တို့၌ ဥပုသ်ကို မပြတ်စောင့်ထိန်း၏။ တရားနာသဖြင့် သောတာပန်တည်၏။

ကွယ်လွန်သော် တာဝတိံသာနတ်ပြည်၌ ဥပေါသထ နတ်သမီးဖြစ်ရ၏။ နန္ဒဝန်ဥယျာဉ်၌ နတ်သမီးအပေါင်း ခြံရံလျက် ကြီးစွာသော နတ်စည်းစိမ်ဘုံဗိမာန်ဖြင့် ခံစားရသည်။

## သီလအကျိုးပြလင်္ကာ

- သီလခေါ်ဆို ကိုယ်ကျင့်ကောင်းမှ၊
  တောင်းတိုင်း တတိုင်း ရနိုင်တယ်။
- ပဒေသာပင် အိမ်မှာပေါက်သလို၊
  ကောက်ယူသုံးလို့ မကုန်နိုင်တယ်။

- ဥစ္စာစုပုံ ကုန်မယွင်း၊
ဂုဏ်သတင်းလဲ သင်းပျံ့မယ်။
- ရောက်လေရာရာ ပွဲလယ်တင့်လို့၊
ရဲရင့်ရွှင်ပျ ခင်ကြမယ်။
- သေရသော်ပင် သတိကောင်းလို့၊
ဂတိပြောင်းတော့ နတ်ပြည်ဝယ်။
- သီလကောင်းကျိုး ချက်ချင်းတိုး၊
အားကိုးလောက်ပေတယ်။
- အဲဒါကြောင့် ကိုယ်ကျင့်သီလ၊
ဒီဘဝ တည်ကြ မြဲကြမယ်။

**(မဟာစရိယ ဦးဒွေးလှိုင်)**

⌘⌘⌘⌘⌘

## အေးစေ မြဲစေ မေတ္တာရေ

- နှစ်ရွာတစ်ရွာ၊ ဆက်ဆံရာ၊ မေတ္တာလိုရင်းသုံး၊
- မိတ်ဆွေချင်းသာ၊ ပေါင်းသင်းရာ၊ မေတ္တာအမြတ်ဆုံး၊
- အေးစေမြဲစေ၊ မေတ္တာရေ၊ သုံးလေ ရပ်ရွာသုံး၊
- မေတ္တာစိတ်ဓာတ်၊ လွန်မြင့်မြတ်၊ လူနတ်အချစ်ဆုံး၊
- မေတ္တာရန့်၊ ကြိုင်လှိုင်နံ့၊ သင်းပျံ့နယ်မဆုံး၊
- မေတ္တာပန်းခိုင်၊ ကိုယ်စီကိုင်၊ ဖက်ပြိုင်သူတို့ရှုံး၊
- တစ်ဦးမေတ္တာ၊ တစ်ဦးမှာ၊ ရှည်ကြာရှိမမုန်း၊
- တရားပျောက်ကွယ်၊ မေတ္တာပြယ်၊ ကြီးငယ်အများမုန်း၊
- မေတ္တာနတ်ပန်း၊ ပန်ဆင်မြန်း၊ ရွှင်လန်းစိတ်နှလုံး။

**(စံကင်းဆရာတော်ဘုရားကြီး)**

# အခန်း (၁၂)

# မေတ္တာနှင့် မေတ္တာပို့သနည်း

## ❁ ဗြဟ္မစိုရ်တရား (၄)ပါး

မြတ်သောနေခြင်း၊ အပြစ်ကင်းစွာနေခြင်းကို ဗြဟ္မဝိဟာရ(ဗြဟ္မစိုရ်)ဟု ခေါ်သည်။ ဗြဟ္မဝိဟာရတရား လေးပါးပွား များနေက မြတ်သောနေခြင်း အပြစ်ကင်းသောနေခြင်းမည်၏။ ဤတရားလေးပါးကို ပွါးများလေ့ရှိသူသည် ကွယ်လွန်သောအခါ ဗြဟ္မာပြည်၌ ဗြဟ္မာဖြစ်ရ၏။

(၁) **မေတ္တာ** ချစ်ခင်ခြင်း၊ သတ္တဝါတို့အပေါ် အကျိုးစီးပွား ချမ်းသာဖြစ်မှုကို လိုလားခြင်း၊

(၂) **ကရုဏာ** ဆင်းရဲရောက်နေသူများကို သနားခြင်း၊ ကယ်ဆယ်လိုခြင်း၊

(၃) **မုဒိတာ** စည်းစိမ် ဥစ္စာ ရာထူးဂုဏ်သိန်တို့နှင့် ပြည့်စုံသူများကို မြင်တွေ့လျှင် ဝမ်းမြောက် ဝမ်းသာဖြစ်ခြင်း၊

(၄) **ဥပေက္ခာ** ချစ်ခြင်းမုန်းခြင်းမရှိဘဲ တည့်မတ်စွာ ရှုမြင်ခြင်း၊ ကံအတိုင်းဖြစ်ကြသည်ဟု စိတ်သဘော ထားတတ်ခြင်း။

## ☸ မေတ္တသုတ်တော်လာ မေတ္တာပွားနည်း (၁၁)နည်း

(၁) လုံးစုံများစွာ သတ္တဝါ၊ ချမ်းသာကိုယ်စိတ်မြဲပါစေ။
ဥပဒ်ရန်ဘေး၊ ကင်းစင်ဝေး၊ ငြိမ်းအေးကြပါစေ။

(၂) ကြောက်တတ် မကြောက်တတ်၊ နှစ်ရပ်များစွာ သတ္တဝါ၊ ချမ်းသာကိုယ်စိတ်မြဲပါစေ။
ဥပဒ်ရန်ဘေး ကင်းစင်ဝေး၊ ငြိမ်းအေးကြပါစေ။

(၃) မြင်အပ် မမြင်အပ် နှစ်ရပ်များစွာ သတ္တဝါ၊ ချမ်းသာ ကိုယ်စိတ် မြဲပါစေ။
ဥပဒ်ရန်ဘေး ကင်းစင်ဝေး၊ ငြိမ်းအေးကြပါစေ။

(၄) ဝေးနေ နီးနေ နှစ်ထွေများစွာ သတ္တဝါ၊ ချမ်းသာ ကိုယ်စိတ် မြဲပါစေ။
ဥပဒ်ရန်ဘေး၊ ကင်းစင်ဝေး၊ ငြိမ်းအေးကြပါစေ။

(၅) ဘဝဇာတ်ဆုံး မဆုံးများစွာ သတ္တဝါ၊ ချမ်းသာ ကိုယ်စိတ် မြဲပါစေ။
ဥပဒ်ရန်ဘေး ကင်းစင်ဝေး၊ ငြိမ်းအေးကြပါစေ။

(၆) ရှည် တို အလတ် သုံးရပ်ခန္ဓာ သတ္တဝါ၊ ချမ်းသာ ကိုယ်စိတ် မြဲပါစေ။
ဥပဒ်ရန်ဘေး ကင်းစင်ဝေး၊ ငြိမ်းအေးကြပါစေ။

(၇) ကြီး ငယ် အလတ် သုံးရပ်ခန္ဓာ သတ္တဝါ၊ ချမ်းသာ ကိုယ်စိတ် မြဲပါစေ။
ဥပဒ်ရန်ဘေး ကင်းစင်ဝေး၊ ငြိမ်းအေးကြပါစေ။
(၈) ဆူ ကြုံ အလတ် သုံးရပ်ခန္ဓာ သတ္တဝါ၊ ချမ်းသာ ကိုယ်စိတ် မြဲပါစေ။
ဥပဒ်ရန်ဘေး ကင်းစင်ဝေး၊ ငြိမ်းအေးကြပါစေ။
(၉) လူအချင်းချင်း လှည့်ပတ်ခြင်း၊ ကင်းရှင်းကြပါစေ။
(၁၀) အထင်သေးခြင်း အချင်းချင်း၊ ကင်းရှင်းကြပါစေ။
(၁၁) ဆင်းရဲလိုခြင်း အချင်းချင်း၊ ကင်းရှင်းကြပါစေ။

☸ **ဒိသာဖရဏ အရပ်ဆယ်မျက်နှာဖြန့်ကြက်လျက် မေတ္တာ ပွားနည်း**

(၁) အရှေ့အရပ်၌ရှိသော အနန္တစကြဝဠာ အနန္တ သတ္တဝါတို့-
ဘေးရန်ခပ်သိမ်း ငြိမ်းကြပါစေ၊
ဒေါသခပ်သိမ်း ငြိမ်းကြပါစေ၊
ဆင်းရဲခပ်သိမ်း ငြိမ်းကြပါစေ၊
နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေ။
(၂) အနောက်အရပ်၌ရှိသော······
(၃) မြောက်အရပ်၌ရှိသော·····

(၄) တောင်အရပ်၌ရှိသော.....

(၅) အရှေ့တောင်ထောင့်အရပ်၌ရှိသော.....

(၆) အနောက်မြောက်ထောင့် အရပ်၌ရှိသော.....

(၇) အရှေ့မြောက်ထောင့် အရပ်၌ရှိသော.....

(၈) အနောက်တောင်ထောင့် အရပ်၌ရှိသော......

(၉) အောက်အရပ်၌ရှိသော ထက်ဝန်းကျင် အနန္တ
စကြဝဠာအပါယ်ဘုံသား အနန္တသတ္တဝါတို့-
ဘေးရန်ခပ်သိမ်း ငြိမ်းကြပါစေ၊
ဒေါသခပ်သိမ်း ငြိမ်းကြပါစေ၊
ဆင်းရဲခပ်သိမ်း ငြိမ်းကြပါစေ၊
နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေ။

(၁၀) အထက်အရပ်၌ရှိသော ထက်ဝန်းကျင် အနန္တ
စကြဝဠာ အနန္တနတ်ဗြဟ္မာတို့-
ဘေးရန်ခပ်သိမ်း ငြိမ်းကြပါစေ၊
ဒေါသခပ်သိမ်း ငြိမ်းကြပါစေ၊
ဆင်းရဲခပ်သိမ်း ငြိမ်းကြပါစေ၊
နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေ။

## ❁ မေတ္တာပို့သမှုအကျိုး (၁၁)ပါး

(၁) ချမ်းသာစွာ အိပ်စက်ရခြင်း၊
(၂) ချမ်းသာစွာ နိုးထရခြင်း၊
(၃) မကောင်းသောအိပ်မက် မမြင်မက်ရခြင်း၊
(၄) လူတို့ ချစ်ခင်နှစ်သက်ခြင်း၊
(၅) နတ်တို့ ချစ်ခင်မြတ်နိုးခြင်း၊
(၆) နတ်တို့ စောင့်ရှောက်ခြင်း၊
(၇) မီး၊ အဆိပ်၊ လက်နက် မသင့်နိုင်ခြင်း၊
(၈) စိတ်လျင်မြန်စွာ တည်ကြည်ခြင်း၊
(၉) မျက်နှာရုပ်ဆင်း ကြည်လင်ရွှင်ပြခြင်း၊
(၁၀) မတွေဝေဘဲ သေရခြင်း၊
(၁၁) သေသောအခါ ဗြဟ္မာပြည်သို့ လားရခြင်း။

**ဆောင်ပုဒ်လင်္ကာ**

အိပ် နိုး ချမ်းသာ၊ ကောင်းစွာအိပ်မက်၊ ချစ်လျက် လူနတ်၊ စောင့်လတ်နတ်များ၊ မီး ဆိပ် ဓားတို့၊ ရှောင်ရှားကိုယ်မှာ၊ လျင်စွာစိတ်တည်၊ ရွှင်ကြည်မျက်နှာ၊ သေခါမတွေ၊ လားလေဗြဟ္မာ၊ ဆယ့်တစ်ဖြာသည်၊ မေတ္တာပွားမှု အကျိုးတည်း။

တစ်နေ့သုံးခါ၊ အိုးတစ်ရာဖြင့်၊ ချက်ကာထမင်း၊ ကျွေးမွေးခြင်းထက်၊ မယွင်းစင်စစ်၊ နို့တစ်ညှစ်စာ၊ ကြိမ်သုံးခါမျှ၊ မေတ္တာပွားများ၊ကျိုးကြီးမားသည်၊ ဘုရားမြတ်စွာမိန့်ခွန်းတည်း။

## ☸ နံ့သာတစ်ရှုခန့်မျှမေတ္တာပွားများရခြင်းအကျိုး

ဤလောကတွင် စွမ်းအားအထက်မြက်ဆုံးနှင့် အင်အားအကြီးမားဆုံး တရားသည် **မေတ္တာတရား**သာလျှင် ဖြစ်ပါသည်။ ရှင်တော်မြတ်ဘုရားက မေတ္တာစွမ်းအားကြီးမားပုံ အကျိုးများကို **ဝေလာမသုတ်**တွင် အဆင့်(၁၀)ဆင့်ခွဲခြားပြီး ဟောကြားထားတော်မူပါသည်-

(၁) ထမင်းရေချောင်းစီးအောင် လှူဒါန်းခဲ့သော ဘုရားအလောင်း ဝေလာမပုဏ္ဏားကြီး၏ အလှူဒါနမျိုးထက် **သောတာပန်**တစ်ဦးကို လှူဒါန်းရခြင်းက သာလွန်၍ အကျိုးကြီး၏။

(၂) **သောတာပန်**(၁၀၀)ကို လှူရခြင်းထက် **သကဒါဂါမ်**တစ်ဦးကို လှူရခြင်းက သာလွန်၍ အကျိုးကြီး၏။

(၃) **သကဒါဂါမ်**(၁၀၀)ကို လှူရခြင်းထက် **အနာဂါမ်** တစ်ဦးကို လှူရခြင်းက သာလွန်၍ အကျိုးကြီး၏။

(၄) **အနာဂါမ်**(၁၀၀)ကို လှူရခြင်းထက် **ရဟန္တာ**တစ်ပါးကို လှူရခြင်းက သာလွန်၍ အကျိုးကြီး၏။

(၅) **ရဟန္တာ**(၁၀၀)ကို လှူရခြင်းထက် **ပစ္စေကဗုဒ္ဓါ** တစ်ပါးကို လှူရခြင်းက သာလွန်၍ အကျိုးကြီး၏။

(၆) **ပစ္စေကဗုဒ္ဓါ**အဆူ(၁၀၀)ကို လှူရခြင်းထက် **သမ္မာသမ္ဗုဒ္ဓ ဘုရား**တစ်ဆူကို လှူရခြင်းက သာလွန်၍ အကျိုးကြီး၏။

(၇) **သမ္မာသမ္ဗုဒ္ဓဘုရား**တစ်ဆူကို လှူရခြင်းထက် **ဘုရား အမှူးပြုသော သံဃာတော်**များကို လှူရခြင်းက သာလွန် ၍ အကျိုးကြီး၏။

(၈) **ဘုရားအမှူးပြုသောသံဃာတော်**များကို လှူရခြင်းထက် **အရပ်လေးမျက်နှာမှ သံဃာတော်**ကို ရည်စူး၍ ကျောင်းဆောက်လှူရခြင်းက သာလွန်၍ အကျိုးကြီး၏။

(၉) **အရပ်လေးမျက်နှာမှသံဃာတော်**ကိုရည်စူး၍ ကျောင်း ဆောက်လှူရခြင်းထက် **သရဏဂုံသုံးပါးကို ဆောက် တည်ခြင်း၊ ငါးပါးသီလကို စောင့်ထိန်းခြင်း**က သာလွန်၍ အကျိုးကြီး၏။

(၁၀) **သရဏဂုံသုံးပါးကို ဆောက်တည်ခြင်းနှင့် ငါးပါးသီလကို စောင့်ထိန်းခြင်း**ထက် **နို့သာတစ်ရှူခန့်မျှ အချိန်ပိုင်း လောက် မေတ္တာပွားများခြင်း**က သာလွန်၍ အကျိုးကြီး၏ ဟူ၍ ဟောကြားထားတော်မူရာ စွမ်းအားကြီးမား၍ အကျိုးများသော **မေတ္တာတရား**ကို ပွားများကြရန် နှိုးဆော်လိုက်ရပါသည်။

⌘⌘⌘⌘⌘

## သစ္စာမှန်က အကျိုးရ

- ငါးမင်းရာဇာ၊ နွေလခါ၌၊
  သစ္စာမှန်တိုင်း၊ ရွတ်ဆိုခိုင်းက၊
  ဗျိုင်းအောက်တို့ဘိုး၊ ခါမဲ့မိုးလျှင်၊
  ကျိုး၍ ရွာချ။
- နတ်ဟန်တစ်ဆူ၊ စောသမ္ဗူကား၊
  နူနာပျောက်စေ၊ ကြာဖက်ရေသို့၊
  နှုတ်ရွှေမှန်စွာ၊ ထက်သြဇာဖြင့်၊
  သစ္စာရှိန်ငွေ့၊ ဆေးထက်ဟော့ဇ၏။
- ဣတ္ထိယစစ်၊ မိန်းမဖြစ်၍၊
  ဆိုးညစ်နတ်သေး၊ သက်မွေးယုတ်မာ၊
  ပြည့်တန်ဆာလျက်၊ ဓမ္မတာကျင့်သီး၊
  သစ္စာပြီး၍၊ ရေစီးတံ့တုံ၊
  ရေဟုန်တုံ့ပြန်၊ အညာဆန်၏။

**(မန်လည်ဆရာတော်၊ မဃဒေဝလင်္ကာ)**

# အခန်း(၁၃)
# သစ္စာပြုခြင်းအကျိုး

## ❁ သစ္စာ

သစ္စာဆိုသည်မှာ မှားသောအမှုဖြစ်စေ၊ မှန်သော အမှုဖြစ်စေ မချွတ်မယွင်း မှန်ကန်ခြင်းသဘောကိုသာ သစ္စာဟု ခေါ်ဆိုခြင်းဖြစ်ပါသည်။

## ❁ သစ္စာ၏အရင်းခံ (၂)ပါး

သစ္စာသည် အရင်းခံအားဖြင့်(၂)ပါးရှိပါသည်-

(၁) **သမုတိသစ္စာ**ဆိုသည်မှာ လောက၌ လူအများတို့ ခေါ်ဝေါ် ပညတ် သမုတ်အပ်သည့်အတိုင်း မှန်ကန်ခြင်းဖြစ်သည်။

(၂) **ပရမတ္ထသစ္စာ**ဆိုသည်မှာ လောကသဘာဝအရ ကေန်မုချ ထင်ရှားစွာရှိသော သဘောတရားအရ မှန်ကန်ခြင်း ဖြစ်ပါသည်။

## ❁ သစ္စာ (၃)ပါး

(၁) သူတစ်ပါးတို့ မိမိကို ယုံကြည်စေရန် အမှန်ပြောကြား အပ်သော သစ္စာစကား၊

(၂) မိမိအလိုရှိအပ်သောအရာကို ပြည့်စုံစေရန် အမှန် ပြောကြားအပ်သော သစ္စာစကား၊

(၃) မဟုတ်မမှန်သော စကားကို ပြောကြားခြင်းမှ ရှောင်ကြဉ်ရန် ပြောကြားအပ်သော သစ္စာစကား။

## ☸ သစ္စာပြုခြင်း

သစ္စာပြုခြင်းဆိုသည်မှာ လိုအပ်သောအမှုကိစ္စပြီးစေရန် ကောင်းသောအမှုကိုဖြစ်စေ၊ မကောင်းသောအမှုကိုဖြစ်စေ မှန်ကန်စွာ တိုင်တည်ပြောဆိုခြင်း ဖြစ်သည်။

**သစ္စာလင်္ကာ**

သစ္စာနူတ်သီး၊ မန္တန်ကြီးက၊
သေပြီးသော်မှ၊ ရှင်ပြန်ရ၏။

**သစ္စာဆိုခြင်းကြောင့်အနာရောဂါကင်းခြင်း၊ အသက်ဘေးအန္တရာယ်မှ လွတ်မြောက်ခြင်း၊ လိုအပ်သောအမှုကိစ္စပြီးမြောက်ခြင်းစသော ကောင်းကျိုးအမျိုးမျိုး ရရှိတတ်ပါသည်။**

## ☸ သစ္စာတန်ခိုး တန်ဖိုးအနှစ်

**ကတိသစ္စာ၊ တည်သောခါဝယ်၊ သြဇာလေးနက်၊ ပေါ်ဆီတက်၍၊ နွယ်မြက်သစ်ပင်၊ ဆေးဖက်ဝင်၏**ဟုဆိုသည့်အတိုင်း ကတိသစ္စာတရားသည် အမှားမဖက် အမှန်ဘက်၌တည်သောအခါ နွယ်မြက်သစ်ပင်သည်ပင် သြဇာလေးနက် ပေါ်ဆီတက်၍ ဆေးဖက်ဝင်လေ၏။

ရှေးရှေးက သူတော်ကောင်းကြီးများသည် အခက်အခဲအကျပ်အတည်းများနှင့် တွေ့ကြုံကြရသောအခါ မိမိတို့ဘဝတွင် ဖြစ်ပျက်ခဲ့သည့် ပကတိဖြစ်ရပ်မှန် အခြေအနေကို အမှန်အတိုင်း

ဖော်ထုတ်၍ သစ္စာပြုဖြေရှင်းလေ့ရှိကြ၏။ သစ္စာဟူသည်မှာ ကောင်း မကောင်းနှင့်မဆိုင်ဘဲ တကယ့်အမှန်တရားသာဖြစ်၏။ အမှန်အတိုင်းဖော်ထုတ်၍ မှန်မှန်ကန်ကန် သစ္စာပြုလျှင်လည်း အမှန်တကယ်အကျိုးပေး၏။ သစ္စာတန်ခိုးသည် တန်ဖိုးအနန္တ ကြီးမားလှပေ၏။

## သစ္စာအကျိုးပြသာဓကများ

### ❁ မိခင်သစ္စာ သားငယ်အသက်ချမ်းသာ

သီဟိုဠ်ကျွန်း မဟာဂါမမြို့တော်အနီး မဟာဝိဟာရ ကျောင်းတိုက်ရှိ စေတီတံခါးမုခ်၏ မဏ္ဍပ်၌ မထေရ်တစ်ပါး တရားဟောနေသည်။

ထိုတရားပွဲ၌ အမျိုးသမီးတစ်ဦးသည် သားငယ်နှင့်လာ ရောက်ပြီး မဏ္ဍပ်အစွန်အဖျား၌ နေကာတရားနာသည်။ ထိုအခိုက် တွင် သားငယ်သည် တံတိုင်းအနားသို့သွားကာ သဲမှုန့်များကို လက်နှင့် ကျုံးယူပြီး လေထဲလွှင့်ကာ လွတ်လပ်စွာကစားနေသည်။

ထိုသဲမှုန့်များသည် အုတ်တံတိုင်းကြား၌နေသော မြွေဆိုး တစ်ကောင်၏ မျက်လုံးထဲသို့ ဝင်ရောက်သွားရာ မြွေသည်စိတ်ဆိုး ပြီး အုတ်တံတိုင်းမှထွက်ကာ ကလေးကိုကိုက်သည်။

မိခင်သည် တရားနာရင်း သားဖြစ်သူ မြွေကိုက်ခံရ သည်ကိုမြင်သည်။ တရားနာအနှောင့်အယှက်ဖြစ်မည်စိုး၍ မည်သူ

ကိုမှုလဲမပြော၊ မိမိလည်း တရားနာပျက်မည်စိုး၍ ကလေးကို အာရုံမစိုက်ဘဲ တရားဘက်၌သာ အာရုံစိုက်နာနေသည်။

ထိုအခိုက် ကလေးသည် မြွေဆိပ်မွှန်ကာ လဲကျသွား၍ မိခင်သည် သားငယ်ကိုပွေး၍ ပွေ့ဖက်သည်။ ဖြူဖြူဖွေးဖွေး သားငယ်သည် တစ်ကိုယ်လုံးမည်းနက်နေသည်။

ထိုအခါ အမျိုးသမီးသည် သားငယ်အသက်ရှင်ရေးအတွက် သစ္စာမှတစ်ပါး အခြားမမြင်၍ ရတနာမြတ်သုံးပါး၏ ဂုဏ်ကို တိုင်တည်၍ သစ္စာဆိုခဲ့သည်။ ထိုသစ္စာစကားကြောင့် သားငယ်သည် မြွေဆိပ်ပြယ်၍ အသက်ချမ်းသာရာ ရခဲ့လေသည်။

### ☸ မိဘတို့၏သစ္စာ သုဝဏ္ဏသာမ အသက်ချမ်းသာ

ဗာရာဏသီပြည် ပီဠိယက္ခမင်းကြီးသည် တောကစားထွက်တော်မူရာ သုဝဏ္ဏသာမ သတို့သားကိုမြင်လျှင် သမင်ထင်မှတ်ပြီး မြားနှင့်ပစ်ခတ်မိလေသည်။

သုဝဏ္ဏသာမသည် မြားမှန်ကြောင်းသိလျှင် သတိထား၍ ရေအိုးကိုချကာ မိဘများရှိရာဘက်သို့ ဦးခေါင်းပြုလုပ်ချလျက် မြားဒဏ်ရာဖြင့် **ငါ၏အသားသည် စားကောင်းသည် မဟုတ်ပါဘဲလျက် ရေခပ်လာသောငါ့ကို အဘယ်သူသည် ပစ်ခတ်ပါသနည်း** ဟု မြည်တမ်းလေသည်။

ပီဠိယက္ခမင်းကြီးသည် သုဝဏ္ဏသာမ၏ စကားကို ကြားလျှင် **ဤသူသည် မြားဖြင့်အပစ်ခံရပါလျက် ဆဲရေးရေရွတ်ခြင်းမပြုဘဲ သာယာစွာ ပြောဆိုဘိသည်၊ ငါသွား၍ မေးအံ့**ဟု ကြံလျက် သုဝဏ္ဏသာမကို အကြောင်းအကျိုး မေးလေသည်။

သုဝဏ္ဏသာမသည် မျက်မမြင် မိဘများ ဖြစ်ကြသော ရသေ့တို့ကို လုပ်ကျွေးပြုစုနေသူမှန်း မင်းကြီးသိသောအခါ များစွာ ကြောက်ရွံ့တုန်လှုပ်ပြီး မိဘရသေ့တို့ထံသွား၍ အကျိုးအကြောင်း ပြောပြသည်။

သုဝဏ္ဏသာမ၏ မိဘတို့သည် သားထံလိုက်လာပြီး သစ္စာ(၇)ချက်ကို ဆိုလေသည်။

မိခင်ဖြစ်ခဲ့ဖူးသော ဗဟုသုန္ဒရီနတ်သမီးကလည်း သစ္စာ(၂)ချက်ဆိုခဲ့လေသည်။ ထိုသူတို့၏ သစ္စာစကားကြောင့် သုဝဏ္ဏသာမသည်မြားဆိပ်ပြယ်၍ အသက်ချမ်းသာရခဲ့လေသည်။

### ☸ ရသေ့မိဘတို့၏သစ္စာစကား သားငယ်အသက်ချမ်းသာ

ဝံသတိုင်း ကောသမ္ဗီပြည် နိဂုံးရွာ၌ မဏ္ဍဗျသူကြွယ်သည် သားမယားနှင့်အတူ သူငယ်ချင်းဖြစ်သူ ကဏှဒီပါယနရသေ့ ကျောင်းသင်္ကန်းသို့ သွားကြသည်။

သူဌေး၏သားငယ်သည် စင်္ကြံအနီး၌ ဂျင်ပေါက်၍ ကစားနေစဉ် ဂျင်သည်တောင်ပို့တွင်းသို့ ဝင်သွားရာ ကလေးငယ်က

လက်ဖြင့် နှိုက်၍ ဂျင်ကိုယူသည်။ အဆိပ်ပြင်းထန်သော မြွေသည် ကလေး၏ လက်ကိုကိုက်ရာ ကလေးသည် အဆိပ်တက်၍ မေ့မျောလဲကျလေသည်။

ကလေးငယ်အသက်ရှင်ရေးအတွက် ရသေ့နှင့် မိဘနှစ်ပါး တို့က အသီးသီးသစ္စာပြုကြရာ ထိုသစ္စာစကားများကြောင့် ကလေးငယ် အသက်ချမ်းသာရာရခဲ့လေသည်။

## ☸ ဘုရားအလောင်းငုံးမင်းသစ္စာ

မဂဓတိုင်း တစ်ခုသောတောအုပ်၌ ငုံးငှက်မတစ်ကောင်သည် ဘုရားလောင်းငုံးငှက်ငယ်ကို မွေးဖွားခဲ့သည်။

ထိုငုံးငှက်ငယ်အသိုက်ရှိရာအရပ်သည် နှစ်စဉ် မီးလောင်လေ့ရှိသည်။ ငုံးငှက်ကလေး အတောင်မစုံ ခြေမကြွနိုင်ခင် အရွယ်မှာပင် တောမီးသည် လောင်ကျွမ်းလေသည်။ ငုံးငှက်ကလေး၏ မိဘများနှင့် ငှက်များစွာတို့သည် သေဘေးမှလွတ်ရာသို့ ပျံသန်းသွားခဲ့ကြသည်။

ငုံးငှက်ကလေးသည် ငါ့တွင် အတောင်စုံ ခြေကြွနိုင်သော အစွမ်းရှိပါက ဤမီးဘေးမှ လွတ်ကင်း၍ ပြေးနိုင်ရာ၏။ ယခုမူ မပျံနိုင်ဘဲ ငါ့မှာ အားကိုးစရာမရှိပြီဟု နှလုံးသွင်းလျက် **ငါ့အား အတောင်ရှိလျက် မပျံနိုင်၊ ခြေထောက်ရှိလျက် မကြွနိုင်၊ မိဘတို့**

**သည် အသိုက်ကို စွန့်၍ပြေးကြပါကုန်၏။ ဤစကားသည် မဖေါက်မပြန် မှန်ကန်ပါက ဤတောမီးသည် ဤအရပ်မှ ဖယ်ခွာပါလော့**ဟု သစ္စာပြုလိုက်သည်။

ဘုရားအလောင်းငုံးငှက်ငယ်၏ သစ္စာစကားကြောင့် တောမီးသည် ရေလောင်းဘိသကဲ့သို့ ထိုအရပ်ကိုကွင်းကာ မီးငြိမ်းလေသည်။

ဳဳဳဳဳ

## ဒေါသပယ်ရှင်း နှလုံးသွင်း

- ငါတို့သည် သေမင်းဆီသို့ သွားနေရသည်ဟု မသိသူများက ခိုက်ရန်ဖြစ်ပွားနေကြ၏။
- ငါတို့သည် သေမင်းဆီသို့ သွားနေရသည်ဟု သိသူများက အသင့်အတင့် နှလုံးသွင်းပြီး ရန်ငြိမ်းအောင် ကျင့်ဆောင်ကြ၏။

(ဓမ္မပဒ)

# အခန်း (၁၄)

# ဒေါသ၏ ဆိုးကျိုး

## ❁ ဒေါသ အာဃာတ၏ သဘာဝများ

(၁) ဒေါသဟူသည် ပျက်စီးခြင်းသဘော၊ ဖျက်ဆီးခြင်း သဘော၊ ကြမ်းတမ်းခြင်းသဘော၊ အမျက်ထွက်ခြင်း၊ နှုတ်လှန့်ထိုးခြင်းသဘော လက္ခဏာကို ဒေါသဟုခေါ်သည်။

(၂) အာဃာတဟူသည် တစ်ကြိမ်ထက်ပို၍ ထပ်ကာထပ်ကာဖြစ်သော ရန်ငြိုးထားတတ်မှုကို အာဃာတဟုခေါ်သည်။

## ❁ ဒေါသဖြစ်ကြောင်း(၂)ပါး

(၁) မကောင်းသော အာရုံများနှင့်တွေ့ခြင်း၊
မကောင်းအာရုံ ဆိုသည်မှာ ပင်ကိုသဘော အတိုင်း အလိုမရှိအပ်သောအာရုံ၊ ကျင်ကြီး၊ ကျင်ငယ်၊ အသေကောင်ပုပ်၊ မကောင်းသော အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိများ ဖြစ်ပါသည်။

(၂) မသင့်မလျော်နှလုံးသွင်းခြင်း၊

## ❁ ဒေါသ၏ဆိုးကျိုး

- ဒေါသသည် ရုပ်ဆင်းအင်္ဂါမလှပအောင်ပြုတတ်၏၊
- ချမ်းသာစွာ မအိပ်ရ၊

- အကျိုးစီးပွားမှန်သမျှကို ဖျက်ဆီးတတ်သည်၊
- လက်ရှိစည်းစိမ်တို့ကို လက်မဲ့ဖြစ်အောင် ပြုတတ်သည်၊
- အခြွေအရံနည်းပါး စေတတ်သည်၊
- မိတ်သင်္ဂဟနည်းပါး အောင်ပြုတတ်သည်၊
- ငရဲသို့ ပို့ဆောင်တတ်သည်။

## ☸ အမျက်ပွားသူ အပြစ်(၅) ပါး

(၁) လူအများ မချစ်ခင် မမြတ်နိုးခြင်း၊

(၂) ကိုယ် စိတ် နှလုံး မကြည်ရွှင်ခြင်း၊

(၃) ဘေးရန်ပွားများခြင်း၊

(၄) တွေဝေ၍ သေရခြင်း၊

(၅) သေလျှင် အပါယ်လားရခြင်း။

## ☸ အမျက်မထားသည်းခံခြင်းအကျိုး (၅) ပါး

(၁) လူအများတို့ ချစ်ခင်နှစ်လိုခြင်း၊

(၂) ဘေးရန်မများခြင်း၊

(၃) အပြစ်မရှိခြင်း၊

(၄) မတွေဝေဘဲသေရခြင်း၊

(၅) ကောင်းသောနတ်ရွာသို့ လားရခြင်း။

# သည်းခံပွားများ မြတ်တရား

ဘဝ၌ အဆင်ပြေချောမွေ့မှုနှင့် ကြုံတွေ့သော်လည်း အလွန်အကျွံတက်ကြွခြင်းမရှိ၊ အဆင်မပြေ အမျက်ပွားစရာနှင့် ကြုံတွေ့သော်လည်း အလျှင်စလိုဒေါသမထွက် တွန့်ဆုတ်ခြင်းမရှိ၊ လောဘ ဒေါသအလိုသို့ ချက်ချင်းမလိုက်ဘဲ စိတ်ကိုထိန်းသိမ်းနိုင်ခြင်း၊ သိမ်းဆည်းနိုင်ခြင်းကို **သည်းခံခြင်း**ဟုခေါ်ဆိုပါသည်။

ဗုဒ္ဓဘုရားရှင်၏ တရားတော်များသည် **အဟိံသဝါဒ**တရားတော်များဖြစ်သည်။ အဟိံသဝါဒတရားမှာ ရန်လိုမှု အကြမ်းဖက်လိုမှုမပါ၊ ခွင့်လွှတ်မှု သည်းခံမှုအခြေခံသည့် မေတ္တာတရားဖြင့် ရန်ငြိုးကို ငြိမ်းသတ်ခြင်းတရားဖြစ်ပါသည်။ **ခန္တီ ပရမံ** သည်းခံခြင်းသည် မြတ်သောတရားဟု ဟောကြားထား၏။

လူသားတို့၏နေ့စဉ်ဘဝ၌ အဆင်ပြေချောမွေ့ခြင်းထက် အဆင်မပြေမချောမွေ့ခြင်းမှတစ်ဆင့် ဒေါသထွက်စရာ သောကဖြစ်စရာတို့သာ များလှ၏။ မင်္ဂလာတရားတော်တွင် လောဘ ဒေါသအလိုသို့မလိုက်၊ စိတ်ကိုထိန်းသိမ်းနိုင်ခြင်း ခန္တီမင်္ဂလာ ပါဝင်ပြီး သူတော်ကောင်းတို့လက်ကိုင်ပြု ကျင့်သုံးကြပါသည်။

# သည်းစံခြင်းအကျိုးပြ သာဓကများ

## ☸ ပုဏ္ဏားဓါဒေါသ လက်မခံ သူ့ထံပြန်

ဘုရားရှင်သည် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း၌ သီတင်းသုံးနေတော်မူစဉ် ဘာရဒွါဇနွယ်ဖွား ပုဏ္ဏားတစ်ဦး ဘုရားရှင်သာသနာတော်သို့ ဝင်ရောက်ရဟန်းပြုသည့်သတင်းကို ကြားသိပြီး အက္ကောသဘာရဒွါဇပုဏ္ဏားကြီး အမျက်ထွက်လေသည်။ ပုဏ္ဏားကြီးသည် ဘုရားရှင်ထံမှောက်သို့ လာရောက်၍ ကြမ်းကြုတ်သော စကားလုံးများဖြင့် မျိုးစုံအောင် ဆဲရေးတိုင်းထွာ ခြိမ်းခြောက်သည်။

ဘုရားရှင်က ပုဏ္ဏားကြီး၏ ဆဲဆိုခြိမ်းခြောက်မှုများကို ငြိမ်းအေးစွာ လက်ခံနားထောင်တော်မူပြီးနောက် ပုဏ္ဏားကြီးအား **ပုဏ္ဏားကြီး အသင်၏ဆွေမျိုးမိတ်သင်္ဂဟများ အသင့်အိမ်သို့ လာရောက်လည်ပတ်ကြသည့်အခါ စားဖွယ်သောက်ဖွယ်များကို တည်ခင်းဧည့်ခံ ကျွေးမွေးမှုများရှိပေမည်။ ထိုအခါ ဆွေမျိုးမိတ်သင်္ဂဟများက စားဖွယ်သောက်ဖွယ်များကို မသုံးဆောင်ဘဲ ပြန်သွားကြလျှင် ထိုစားဖွယ်သောက်ဖွယ်များကို မည်သူ ရမည်နည်း**ဟုမေးလျှင် ပုဏ္ဏားကြီးက **ဆွေမျိုးမိတ်သင်္ဂဟများ သုံးဆောင်မသွားပါက အကျွန်ုပ်သာရပါမည်** ဟု ဖြေကြားလေ၏။ ဘုရားရှင်က **ပုဏ္ဏားကြီး ယခု သင်ပုဏ္ဏားကြီး ရိုင်းစိုင်းစွာ ဆဲရေးခြင်း၊ ခြိမ်းခြောက်ခြင်း ဟူသမျှကို ငါဘုရားမခံယူပါက**

**မည်သူရမည်နည်း**ဟုမေးသော် **ပုဏ္ဏားကြီးက အကျွန်ုပ်သာ ရပါမည်**ဟု ဖြေကြားလေ၏။ ထို့နောက် ဘုရားရှင်ကတရားတော်များကို ဆက်လက်၍ ဟောကြားတော်မူလေရာ တရားတော်အဆုံး၌ ပုဏ္ဏားကြီးသည် ဗုဒ္ဓဘာသာဝင် တစ်ဦးအဖြစ် ခံယူကာ ဘုရားရှင်ထံ၌ ရဟန်းပြုလေ၏။

## ☸ ရန်ကိုရန်ချင်း မတုံ့နှင်းနှင့်

ရှေးအခါက ကာသိတိုင်း ဗြဟ္မဒတ်မင်းနှင့် ဒီဃီတိကောသလမင်းတို့စစ်ဖြစ်ရာ ဒီဃီတိကောသလမင်း စစ်ရှုံး၍ မထင်မရှားအသွင်ဖြင့်နေရစဉ် မိဖုရား၌ သားယောက်ျားသန္ဓေတည်၍ ဒီဃာဝုသတို့သားကို ဖွားမြင်လေသည်။

ဒီဃာဝုသတို့သားအရွယ်ရောက်ချိန်၌ မထင်မရှားအသွင်နှင့် ပုန်းအောင်းနေသော ဒီဃီတိကောသလမင်းအား ကာသိတိုင်း ဗြဟ္မဒတ်မင်းသိရှိပြီး ဖမ်းဆီး၍ လမ်းဆုံတစ်ခု၌ သတ်ဖြတ်ရန် ဆောင်ရွက်စေ၏။ ထိုနေရာသို့ ရောက်ရှိလာသော သားဖြစ်သူ ဒီဃာဝုမင်းသားအား လူအုပ်အကြား၌ တွေ့ရှိသော ဒီဃီတိကောသလမင်းက **ချစ်သား ဒီဃာဝု အရှည်ကိုလည်း မကြည့်လင့်၊ အတိုကိုလည်း မကြည့်လင့်၊ ရန်တုံ့မှုသဖြင့် ရန်မငြိမ်းနိုင်၊ ရန်တုံ့မမှုမှသာ ရန်ငြိမ်းနိုင်၏**ဟု ဒီဃာဝုမင်းသားသိရှိရုံမျှ ဆုံးမပြောကြားခဲ့လေသည်။

ဒီဃာဝုမင်းသားသည် ခမည်းတော်စကားကို နားထောင်ပြီး ဒေါသ အာဃာတကို သိမ်းဆည်း၍ ကာသိတိုင်း ဗြဟ္မဒတ်မင်း

လက်အောက်၌ မင်းမှုထမ်းအရာသို့ တစ်ဆင့်ချင်းရယူကာ နောက်ဆုံး၌ ဗြဟ္မဒတ်မင်း၏ သက်တော်စောင့်ရာထူးကို ရရှိလေ၏။ တစ်နေ့တွင် ဗြဟ္မဒတ်မင်း တောကစားထွက်စဉ် ဒီဃာဝုမင်းသားသည် ရထားထိန်းလုလင်အဖြစ် လိုက်ပါခဲ့ရာ ဗြဟ္မဒတ်မင်းအား လုပ်ကြံနိုင်သည့် အခွင့်အရေးရရှိခဲ့သော်လည်း ဖခင်၏ ဆုံးမစကားအတိုင်း သည်းခံလိုက်နာခဲ့သဖြင့် ဗြဟ္မဒတ်မင်းသည် ကောသလမင်း၏ တိုင်းပြည်နှင့်ဖခင်၏ အရိုက်အရာကို ပြန်လည်ပေးအပ်ခဲ့သည့်အပြင် ဒီဃာဝုမင်းသားအား သမီးတော်နှင့်ပါ ထိမ်းမြားလက်ဆက်ပေးလေသည်။

**ပညာရှိစကား**

(၁) ရန်စကို မရှည်စေလင့်၊
(၂) မိတ်စကို မတိုစေလင့်၊
(၃) ရန်မလိုမှ ရန်ပြိုသည်၊
(၄) ရန်လိုလျှင် ရန်ပိုတတ်သည်။

## ❆ နောင်တတရား(၁၀)ပါး

(၁) ငယ်ရွယ်စဉ်အခါက ပစ္စည်းဥစ္စာမရှာ၊ မဆည်းပူးခဲ့လျှင် အိုမင်းသော နောင်အခါ၌ မရှိဆင်းရဲမွဲပြာကျသောကြောင့် နောင်တရတတ်သည်။

(၂) ငယ်ရွယ်စဉ်အခါက ပညာသင်ကြားရန် အခွင့်အရေးရပါလျက် ပညာကိုမသင်မကြား ဆိုးတေကာ ကျောင်းပြေး လုပ်သောသူသည် ပညာမရှိခြင်းကြောင့် နောင်အသက်မွေးမှု ငြိုငြင်ဆင်းရဲသောအခါ နောင်တရတတ်သည်။

(၃) ကောက်ကျစ်စဉ်းလဲခြင်း၊ ကုန်းချောစကားပြောကြား ရန်တိုက်ခြင်းများ ပြုမိခဲ့လျှင် နောင်သေရာညောင်စောင်း၌ လျောင်းစက်ရသောအခါ နောင်တရတတ်သည်။

(၄) သူ၏အသက်ကိုသတ်ခြင်း၊ ကြမ်းကြုတ်ခြင်း၊ ယုတ်မာ ညစ်ညမ်းသော အမှုတို့ကိုပြုခြင်း၊ သတ္တဝါများအား သနားမဖက် ရက်စက်သည်ကို ပြုမိခြင်းတို့ကြောင့်လည်း နောင်သောအခါ နောင်တရတတ်သည်။

(၅) မသွားလာအပ်သော သူ့မယားနှင့်သမီးများကို သွားလာ ပေါင်းသင်း မှိဝဲဖျက်ဆီးမိခြင်းကြောင့်လည်း နောင်တ တစ်ဖန် ပူပန်ရတတ်သည်။

(၆) ပစ္စည်းဥစ္စာ ထမင်း အဖျော်တို့များစွာရှိပါလျက် ထိုစဉ်အခါက ဒါနမပြုမိလျှင် နောင်သောအခါ၌ နောင်တရတတ်သည်။

(၇) ဥစ္စာအား၊ ကိုယ်အား၊ ဉာဏ်အား များစွာရှိပါလျက် အိုမင်းသောမိဘတို့ကို အသက်ရှိစဉ်အခါက မလုပ်ကျွေးမမွေးမြူ မိခဲ့လျှင်နောင်သောအခါ နောင်တရတတ်သည်။

(၈) အဖန်တလဲလဲ ဆိုဆုံးမတတ်ပြီး စည်းစိမ်ဥစ္စာတို့ကို ရှာကြံဆောင်ယူ ကျွေးမွေးပေးတတ်သော မိခင် ဖခင်တို့ကို မထီမဲ့မြင် ပြုမိလျှင်နောင်သောအခါ နောင်တရတတ်သည်။

(၉) သီလ၊ သမာဓိ၊ ပညာ သိက္ခာသုံးရပ်နှင့် ပြည့်စုံသည့် ရဟန်းတော်အရှင် သူတော်စင်များထင်ရှားရှိပါလျက် မဆည်းကပ် မကိုးကွယ်မပေးလှူမိသူသည်လည်း နောင်သောအခါနောင်တရတတ်သည်။

(၁၀) ငြိမ်သက်တည်ကြည်သောအကျင့် ချိုးခြံသောအကျင့်သည် ကောင်းမြတ်၏ဟု သူတော်ကောင်းတို့ ဟောကြားခဲ့ပြီး ဤသို့သော အကျင့်မြတ်တို့ကို ငါလည်း ရှေးကမကျင့်ခဲ့မိဟုနောင်သောအခါ နောင်တရတတ်သည်။

**(ဒွါဒသနိပါတ၊ ဇာတ်နိဒါန်း/နေသန္တကဇာတ်)**

# သင့်တင့်လျောက်ပတ်စွာ နှလုံးသွင်းခြင်း (ယောနိသောမနသိကာရ)

**ယောနိသောမနသိကာရ**ဆိုသည်မှာ ပညာဉာဏ်နှင့် ယှဉ်၍ အမှန်တရားကို အမှန်တရားအတိုင်း သင့်တင့်လျောက်ပတ်စွာ နှလုံးသွင်း ဆင်ခြင်နိုင်ခြင်းဖြစ်ပါသည်။

လူတစ်ဦး၏ အတိတ်ကံနှင့် ပစ္စုပ္ပန်ကံတို့သည် တစ်ဦးနှင့် တစ်ဦးမတူညီကြပါ။ ဘဝအဆက်ဆက်က မိမိပြုခဲ့ဖူးသည့်ကံကို အတိတ်ကံဟု ခေါ်၏။ ပစ္စက္ခဘဝ၌ ပြုလုပ်ဆောင်ရွက်မှုကုသိုလ်ကံ၊ အကုသိုလ်ကံတို့ကို ပစ္စုပ္ပန်ကံဟုခေါ်၏။ လူတစ်ဦး၏ ဉာဏ်နှင့်ဝီရိယတို့သည်လည်း လက်ရှိဘဝ ဆင်းရဲမှု၊ ချမ်းသာမှု၊ အခြေအရံရှိမှု၊ အခြေအရံမဲ့မှုနှင့် အောင်မြင်မှု၊ ကျရှုံးမှုတို့ကို အထောက်အပံ့ဖြစ်စေသဖြင့် ပစ္စုပ္ပန်ကံတွင် ပါဝင်ကြ၏။

လူ့လောကအတွင်း ဖြစ်ပေါ်နေသည့်ဘဝအကျိုးပေး မတူညီခြင်း၊ အယုတ်၊ အလတ်၊ အမြတ် အဆင့်အတန်းကွဲပြားနေခြင်းတို့သည် အတိတ်ကံနှင့် ပစ္စုပ္ပန်ကံတို့၏ စေ့ဆော်မှုအရ ဖြစ်ပေါ်နေကြသည့် လောကသဘာဝတစ်ခုသာဖြစ်ပါသည်။ မိမိဖန်တီးထားသည့် ကံ ကံ၏အကျိုးသာ ဖြစ်ပါသည်။ ဖြစ်ပေါ်လာသည့် ဘဝအကျိုးပေးအခြေအနေပေါ်တွင်လည်း တင်းတိမ်ရောင့်ရဲတတ်ရန် လိုပေသည်။ တင်းတိမ်ရောင့်ရဲတတ်မှုလည်း ကိုယ်ချမ်းသာ၊ စိတ်ချမ်းသာဖြစ်ပေမည်။

ကံ ကံ၏ အကျိုးကို ယုံကြည်ခြင်းဖြင့် မိမိစိတ်ကို

အသင့်အတင့် နှလုံးသွင်းနိုင်သည့် နည်းတူ လူ့လောကတွင် နေ့စဉ်ကြုံတွေ့နိုင်သည့် အမျက်ထွက်မှုဒေါသ၊ ထောင်လွှားမှုမာန၊ မနာလိုဖြစ်မှု ဣဿာနှင့် နှမြောဝန်တိုမှု မစ္ဆရိယတို့သည်လည်း အသင့်အတင့် နှလုံးမသွင်းနိုင်ခြင်း (အယောနိသော မနသိကာရ) ကြောင့် မကောင်းကျိုး ကိုသာ ဖြစ်စေနိုင်ကြပါသည်။

ဒေါသဖြစ်လျှင် လူသည် အလိုလိုခက်ထန်ကြမ်းကြုတ်သွား၏။ တက်ကြွမှုပါလျှင် ဒေါသဖြစ်တတ်၍ ဆုတ်နစ်မှုပါလျှင် သောကဖြစ်တတ်သည်။ ဒေါသဝင်လာပါက မြွေဆိုးမြွေဟောက်ပမာ အကြောင်းအကျိုးမသိတော့ဘဲ လူကို အဖျက်ဆီးခံရဆုံးဖြစ်တတ်ပါသည်။မာနဖြစ်လျှင် မိမိကိုယ်ကို အထင်ကြီးပြီး သူတစ်ပါးကို အထင်သေးနှိမ့်ချတတ်သည်။ ငါနှင့်ငါသာ နှိုင်းစရာဟု ဘဝင်မြင့်နေတတ်သည်။ ဣဿာဖြစ်လျှင် သူတစ်ပါးစည်းစိမ်ဥစ္စာပြည့်စုံမှုအပေါ် ငြူစူခြင်း၊ မနာလိုခြင်းတို့ ဖြစ်ပွားတတ်သည်။ မစ္ဆရိယစိတ်မှာလည်း မိမိပိုင်ပစ္စည်းကို သူတစ်ပါးနှင့် ဆက်စပ်လိုမှုမရှိဘဲ ဝန်တိုခြင်းဖြစ်ပါသည်။ မိမိရရှိထားသော စည်းစိမ်ဥစ္စာရာထူးကအစ သူတစ်ပါးတို့အား ခွဲဝေမပေးနိုင်သော တွန့်တိုမှုမျိုးဖြစ်ပါသည်။

ထိုသို့ လူ့ဘဝအတွင်း နေ့စဉ်တွေ့ကြုံရနိုင်သော စိတ်ဆိုးစိတ်ယုတ်များ ဖြစ်ပွားရန် ကြုံတွေ့လာပါက အသင့်အတင့် နှလုံးသွင်းနိုင်ခြင်း **ယောနိသောမနသိကာရ** လက်ကိုင်ထားကြပါလျှင် စိတ်ပြေလျော့နိုင်ပြီး တစ်ဦးနှင့်တစ်ဦး ပဋိပက္ခမှုလျော့နည်းကာ ငြိမ်းချမ်းမှုသာ တိုးပွားစေမည်ဖြစ်ပါသည်။

သို့ဖြစ်၍ တစ်အုတုံဆင်း မောင်နှစ်မအရင်းပင် ဖြစ်လင့်ကစား တစ်ဦးနှင့်တစ်ဦး အကျိုးပေးဖြစ်ထွန်းမှု မတူညီနိုင်သည်ကို သိရှိလက်ခံရပါမည်။ ထိုအတူ လူနှစ်ဦး ကြိုးစားအားထုတ်မှုခြင်း တူညီသော်လည်း ကံအကျိုးပေးအလျောက် အကျိုးဖြစ်ထွန်းမှုခြင်း တစ်ဦးနှင့်တစ်ဦး မတူညီသည်ကို သိရှိလက်ခံရပေမည်။

**လင်္ကာ**

ဣသာ မစ္ဆေ၊ နှစ်ထွေ ဟိန၊
ထိုမမ္မတို့၊ ကျရောက်ကိန်းခို၊
ယင်းပုဂ္ဂိုလ်ကား၊ ထိုဤကာလ၊
ဘဝစဉ်၊ မရကောင်းကျိုး၊
မတိုးဂုဏ်သိန်၊ အရှိန်မဲ့ကင်း၊
ဆင်းရဲတွင်းသို့၊ သက်ဆင်းတတ်ပေ၊
သို့ဖြစ်ထွေကြောင့် . . .၊
အရှည်မြော်ထောက်၊ ဆင်းရဲကြောက်၍၊
အောက်အပါယ်ဝဋ်၊ ကင်းလိုလတ်မူ၊
သတ္တုရန်နှစ်၊ ဆိုးအညစ်ကို၊
အရစ်အရုံ၊ လူးမခံဘဲ၊
တွန်းလှန်ပယ်ခွင်း၊ ပြုထိုက်လျှင်းသည်၊
အတွင်းရန်သူပါတကား . . . . .။
မင်းရန်သူပါတကား . . . . . . . .။

**(စစ်ကိုင်းရွှေဟသာ်ာတိုက်သစ်ဆရာတော်)**

## ကျေးစူးရှင်

- သစ်ပင်၏အရိပ်ကို ခိုမှီးလျှင် ထိုသစ်ပင်၏ သစ်ကိုင်းကို မချိုးဖဲ့ရာ။
- သူတစ်ထူးထံမှ အိပ်ရာနေရာနှင့် ထမင်းအဖျော်ကို ရရှိ နေထိုင်စားသောက်ဖူး၏၊ ထိုသူ၏ ပျက်စီးရာ ပျက်စီးကြောင်း မကြံစည်အပ်ပေ။
- ကျေးစူးရှင်အား ပြစ်မှားလျှင် ပူလောင်၍ ဆင်းရဲ ဒုက္ခရောက်တတ်၏။

(ဇာတကပါဠိ)

# အခန်း(၁၅)
# ကျေးဇူးတရား အစဉ်မှား

## ☸ အနန္တကျေးဇူး

ဘုရားရှင်သည် သတ္တဝါဝေနေယျတို့အကျိုးငှာ လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း ပါရမီတော်တို့ကို ဖြည့်ကျင့်ဆည်းပူးတော်မူ၍ သစ္စာ (၄)ပါးကိုသိမြင်ကာ သဗ္ဗညုဘုရားရှင်အဖြစ်သို့ ရောက်ရှိခဲ့သဖြင့် ကျေးဇူးကြီးမြတ်လှပါသည်။ ဘုရားရှင်ဟောကြားတော်မူခဲ့သော ဓမ္မက္ခန္ဓာပေါင်းရှစ်သောင်းလေးထောင်တို့သည် လောကသားတို့ ကျင့်သုံးဆောက်တည်ရန် ဖြန့်ကြက်တည်ရှိနေခဲ့သဖြင့် ကျေးဇူးတရား ကြီးမားလှပါသည်။ ဘုရားရှင်၏ တပည့်သာဝကတို့သည်လည်း ဘုရားရှင်၏ ကိုယ်စားတော်ပမာတည်ရှိနေသည့် တရားတော်မြတ် အပေါင်းကို လက်ဆင့်ကမ်းသယ်ဆောင်ခဲ့လျက် ယနေ့တိုင် သင်ကြားဟောပြကာ ဓမ္မအသိဖြန့်ဝေလျက်ရှိနေသဖြင့် ကျေးဇူးကြီးမားလှပါသည်။

မိဘနှစ်ပါးတို့သည် မိမိ၏ဘဝဖြစ်တည်ရေးတွင် မွေးဖွားသည်မှ လူလားမြောက်သည်အထိ ပြုစုပျိုးထောင်ပေးသူများဖြစ်သဖြင့် မိမိဘဝတွင် အဓိကကျသော ကျေးဇူးရှင်များ ဖြစ်ကြပါသည်။ မိဘတို့သည် သားသမီးတို့၏ အဦးဆုံးလက်ဦးဆရာများလည်း ဖြစ်ကြပါသည်။ လက်ဦးဆရာ မိဘနှစ်ပါး

အပြင် မိမိဘဝ၌ သင်ဆရာ ကြားဆရာ မြင်ဆရာ အပေါင်းတို့ သည်လည်း မိမိ၏အသိဉာဏ်ကို ကျယ်ပြန့်အောင် ဆုံးမသွန်သင် ပေးကြသူများဖြစ်၍ ကျေးဇူးအထူးကြီးမားကြပါသည်။

## ☸ ကျေးဇူးပြုသူနှင့် ကျေးဇူးဆပ်သူ

ယုံကြည်မှု သဒ္ဓါတရားရှိ၍ ပရဟိတ စေတနာထက်သန်သူ တို့သာ သူတစ်ပါးအပေါ်၌ ကျေးဇူးပြုပေးနိုင်ကြ၏။ သူတစ်ပါး က မိမိအပေါ်၌ ကောင်းကျိုးပြုဖူးသူကို ပြန်လည်၍ ကောင်း ကျိုးပြုခြင်းကို ကျေးဇူးဆပ်သည်ဟုခေါ်ဆိုပါသည်။

တစ်စုံတစ်ဦးထံမှ အကူအညီအထောက်အပံ့တစ်ခုခုကို မိမိလက်ခံရယူဖူးပါက ကျေးဇူးကြွေးတင်ရှိမည်ဖြစ်ပါသည်။ ထိုကျေးဇူးကို တုံ့ပြန်ပေးဆပ်ရန် မိမိတွင် တာဝန်ရှိပါသည်။ သူတစ်ထူး၏ကျေးဇူးကို ပြန်ဆပ်ရန် တာဝန်မဲ့စွာ မသိယောင် ပြုပါက ကျေးဇူးထိန်ချန် သည်ဟု ခေါ်ဆိုကြ၏။ အချို့ဆိုလျှင် ကျေးဇူးမဲ့ရုံမက ကျေးဇူးရှင်ကိုပြစ်မှားကာ ကျေးဇူးကန်းခြင်း၊ ကျေးစွပ်ခြင်းကိုပင် ပြုတတ်ကြလေ၏။

# အဆွေခင်ပွန်းကောင်း

လောက၌ ဘုရားတရားသံဃာ ရတနာမြတ်သုံးပါးနှင့် တစ်ဂိုဏ်းတည်းထားအပ်သော မိဘ ဆရာတို့သည် အနန္တော အနန္တငါးပါး ကျေးဇူးရှင်များဖြစ်ကြသဖြင့် **မိကိုလက်ယာ၊ ဖကို လက်ဝဲ၊ အမြဲဆောင်ရွက်၊ ပခုံးထက်တွင်၊ တင်လျက်လုပ်ကျွေး၊ မပြတ်မွေးလည်း၊ ကျေးဇူးဂုဏ်စိုင်၊ မကုန်နိုင်ဘူး** စသည်ဖြင့် မဃဒေဝလင်္ကာ၌ ဆိုမိန့်မှာထားပါသည်။ မိဘဆရာများ နည်းတူ မပြစ်မှားအပ်သော အဆွေခင်ပွန်းကောင်းများစွာကိုလည်း ဇာတက ပါဠိ၌ တေမိယဇာတ်တော်၌ ဘုရားရှင်ဟောကြားထားပါသည်။

ထိုအဆွေခင်ပွန်းကောင်းတို့သည် မိမိဘဝသံသရာ ခရီး တစ်လျှောက် ကျေးဇူးမမေ့ထိုက်သူများ ဖြစ်ကြသဖြင့် ထိုသူတို့အား မပြစ်မှားအပ်ပေ။ ထိုအဆွေခင်ပွန်းကောင်းတို့ကို ဇာတ်တော်ကြီး ဆယ်ဘွဲ့ရေးသားခဲ့သည့် မင်းဘူး ဦးသြဘာသ ဆရာတော် အစရှိသော ရှေးရှေးပညာရှင်များက ခင်ပွန်းကြီး (၁၀)ပါးဟု ဂုဏ်တင်သတ်မှတ်ခဲ့ကြပါသည်-

## ☸ ခင်ပွန်းကြီး (၁၀)ပါး

(၁) သဗ္ဗညုဗုဒ္ဓဘုရားရှင်၊

(၂) ပစ္စေကဗုဒ္ဓါ၊

(၃) ရဟန္တာ၊

(၄) အဂ္ဂသာဝကများ၊
(၅) မိခင်၊
(၆) ဖခင်၊
(၇) အသက်သိက္ခာ ဂုဏ်ဝါအကျင့်သီလ မိမိထက် မြတ်၍ ရှိသေအပ်သောပုဂ္ဂိုလ်မြတ်၊
(၈) မိမိအားသွန်သင်ဆုံးမပေးသည့် ဆရာမြတ်၊
(၉) ထမင်း အဖျော် အိပ်ရာ နေရာ အဝတ်ပုဆိုး စသည့် တစ်စုံတစ်ခုကို ပေးကမ်းချီးမြှင့်ထောက်ပံ့ဖူးသော ကျေးဇူးရှင်၊
(၁၀) ကုသိုလ်တရားပွားများစေခြင်းငှါ တရားဟော ကြားပေးသောပုဂ္ဂိုလ်။

## ☸ ခင်ပွန်းကြီး(၁၀)ပါး မပြစ်မှားရာ

မိမိဘဝသံသရာတစ်လျှောက် ကျေးဇူးရှင်များဖြစ်ကြသော ခင်ပွန်းကြီး(၁၀)ပါးတို့အား ပြစ်မှားခြင်းကို မပြုအပ်ပါ။ အမိသတ်သူ၊ အဖသတ်သူ၊ ရဟန္တာသတ်သူ၊ ဘုရားရှင်အား သွေးစိမ်းတည်အောင်ပြုသူ၊ သံဃာသင်းခွဲသူတို့သည် ဂရုကကံ အပြစ်ကြီးလေးသူများဖြစ်ကြ၏။ ထိုနည်းအလားတူ အဆွေခင်ပွန်းကောင် (ခင်ပွန်းကြီး ၁၀ ပါး)တို့အား ပြစ်မှားမိချေက ဒဏ်(၁၀) ပါး သင့်ရောက်နိုင်ကြောင်းကို ဓမ္မပဒအဋ္ဌကထာ၊ မဟာမောဂ္ဂလ္လာန မထေရ်ဝတ္ထုဥ္၌ ဘုရားရှင်ဟောကြားထားခဲ့ပါသည်။

ခိုးသားငါးရာတို့သည် ဘုရားရှင်၏ လက်ဝဲတော်ရံ အဂ္ဂသာဝကဖြစ်သော အရှင်မဟာမောဂ္ဂလ္လာန်မထေရ်အား ရိုက်ပုတ်သတ်ဖြတ်ခဲ့ကြရာ ခင်ပွန်းကြီး (၁၀) ပါးတွင် တစ်ပါး အပါအဝင်ဖြစ်သည့် အဂ္ဂသာဝကမထေရ်အား ပြစ်မှားမှု ဖြစ်ပေါ်ခဲ့သည်။ ထိုဝတ္ထုကြောင်းနှင့် ဆက်စပ်လျက် ငရဲသို့ ကျရောက်နိုင်မှုအပြင် မပြစ်မှားအပ်ငြား ဒဏ်(၁၀)ပါးကို ဟောကြားဖွင့်ပြထားခြင်း ဖြစ်ပါသည်။

## ☸ ခင်ပွန်းကြီးပြစ်မှား ဒဏ်(၁၀)ပါး

(၁) ဦးခေါင်းခဲနာစသော ပြင်းထန်သော ဝေဒနာခံစားရခြင်း၊

(၂) ပင်ပန်းကြီးစွာရှာဖွေထားသော ပစ္စည်းဥစ္စာများဆုံးရှုံးခြင်း၊

(၃) လက် ခြေပြတ်ခြင်းစသော ကိုယ်အင်္ဂါ ပျက်စီးဆုံးရှုံးခြင်း၊

(၄) ကုသရန်ခက်ခဲသော၊ ဆွံ့အ နားမကြား၊ နူနာစသည့် ရောဂါများစွဲကပ်ခံရခြင်း၊

(၅) ရူးသွပ်ခြင်း၊

(၆) အခြံအရံ ဆုံးရှုံးခြင်း၊ မင်းပြစ်မင်းဒဏ်ခံရခြင်း၊

(၇) မတရား စွပ်စွဲခံရပြီး ပြစ်ဒဏ်ခံရခြင်း၊
(၈) ဆွေမျိုးညီအစ်ကိုမောင်နှမများ ပျက်စီးဆုံးရှုံးခြင်း၊
(၉) ရွှေငွေ ဆန်ရေစပါး စည်းစိမ်ဥစ္စာပျက်စီးဆုံးရှုံးခြင်း၊
(၁၀) မီးဘေးအန္တရာယ် အကြိမ်ကြိမ်ခံရခြင်း။

**(ဓမ္မပဒအဋ္ဌကထာ၊ မဟာမောဂ္ဂလာနဝတ္ထု)**

## ☸ ခင်ပွန်းကြီး(၁၀)ပါး ပူဇော်ခြင်းအကျိုး

(၁) အစားအစာ မရှားပါးခြင်း၊
(၂) ရောက်ရာအရပ်၌ လေးစားပူဇော်ခံရခြင်း၊
(၃) ရန်သူမျိုးငါးပါးနှင့် ကင်းဝေးနိုင်ခြင်း၊
(၄) လူချစ်လူခင် ပေါများခြင်း၊
(၅) ပရိသတ်အလယ်၌ တင့်တယ်စွာနေနိုင်ခြင်း၊
(၆) ကောင်းသတင်းဂုဏ် ကျော်စောခြင်း၊
(၇) အခြွေအရံများခြင်း၊
(၈) စီးပွားဥစ္စာ ဖွံ့ဖြိုးတိုးတက်ခြင်း၊
(၉) ဘေးဒုက္ခကြုံသော် အကူအညီရရှိခြင်း၊
(၁၀) သားကောင်း သမီးကောင်း ရရှိနိုင်ခြင်း။

**လင်္ကာ**

**လူ့ဥဒ္ဒဂုဏ်ထူး၊** ကျေးဇူးကြီးစွာ၊
ဆရာ မိဘ၊ ဘုရားစသား၊
ထိုမျှမိတ်ချစ်၊ သူတော်စစ်ကို၊
မပြစ်မမှား၊ သူတို့အားကား။
**တစ်ပါးရပ်ရွာ၊** သွားစပါလည်း၊
အစာအစား၊ မရှားပါးဘဲ၊
**ရောက်သွားရာရာ၊** ပူဇော်လာ၏။
**ရာဇာ စောရ၊** ဓားပြ ခိုးသူ၊
ကလူနိုင်ထက်၊ မနှိပ်စက်ရာ၊
**မျက်နှာချစ်ဖွယ်၊** လသဖွယ်နှင့်၊
**ပွဲလယ်အထူး၊** ရဲဂုဏ်မြူးလျက်၊
**ကျေးဇူးသတင်း၊** ကျော်ခြင်းမိုးပျံ၊
**ခြံရံမကွဲ၊** အမြဲမကွေ၊
ကျက်သရေနတ်နွယ်၊ တင့်တယ်ပွင့်လင်း၊
**ဆင် မြင်း ကျွဲ နွား၊** လယ်ယာများ၌၊
စပါးဆံနှံ၊ သီးခွံမပျက်၊
**တောင်ထက်ချောက်ကမ်း၊** ဆွဲလှမ်းလွတ်ကာ၊
ကျတုံပါလည်း၊ တည်ရာရငြား၊

**သားနှင့်သမီး၊** ညောင်ပင်ကြီးသို့၊
ခိုင်ဖြိုးခြေမြစ်၊ မြဲမြံဖြစ်ဟု၊
စင်စစ်မှန်လှ၊ ဟောဖော်ပြသား၊
**ဒသမိတ္တ၊ ပူဇနေ ဂါထာ၊** ဤဆယ်ဖြာကို၊
ကောင်းစွာနားလည်၊ မှတ်သားတည်လော့။

**(မန်လည်ဆရာတော်၊ မဃဒေဝလင်္ကာ)**

## ကျေးဇူးတရားသိသူနှင့် ကျေးဇူးမဲ့သူ ပုံပြသာဓကများ

### ☸ အရှင်သာရိပုတ္တရာမထေရ်မြတ်ကြီး ညွှန်ပြပေးသော ကျေးဇူးတရား

ဘုရားရှင်သည် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း၌ သီတင်းသုံးနေ၏။ အခါတစ်ပါး အရွယ်လွန်နေသော ရာဓအမည်ရှိ ပုဏ္ဏားအို တစ်ဦးသည် မိမိဘဝနောက်ဆုံးအချိန်ကို ရဟန်းပြု၍ အချိန် ကုန်လွန်တော့အံ့ဟု ကျောင်းများသို့ လှည့်လည်ကာ ရဟန်းတော်တို့ထံ၌ ရဟန်းပြုခွင့်တောင်း၏။ ရဟန်းတော်များက ပုဏ္ဏားအိုကြီးအား တောထွက်ရဟန်းကြီးပြုပေးရန် စိတ်မဝင်စားကြဘဲ ငြင်းပယ်ကြသဖြင့် ပုဏ္ဏားအိုကြီးမှာ ဆန္ဒမပြည့်ဝဘဲ တစ်နေ့တခြား ရုပ်ဆင်းအင်္ဂါ ပိန်လှီအားနည်း၍လာသည်။

ရာဓပုဏ္ဏားကြီးသည် ကြံ့ရာမရဖြစ်ပြီး ဘုရားရှင်ထံ ဝင်ရောက်၍ မိမိအားရဟန်းပြုပေးရန် ရဟန်းတော်တစ်ပါးကမျှ အလိုမရှိကြောင်း လျှောက်ထားလေသည်။ ဘုရားရှင်က ပုဏ္ဏားကြီး၏ ရှေးကောင်းမှုကို သိရှိသဖြင့် ရဟန်းတော်များအား ခေါ်တော်မူ၍ **ရဟန်းတို့ အဘယ်ရဟန်းသည် ပုဏ္ဏားကြီး၏ ကျေးဇူးကိုအမှတ်ရသနည်း**ဟု မေးမြန်းလေသည်။ တရားစစ်သူကြီး အရှင်သာရိပုတ္တရာမထေရ်သည် ရာဇဂြိုဟ်မြို့တွင်းသို့ လှည့်လည်၍ ဆွမ်းခံရပ်စဉ် ပုဏ္ဏားကြီးက တစ်ဇွန်းမျှသောဆွမ်း လှူဒါန်းမှုကိုခံယူဖူးရာ ပုဏ္ဏားကြီး၏ကျေးဇူးကို အမှတ်ရမိကြောင်း ဘုရားရှင်အားလျှောက်တင်လေသည်။

ထိုအခါ ဘုရားရှင်က အရှင်သာရိပုတ္တရာအား **သာရိပုတ္တရာ ကောင်းလှပေ၏။ သူတော်ကောင်းတို့သည် သူ့ကျေးဇူးကို သိတတ်ကြပေ၏။ သင်ချစ်သားသည် ရာဓပုဏ္ဏားကြီးအား ရှင်လည်းပြုပေးလော့၊ ရဟန်းလည်းပြုပေးလော့**ဟု မိန့်ကြားတော်မူပါသည်။ ဘုရားရှင်နှင့် အရှင်သာရိပုတ္တရာတို့ ကျေးဇူးတရားဖော်ဆောင်မှုဖြင့် ရာဓပုဏ္ဏားကြီးသည် ရဟန်းအဖြစ်သို့ရောက်ရှိကာ ကမ္မဋ္ဌာန်းတရား သင်ယူအားထုတ်၍ အရဟတ္တဖိုလ်သို့ ရောက်ရှိလေသည်။

## ☸ ကျေးဇူးကန်းသဖြင့် မြေမျိုခံရသူ ပုဏ္ဏား

ဗာရာဏသီပြည်တွင် ဗြဟ္မဒတ်မင်းကြီး မင်းပြုနေစဉ်ဖြစ်၏။ ကာသိကရွာမှ ပုဏ္ဏားတစ်ဦးသည် ဟိမဝန္တာတောင်ကြီး အလယ်တွင် မျက်စိလည်နေရာ လမ်းစမြင်ရနိုးဖြင့် တည်ပင်ကြီးပေါ် တက်ကြည့်ရင်း ချောက်ထဲသို့ ပြုတ်ကျလေ၏။

ထိုတောသည် ဘုရားလောင်း မျောက်မင်း၏ ကျက်စားရာ နယ်ပယ်အတွင်းဖြစ်ရာ ချောက်ထဲပြုတ်ကျနေသော ပုဏ္ဏားအား တွေ့မြင်၍ ကယ်တင်ရန်ဆောင်ရွက်သည်။ နွယ်ကြိုးကို ချောက်တွင်းသို့ချ၍ ပုဏ္ဏားကို ပခုံးပေါ်တင်ပြီး ပင်ပန်းကြီးစွာဖြင့် မြေပေါ်ရောက်အောင် ထမ်းတင်ပေးသည်။ ဘုရားလောင်းသည် ပင်ပန်းလွန်းသဖြင့် မိမိကယ်တင်ပေးသည့် ပုဏ္ဏား၏ ပေါင်ပေါ်တွင် ဦးခေါင်းတင်၍ အမောဖြေရင်း အိပ်ပျော်သွားသည်။

ပုဏ္ဏားသည် ဘုရားလောင်း အိပ်ပျော်နေသည်ကို ကြည့်လျက် **ဤမျောက်အား ခေါင်းကို ထုသတ်၍ ယူဆောင်သွားပါက အိမ်အပြန် မျက်နှာပန်းလှပေမည်**ဟု ယုတ်မာစိတ် မွေးမြူကာ သတ်ဖြတ်ရန် ကြံရွယ်ပြီး အနီးရှိ ကျောက်တုံးကိုကောက်ယူ ထုသတ်လေ၏။ ဘုရားလောင်းသည် ဦးခေါင်းကို တစ်ချက် အထုခံရရုံ ဖြင့် အိပ်ရာမှနိုးပြီး ခုန်ပြေးနိုင်သဖြင့် အသက်ဘေးမှ

ချမ်းသာရာ ရရှိသွား၏။ သို့သော် ဦးခေါင်းတွင် ကျောက်တုံး ထုခံရသည့် ဒဏ်ရာမှ သွေးများ တစ်စက် တစ်စက် ကျနေ၏။

ဘုရားလောင်းမျောက်မင်းသည် ပုဏ္ဏားအား **အသင် ပုဏ္ဏား အသင်သည် ကျေးဇူးကန်းသူဖြစ်ပေ၏။ သို့သော်လည်း အသင်၏လိုရာခရီးသို့ရောက်အောင် ပို့ပေးပါမည်**ဟု ပြောဆိုကာ သစ်ပင်တစ်ပင်မှတစ်ပင်သို့ ခုန်ကူးရင်း သွေးစက်ဖြင့် ပုဏ္ဏားအား တောအုပ်မှထွက်နိုင်အောင် လမ်းပြပေးနိုင်ခဲ့လေသည်။

ပုဏ္ဏားသည် ဘုရားလောင်းမျောက်မင်းအား ကျေးဇူးကန်း ပြစ်မှားမှုကြောင့် နူနာများစွဲကပ်လျက် (၇)နှစ်ပတ်လုံး ဆင်းရဲကြီးစွာ အသက်မွေးမြူရပြီး မြေမျို၍ အဝီစိငရဲသို့ ကျရောက်ခဲ့လေ၏။

## ☸ ကျေးဇူးကို ထိန်ဝှက်သဖြင့် မန္တန်ပျောက်ဆုံးသော ပုဏ္ဏားလုလင်

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းလက်ထက် ဘုရားလောင်းသည် ဒွန်းစဏ္ဍားအမျိုး၌ ဖြစ်လေသည်။ သစ်ပင်များကို အချိန်အခါမဟုတ် အသီးသီးစေနိုင်သော မန္တန်ကိုတတ်ကျွမ်းသဖြင့် ထိုမန္တန်ဖြင့် အချိန်အခါမရွေး သရက်သီးများသီးစေပြီး ရောင်းချ၍ အသက်မွေးဝမ်းကျောင်းပြုလေသည်။

ပုရောဟိတ်ပုဏ္ဏား၏သား ပုဏ္ဏားလုလင်တစ်ယောက်သည် တက္ကသိုလ်မှ ပညာသင်ယူရာမှအပြန် မန္တန်တတ်ကျွမ်းသူ

ဘုရားအလောင်း ဒွန်းစဏ္ဍားကြီးနှင့် ဆုံတွေ့လေရာ ဘုရားအလောင်းအား ဝတ်ကြီးဝတ်ငယ်ပြုစု၍ အချိန်မရွေးသစ်သီးသီးစေနိုင်သည့် မန္တန်ကို သင်ယူခဲ့လေသည်။

ပုဏ္ဏားလုလင်သည် ဗာရာဏသီပြည်သို့ ပြန်ရောက်သောအခါ ဘုရင့်နန်းတော်၌ မင်းခစားအမှုထမ်းစဉ် အခါအခွင့်ကြုံသော် ဘုရင့်ဥယျာဉ်တော်အတွင်းရှိ သရက်ပင်များကိုတစ်ခဏချင်း အသီးသီးစေကာ မန္တန်အစွမ်းပြနိုင်သဖြင့် ဘုရင်၏ချီးမြှင့်မြှောက်စားမှုကို ခံရလေသည်။

ဗာရာဏသီမင်းကြီးက ထိုမန္တန်အတတ်ကို အဘယ်သူ့ထံမှ သင်ယူခဲ့သနည်းဟုမေးမြန်းလေရာ ပုဏ္ဏားလုလင်သည် ဘုရားလောင်းဒွန်းစဏ္ဍားကြီးထံမှ သင်ယူခဲ့သည်ဟု အမှန်ဝန်ခံရမည်ကိုရှက်ရွံ့ပြီး တက္ကသိုလ်ပြည်ဒိသာပါမောက္ခဆရာကြီးထံမှ သင်ယူခဲ့သည်ဟု သူ့ကျေးဇူးကိုထိန်ဝှက်ခဲ့လေသည်။ ထိုသို့ သူ့ကျေးဇူးကိုထိန်ဝှက်ပြီး မုသားပြောဆိုသောအခါမှစ၍ မန္တန်သည်လည်း ပုဏ္ဏားလုလင်ထံမှ ကွယ်ပျောက်ခဲ့လေ၏။

ပုဏ္ဏားလုလင်သည် မန္တန်အစွမ်းကို နောက်တစ်ကြိမ်ပြသရန် အစွမ်းမရှိတော့ရာ ဗာရာဏသီမင်းကြီးက အကြောင်းစုံမေးမြန်း၍ သိရှိလေလျှင် **ဤလုလင်သည် မန္တရား၏တန်ဖိုး**

**ကိုမသိ၊ မျိုးနွယ်ကိုသာကြည့်သည်။ သူယုတ်မာတည်း**ဟု ဆိုကာ ပုဏ္ဏားလုလင်အား နန်းတွင်းမှ နှင်ထုတ်လိုက်သဖြင့် ဆင်းရဲဒုက္ခကြီးစွာရောက်ရလေတော့သည်။

## ❁ တစ်လုတ်စားဖူး သူ့ကျေးဇူးကိုသိသော သူရဲကောင်း ခေင်ညို

မြန်မာသမိုင်း ပင်းယခေတ် ငါးစီးရှင်ကျော်စွာ လက်ထက်ဖြစ်သည်။ သူရဲကောင်း ခေင်ညိုသည် စစ်ကိုင်းအသင်္ခယာ စောယွမ်းကို လုပ်ကြံရန် တာဝန်အရ စွန့်စားဆောင်ရွက်ရသည်။ စစ်ကိုင်းသို့သွား၍ အသင်္ခယာစောယွမ်း၏ အိပ်ဆောင်သို့ဝင်ရောက်ရန် ပုန်းခိုနေရရာ ရက်အတန်ကြာ ထမင်းမစားရဘဲ ရှိလေသည်။ အခွင့်သာ၍ ညအချိန် အသင်္ခယာစောယွမ်း၏ အိပ်ဆောင်သို့ဝင်နိုင်ခဲ့စဉ် အသင်္ခယာစောယွမ်း၏ နတ်တင်ထားသော ထမင်းနှင့် အမဲသားကိုတွေ့ရှိသဖြင့် ဆာလောင်နေသော ဝမ်းမီးကိုငြိမ်းရန် ဦးစွာထမင်းနှင့်အမဲသားကို စားမိလေ၏။

ခေင်ညိုသည် ဆာလောင်မှုကို ဖြေရှင်းပြီးနောက် မူလရည်ရွယ်ချက်ဖြစ်သော အသင်္ခယာစောယွမ်းအား လုပ်ကြံရန် ပြင်ဆင်သည်။ အသင်္ခယာစောယွမ်း နတ်တင်ထားသော ထမင်းဟင်းကို စားဖူးသော သူ့ကျေးဇူးတရား ထောက်ထားရန် အသိဝင်လာသဖြင့် အသင်္ခယာစောယွမ်းအား လုပ်ကြံမှုမပြု တော့ရန်

ဆုံးဖြတ်ခဲ့သည်။ အသင်္ချာစောယွမ်း၏ အိပ်ဆောင်သို့ ကိုယ်တိုင်ရောက်ရှိခဲ့ကြောင်း သက်သေအဖြစ် အသင်္ချာစောယွမ်းကိုင်ဆောင်သည့် ပတ္တမြားကျောက်စီဓားကို ယူဆောင်၍ နန်းတော်မှ ပြန်လည်ထွက်ခွါခဲ့လေသည်။

ပင်းယနန်းတော်သို့ ပြန်ရောက်သောအခါ ငခင်ညိုသည် ပတ္တမြားကျောက်စီဓားကို သက်သေပြ၍ ကြောင်းကျိုးစုံလင်လျှောက်တင်လေသည်။ ငါးစီးရှင်ကျော်စွာကလည်း ငခင်ညို၏ တစ်လုတ်စားဖူး သူ့ကျေးဇူးသိတတ်မှုကို အသိအမှတ်ပြုလျက် ဆက်လက်မြှောက်စား သူကောင်းပြုလေသည်။

## ☸ ကျေးဇူးသစ္စာသိသော သူရဲကောင်းငထင်ငယ်

မြန်မာသမိုင်း အင်းဝခေတ် အနောက်ဖက်လွန်မင်းသည် မြန်မာသက္ကရာဇ် ၉၇၀ ခုနှစ်တွင် ပြည်မြို့ကို တိုက်ခိုက်သိမ်းပိုက်လေသည်။ မြို့ရိုးကျိုးပေါက်ပြီး အနောက်ဖက်လွန်မင်း၏ ရဲမက်များက ပြည်ဘုရင်၏ နန်းတော်တွင်းသို့ ဝင်ရောက်၍ တိုက်ခိုက်ခဲ့ကြသည်။

ပြည်ဘုရင်၏ ရာဇပလ္လင်ရှေ့၌ အပြင်းအထန် ခုခံနေသူကား စစ်သူကြီးဘယဂါမဏိ၏တူ ပြည်ဘုရင်၏ သူငယ်တော် ၁၃ နှစ် သားအရွယ်ရှိ ငထင်ငယ်ဖြစ်သည်။ ငထင်ငယ်သည် **သေရလျှင် ငါ့အရှင်၏ ရာဇပလ္လင်ရင်း၌ သေစေ**

**တော့။ ငါ့ အရှင်ကို ငါသေမှသာ ထိပါးစေအံ့**ဟု ဓားတစ်စင်းဖြင့် ရွှတ်ရွှတ်ချွန်ချွန် ခုခံနေလေသည်။ ဦးရီးတော် ဘယဂါမဏိက **ဟယ် ငထင်ငယ် တစ်မြို့လုံး သူ့လက်သို့ ရောက်နေပြီ။ တစ်ဦးတည်း ခုခံနေရန် မသင့်တော့**ဟု ဟစ်၍ ဆိုလေမှ **သူ့ဆန်စား၍ ရဲရပေသည်**ဟု ဆိုကာ လက်နက်ချရှာသည်။ ငထင်ငယ်သည် နောက်ဆုံးမှ လက်နက်ချသူ ဖြစ်ခဲ့သည်။

ပြည်မြို့ ကျဆုံးပြီးနောက် ပြည်ဘုရင်နှင့်တကွ အခြံအရံများကို အင်းဝသို့ ခေါ်ဆောင်ရာတွင် ငထင်ငယ်လည်း ပါဝင်ခဲ့လေသည်။ အင်းဝဘုရင်က **ငါသည် ပြည်မြို့ကို သိမ်းယူရာ ရှင်တစ်ဆူ လူတစ်ယောက်သာ ရခဲ့၏**ဟု မိန့်တော်မူရာ ရှင်တစ်ဆူမှာ တိပိဋကအကျော် တောင်ဖီလာဆရာတော်ဖြစ်ပြီး လူတစ်ယောက်မှာ နောင်တွင် **နန္ဒယော်ဓာ**ဘွဲ့ထူးဖြင့် မြှောက်စားခြင်းခံရ သည့် **ငထင်ငယ်** ပင်ဖြစ်ပါသည်။

⌘⌘⌘⌘⌘

မြတ်ဗုဒ္ဓအဆုံးအမ

မကောင်းမှု ရှောင်၊

ကောင်းမှု ဆောင်၊

ဖြူအောင် စိတ်ကိုထား။

# အခန်း(၁၆)
# ဆုံးမစာများ

## ❁ ရှင်မဟာရဋ္ဌသာရဆုံးမစာ

(၁) အစ်ကိုကြီးအား၊ ညီငယ်များလည်း၊ စကားနှုတ်ဆက်၊ ဖက်၍မဆို၊ ရိုသေလှစေ၊ ကိုကြီးအစ်မ၊ သည်နှစ်ဝကို၊ မိဘကဲ့သို့ မှတ်ပါလေ။

(၂) သေတူရှင်ဖက်၊ ဆောင်ရွက်မကင်း၊ အချင်းချင်းတွင်၊ အခင်းကြီးငယ်၊ ရှိခါဝယ်လည်း၊ မဖည်မသွေ၊ ညီညာ ကုန်း၍၊ ရန်းကြလေ။

(၃) တစ်ယောက်စကား၊ တစ်ယောက်နားမှာ၊ မခါးရအောင်၊ သတိဆောင်၍၊ မောင်တို့ဆိုလေ၊ ပျားသကာသို့ ချိုလှစေ။

(၄) မတွေ့ခိုက်ရန်၊ မကျူးလွန်နှင့်၊ မျက်မာန်ဒေါသ၊ မထွက်ရအောင်၊ မာန်မာနကို ချုပ်ကြလေ။

(၅) သေနှင့်အရက်၊ စီးပွားပျက်ကို၊ တစ်စက်ကယ်မျှ၊ မသောက်ကြနှင့်၊ ရှောင်ကြပါလေ၊ ရှင်တော်ဟောသည့် အဆိပ်ရေ။

(၆) ကိုယ်နှင့်လည်းစာ၊ သတ္တဝါကို၊ ကြင်နာလှစေ၊ သူ့အသက်ကို ချစ်ပါလေ။

(၇) နေ့ခင်းသံသရာ၊ ရိက္ခာအတူ၊ ကံကျွေးဟူသည်၊ အလှူဆိုက၊ မဆုတ်ကြနှင့်၊ ရဲလှုပါစေ၊ တံစက်အောက်တွင်၊ ခံသောက်အိုးတန်၊ ကျဖန်များက၊ ပြည့်ငြားသည်သာ၊ ထုံးဟောင်းစာကို ထောက်ပါလေ။

(၈) သူ၏စီးပွား၊ ငါ့စီးပွားကို ထောက်ထားမိစေ၊ ကြီးလောဘကို မျှတစေ။

(၉) ဟုတ်သောအကြံ၊ မှန်သောအကျင့်၊ သင့်သောအယူ၊ ဖြူသောနှလုံး၊ သူတော်ထုံးကို၊ စွဲသုံးသောထွေ မှန်လှစေ။

(၁၀) မှတ်ဖွယ်ရာရာ၊ ထိုထိုစာကို၊ ရှာ၍မပြတ် အိမ်တွင်ဖတ်။

(၁၁) ဖတ်ပြန်သော်ကား၊ ဖတ်ဖန်များက၊ သားမယားပင်၊ သိမြင်ကင်းကွာ၊ မလိမ္မာလည်း၊ စာပေစကား၊ နေ့တိုင်းကြားက၊ ထူးခြားလိမ္မာ၊ ရှိသည်သာတည်း။

(၁၂) အသုံးအဆောင်၊ အိမ်ထောင်ခမ်းနား၊ အပါးပါးကို ပြန့်ပွားလေအောင်၊ ကြောင်ပုစွန်စား၊ ကျွတ်ကျွတ်ဝါးသို့၊ ယောက်ျားပီထွေ၊ ဝီရိယနှင့်၊ လုံ့လကိုလည်း ရှိလှစေ။

## ☸ ရှင်မဟာသီလဝံသဆုံးမစာ

(၁) ရိုင်းစိုင်းနီးကပ်၊ မကိုင်းညွတ်ဘဲ၊ မတ်တပ်တိုး၍ မသွားနှင့်။

(၂) မိဦးဘဦး၊ ဆရာဦးကို၊ ရူး၍အလျင် မစားနှင့်။

(၃) မိဘဆရာ၊ ထားသည့်ဟာကို၊ မျက်နှာကွယ်လျှင်၊ မယှူငင်နှင့်၊ လိုချင်သောအား၊ စားချင်ပြားက၊ ဝပ်တွားခယ တောင်းပါကြ။

(၄) အသက်ကြီးငယ်၊ ဝါကြီးငယ်ကို၊ လွဲဖည်မသွေ နှိမ့်ချလေ။

(၅) ဗဟုသုတ၊ တတ်ပချင်လျှင်၊ သင်သာရိုက်ကို သင်လိုက်ကြ။

(၆) ဝါယာလုံ့လ၊ ကြိုးပမ်းက၊ ရလိမ့်ဉာဏ်ပညာ။

(၇) လိမ္မာသိတတ်၊ လောကဓာတ်၊ တတ်လိမ့်များဂုဏ်အင်။

## ☸ ကန်တော်မင်းကျောင်းဆရာတော် ဆုံးမစာ

(၁) သူမကောင်းကိုခွာ၊ သူကောင်းကိုရှာ၊ သူတော်ဆုံးမ နာ၊ သူ့နည်းမကျင့်ရာ၊ သူ့ထက်စောင့်စည်းပါ၊ သူကောင်းဖြစ်စိမ့်ငှာ၊ သူချစ် ရှစ်ချပ်ကြာ။

(၂) မပေးဘဲကို မလိုလင့်၊ မမေးဘဲကို မဆိုလင့်၊ မခေါ်ဘဲကို မသွားလင့်၊ မမြိန်ဘဲကို မစားလင့်၊ မမှည့်ဘဲကို မဆွတ်လင့်၊ တိတ်တိတ်နေသော်ထောင်တန်၏။ လူလိုက နတ်လိုကာ၊ လူကြိုက်က နတ်ကြိုက်ကာ၊ မပေါ့ မလေး၊ မနေးမလျင်၊ ရွှေချိန်ခွင်သို့၊ မတင်မလျော့၊

လေ့ဖောင်ဖော့သို့၊ မလျော့ပညာ၊ တံငါလုလင်၊ မှုားကြိုးငင်သို့၊ ပညာရှိမှ ခွင့်သိသည်၊ လိမ္မာမှ စကားတတ်သည်၊ သူ့ကျေးဇူးကိုသိမှ စည်းစိမ်တည်သည်၊ လာသည့်ဘေးကို အဝေးကမြင်မှ အသက်ရှည်ရာသည်။

(၃) ဥစ္စာကိုလိုသော်၊ အမှီကောင်းကိုရှာ၊ ကိုယ်အနာလည်းကင်းလှစေ၊ မပျင်းဝီရိယ အားထုတ်ကြ၊ မာနဟူသည့်မှန်ကင်းထွတ်ကိုချ၊ ပုညရေးလည်းကူမစေ၊ သုံးထွေစရိုက်မျှ၊ ယစ်သမ္မ ဆင်ခြင်လေ၊ သဘင်ကြည့်ရှုနည်းလှစေ၊ လောင်းထွေကစားမှု ပျော်မှုဆင်ခြင်လေ။

## ☸ တောင်ဖီလာဆရာတော်ဆုံးမစာ

(၁) ဓမ္မသတ်တရား၊ ရှုပါငြားလည်း၊ တိမ်းပါးငဲ့ကွက်၊ လက်ဆောင်ဖျက်သည်။

(၂) သီလငါးပါး၊ ကျင့်သူအားကို၊ စီးပွားရမ္မက်၊ လောဘဖျက်သည်။

(၃) သုခမိန်ဟု၊ ကျော်ရှိန်နှံ့သိ၊ ပညာရှိလည်း၊ ကြီးဘိအမျက်၊ ဒေါသဖျက်သည်။

(၄) သူကောင်းဖြစ်ငြား၊ မှုထားကောင်းလျက်၊ အပေါင်းဖျက်သည်။

## ☸ မန်လည်ဆရာတော် (မဃဒေဝ)ဆုံးမစာ

(၁) သူ့ကိုချီးမြှောက်၊ ကိုယ့်ဂုဏ်မြောက်၏၊
သူ့ကို ဂုဏ်နှိမ့်၊ ကိုယ့်ဂုဏ်နိမ့်၏။

(၂) ကာလဒေသ၊ ပုဂ္ဂလကို၊ နှိုင်းဆမရှိ၊ မသိတတ်သူ၊
လူမိုက်ဟူ၏၊ သိမှုပဏ္ဍိ၊ ပညာရှိ။

(၃) ကံမွဲဉာဏ်နုံ့၊ မလုံ့မလ၊ နတ် မ မ ဘူး၊ အန္ဓဗာလ၊
လူထိုမျှတို့၊ ကံဝီရိယ၊ မယုံကြ။

(၄) ပယောဂစက်၊ ပျက်သည့်သူအား၊ လူကိုထား၍၊
ဘုရားသော်မှ ကယ်မရ။

(၅) ပေးကမ်းလှေ့ဟူ၊ မရှိသူတို့၊ နတ် လူ နိဗ္ဗာန်၊ ချမ်းသာ
မွန်ကို၊ ကေန်ဘယ်ခါ မရရာ။

(၆) မပေးမလှူ၊ မုန်းဆေးဟူ၏၊ ပေးလှူတတ်သော်၊
ချစ်ဆေးကျော်တည်း။

(၇) တရားမကြိုက်၊ လျှာဒုစရိုက်နှင့်၊ လူမိုက်တစ်သောင်း၊
ချီးမွမ်းရှောင်းလည်း၊ သူကောင်းတစ်ယောက်၊ ပြစ်တင်
ကြောက်လော့။

(၈) ဆရာမိဘ၊ ဆုံးမစကား၊ မလိုက်ငြားလည်း၊ ပျက်ပြား
ဆင်းရဲ၊ ဖြစ်မြဲကေန်။

(၉) လောကီ ဓမ္မတာ၊ လူတို့မှာတည့်၊ စဉ်လာတရား၊ ဖျက်မမှားလင့်။

(၁၀) လောဘအလို၊ လိုက်မပိုနှင့်၊ ဤကိုယ်ပျက်ပြား၊ ဘဝလားသော်၊ မယားမပါ၊ သားမပါဘူး။

## ☸ လုံးတော်ဆရာတော် ဆုံးမစာ

(၁) ကုသိုလ်ဥစ္စာ၊ ပညာသုံးခု၊ တစ်နေ့မှာ၊ တစ်ခုခုကို၊ ရအောင်ကြံ။

(၂) ကံကိုချည်းလည်း မယိုးနှင့်။

(၃) ဉာဏ်ကိုချည်းလည်း မကိုးနှင့်။

(၄) လိမ္မာတုကို ခိုး၊ ကိုယ်ကျိုးကို ရှိအောင်ကြံ။

(၅) လောဘ ခက်ထန်လျှင် စားသုံးရ၏။

(၆) ဒေါသခက်ထန်လျှင် ပစ္စုပ္ပန်သံသရာ နှစ်ဖြာရှုံး၍၊ စုန်းစုန်းနစ်တတ်၏။

(၇) အကြံပင်ကောင်းသော်လည်း နှောင်းလျှင် အကျိုးမရှိ။

(၈) များစွာသော ဆွေမျိုးတို့၏အကျိုးကို မြော်ထောက်၍ တစ်ယောက်ကို စွန့်ရာသည်။

(၉) တစ်ရွာလုံး အကျိုးကြောင့်လည်း အမျိုးကို စွန့်ရာသည်။

(၁၀) ပြည်သူတို့ အကျိုးငှာ ရွာကိုပင် စွန့်ရာသည်။

## ☸ ကျည်းကန်ရှင်ကြီး ဆုံးမစာ

(၁) ကံကြမ္မာမြှောက်စားမှ စီးပွားဖြစ်သည်။
(၂) အတတ်မျိုးစုံမှ ကံပေးသည်။
(၃) ပညာရှာ မာန်သာနှိမ့်ချထား။
(၄) သီလရှာ ကိုယ်သာလွန်ကြိုးစား။
(၅) သုတရှာ ပမာသူဖုန်းစား။
(၆) ဉာဏ်ရှိမှ ဟုတ်ရာမြင်သည်။
(၇) ကံရှိမှ ဥစ္စာတင်သည်။
(၈) တရားကျမ်းလာ တတ်ပါသော်လည်း အသာယာ ပြောဆိုတတ်မှ ပညာရှိလက္ခဏာရောက်မည်။
(၉) ပညာရှိသော်လည်း ဂတိလေးပါးသို့ မကပ်ဘဲ ဓမ္မသတ်နှင့် တည့်မတ်အောင် ဆုံးဖြတ်မှ လူနတ် သာဓုခေါ်မည်။
(၁၀) တည်ကြည်ဖြောင့်မတ်မှ မကောင်းမှုကင်းမည်။

## ☸ ပထမရွှေကျင်ဆရာတော်ဘုရားကြီး ဆုံးမစာ

(၁) ရေကန်၌ မှော်ကိုဖယ်၍ သောက်ရေခပ်ရသည်။
(၂) မသူတော်၌ အပြစ်ဖယ်၍ ဂုဏ်ကောင်းရှာရသည်။
(၃) တုံးတံတား လျှောက်စဉ် အရပ်တစ်ပါးမကြည့်နှင့်၊ ချောက်သို့ ကျလိမ့်မည်။
(၄) သံသရာတံတားလျှောက်စဉ် သူတစ်ပါး အပြစ်မကြည့်နှင့်၊ သံသရာချောက်သို့ ကျလိမ့်မည်။

(၅) ကျင့်ဝတ်မချွတ်လျှင် တပည့်ပင် ဆရာကို နိုင်သည်။
(၆) မြင်းနိုင်လို ဇက်ဆွဲ၊ လှေနိုင်လို တက်စွဲ၊ ဆရာနိုင်လို ကျင့်ဝတ်ရှိသေမြဲ။
(၇) ပန်းပဲဆရာ အထုမခံရသော သံတုံး လက်နက်မဖြစ်။
(၈) ကျောက်ဆစ်ဆရာ အဖြတ်မခံရသော ကျောက်တုံး အရုပ်မဖြစ်။
(၉) ဆရာကောင်း အဆုံးအမ မခံရသောတပည့် သူကောင်း မဖြစ်။
(၁၀) သစ်ပင်ကြီးသည် ခုတ်လှဲသူကို မလဲမချင်း အရိပ်ဖြင့် အေးစေ၏။
(၁၁) နံ့သာတုံးသည် မီးရှို့သူကို မကျွမ်းမချင်း အနံ့ဖြင့် မွှေးစေ၏။
(၁၂) သူတော်ကောင်းသည် ညှဉ်းဆဲသူကိုသော်လည်း မသေမချင်း အကျိုးဆောင်၏။
(၁၃) တုတ်ဓားကိုင်လျှင် ခွေးဟောင်သည်၊ အစာကြွေးလျှင် အမြီးနှံ့သည်၊ ထို့ကြောင့် တုတ်ဓား အားမကိုးကြနှင့်။
(၁၄) တရားဟောတတ်လျက် အကျင့်တန်လျှင် မျောက် အုန်းသီး ရသည်နှင့်တူ၏။
(၁၅) ဗဟုသုတရှိလျက် သီလမရှိလျှင် ရေမတည်သော ကန်နှင့် တူ၏။

(၁၆) ပညာရှိလျက် သီလမရှိလျှင် အသီးမချိုသော သစ်ပင်နှင့် တူ၏။

(၁၇) ကျမ်းဂန်တတ်လျက် သီလမရှိလျှင် အဆိပ်သီးပင်နှင့်တူ၏။

(၁၈) မသူတော်ကား လာဘ်ရဖို့ကြံသည်၊ သူတော်ကောင်းကား တရားရဖို့ ကြံသည်။

(၁၉) ပညာမှီ၍ မာန်တက်လျှင် ထိုပညာသည် ရှုံးဖွယ်တည်း။

(၂၀) စာတတ်လျက် မိမိကိုယ်ကို မဆုံးမလျှင် ထိုစာ ငရဲရိက္ခာတည်း။

(၂၁) သရက်ပင်ငယ် အသီးကြွယ်လျှင် ကျိုးပဲ့တတ်သည်၊ ကြိုးဆွဲ၍ ဝထောက်ရမည်။

(၂၂) ရဟန်းငယ်ငယ် ဂုဏ်ထူးကြွယ်လျှင် ကျိုးပဲ့တတ်သည်၊ သီလကြိုးဆွဲ၍ သမာဓိဝထောက်ရမည်။

## ☸ ဖိုးသူတော် ဦးနုဆုံးမစာ

(၁) သေရည်ကိုမသောက်နှင့်၊ ရေကြည်ကိုလည်း မနှောက်နှင့်၊ သေရည်ကိုသောက်ပါက အပါယ်ဘုံသို့ ကျတတ်သည်၊ ရေကြည်ကိုနှောက်က အနည်မှုန်တို့ ထတတ်သည်။

(၂) ထင်တိုင်းလည်းနှိပ်၍ မဆိုနှင့်၊ ဝင်တိုင်းလည်း သိပ်၍ မမျိုနှင့်၊
ထင်တိုင်းနှိပ်၍ဆိုက ရန်အသွယ်သွယ် ပွားတတ်သည်၊ ဝင်တိုင်းသိပ်၍ မျိုက အန္တရာယ်များတတ်သည်။

(၃) အဟုတ်အမှန်လည်းသိမှ၊ အလုပ်အကြံလည်းရှိမှ၊
အဟုတ်အမှန်သိမှ သံသရာဘေးပ၍ အနေကြွယ်ဝမည်၊ အလုပ်အကြံရှိမှ ဆန်ရှာရေးလှ၍ အခြေတည်ကြမည်။

## ☸ ဩောင်ပင်သာ ဦးပုညဆုံးမစာ

(၁) သူတစ်ပါးကို၊ ကဲ့ရဲ့လို၊ ကိုယ့်မှာရန်သူ ပေါတတ်သည်။

(၂) မော်မော်ကြွားကြွား၊ လူရမ်းကား၊ အများမချစ် မုန်းတတ်သည်။

(၃) တောင်းတတ်သောသူ၊ တောင်းမူမပေး၊ သည်နှစ်ရေး၊ မအေးစိတ်က၊ မုန်းတတ်သည်။

(၄) ဆိုခွင့်ပြုခွင့်၊ သင့်မသင့်၊ နှိုင်းချင့်အခါ လင့်ရမည်။

(၅) အကျယ်အကျယ်၊ မငြိမ်းဖွယ်၊ မာန်စွယ်ချိုး၍၊ ကျဉ်းတတ်စေ။

(၆) တံတားအို မှောင်ခိုမလျှောက်နှင့်၊ စကားဆို တောင်လို မမောက်နှင့်၊

တံတားအို မှောင်ခိုလျှောက်က ကျိုးတတ်သည်၊
စကားဆို တောင်လိုမောက်က ငြိုးတတ်သည်။

**☸ စာတော်ပြင်ဆရာကြီး ဦးပညာ သားရွှေဥဆုံးမစာ**

(၁) နူတ်လျှင်ချိုငြား၊ သျှိုတစ်ပါးဟု၊ စကားလူတွင်၊ ပြဲ့ပြဲ့ထင်၏။

(၂) တင့်တယ်ဆင်းဝါ၊ လှတုံပါလည်း၊ ပညာမဲ့မူ၊ လောကီလူဝယ်၊ နည်းတူပုံဆောင်၊ ရနံ့ရှောင်သား၊ အရောင်ရှိဆန်း၊ ပေါက်ပွင့်ပန်းနှင့်၊ သဖန်းသီးမှည့်၊ ဆိုနှိုင်းရှည်လော့၊ ကိုယ်၏ရုပ်ဝါ၊ မလှပါလည်း၊ လိမ္မာသိကြား၊ ရှိတုံငြားက၊ ချယားပွင့်သေး၊ ကြိုင်ကြိုင်မွှေးနှင့်၊ နက်လေးရသာ၊ ဂုဏ်ဩဇာကြောင့်၊ စားငှာမငြီး၊ ပိန္နဲသီးသို့၊ မြှောက်ချီးအားရ၊ နှစ်လိုကြ၏။

(၃) ဆွေမြတ်မျိုးကြီး၊ သမီးဖြစ်လျက်၊ ယောက်ယက်ယက်လျှင်၊ ကြောက်ရက်သရေ၊ မစောင့်ချေမူ၊ အလေအဖျင်း၊ ရိုင်းစုသွင်း၍၊ စာရင်းဦးချ၊ ကဲ့ရဲ့ကြလိမ့်။

(၄) သားရွှေဥ၊ မျက်ရှုကြေးမုံ၊ သက်လုံးပုံကို၊ တူစုံမိဘ၊ ဝိသေသဖြင့်၊ ဆုံးမဆိုမည်၊ မောင်နားလည်လော့၊ ချစ်ကြည်သောအား၊ ရင်ခွင်ထား၍၊ ကစားလိုရာ၊ ပျော်ပါးစွာလျှင်၊ အိမ်မှာသို့ပင်၊ နေစေချင်လည်း၊

မယ့်ရွှေရင်နှစ်၊ ယောကျ်ားဖြစ်လျက်၊ စင်စစ်စွဲမှတ်၊
အတတ်ပညာ၊ မရှိပါက၊ ရုပ်မှာမတော်၊ ဂုဏ်ညှိုး
လျော်သား၊ လေ့လော်ဝန်ထမ်း၊ အမှုကြမ်းကို၊ ကြိုးပမ်း
ဆောင်ရွက်၊ အသက်မွေးတတ်၊ ရှိတို့တတ်၏၊ စွဲမှတ်
ပညာ၊ ဝိဇ္ဇာ သိပ္ပ၊ တတ်စွမ်းကမူ၊ ခနဉစ္စာ၊ ရတနာကို၊
ရှာလည်းရလွယ်၊ ပြည့်စုံကြွယ်၏၊ တင့်တယ်
လျောက်ပတ်၊ သက်မွေးမြတ်၏၊ မှတ်လော့စေ့စေ့၊
သို့ဖြစ်၍လျှင်၊ လောက်လွေ့ပညာ၊ တတ် လိမ္မာအောင်၊
ဆရာကောင်းထံ၊ နည်းနာခံ၍၊ သင်အံလေ့လာ၊
ကြိုးစားရာသည်၊ ရတနာမျက်ရှု သားရွှေဥ။

⌘⌘⌘⌘⌘